AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

{ယန်ယဲ့၏မူလနောက်ခံ}

Book.43(765-780) ဆန်းကြယ်တိုက်ကြီးကို

ပေါင်းစည်းခြင်း

၇၆၅

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၆၅ - ကောင်းကင်အဆင့်

နတ်မီးတောက် (ယင် မီးတောက်)

"ခွေးကောင်! မင်းငါ့ကိုသတ်လို့မရဘူး။

မင်းငါ့ကိုမသတ်နိုင်ဘူး!"

အနက်ရောင်ဝတ်လူ၏ ဒေါသတကြီး

အော်သံက အဆက်မပြတ်ပဲ့တင်ထပ်ကာ

အတော်လေး ထိတ်လန့်နေပုံရသည်။

"ယန်ယဲ့ က သိုင်းကျောဇ်ကို
ခွေးတစ်ကောင်လို လိုက်ရိုက်နေတာလား?"
ဤအချိန်မှာ လူတိုင်းက စိတ်ထဲတွင်
ဤမေးခွန်းသာ ရှိနေကြသည်။

သိပ်မကြာခင်မှာပဲ အဝေးကနေ
ညည်းညူသံများ မကြားရတော့ဘဲ
ယန်ယဲ့ကသာ လူတိုင်း၏အမြင်အာရုံထဲ
တစ်ဖန်ပြန်ပေါ်လာသည်။

"သူဘယ်မှာလဲ?" ချီဘူဖန်း က တိုးညှင်းသော
အသံဖြင့် မေးလိုက်၏။

ယန်ယဲ့ က ချီဘူဖန်း ကို သာမန်ကာလျှံသာ ကြည့်ရင်း "သူသေသွားပြီ။ ငါ သူ့ကို အပိုင်းပိုင်းဖြတ်လိုက်တယ်။ ပြန်ကောင်းလာဖို့ဆိုရင်တော့ နှစ်အနည်းငယ်လောက် အချိန်ယူရလိမ့်မယ်။"

ချီဘူဖန်း နှင့် အနီးနားရှိ အခြားလူများလည်းစကားမပြောနိုင်လောက် အောင် အံ့အားသင့်သွားကြလေသည်။

"မင်းက တကယ်ကို ဆန်းကြယ်တယ်!" ချီဘူဖန်း၏အသံကလေးနက်နေပြီး ကြောက်ရွံ့မှုအရိပ်အယောင်များသယ်ဆောင်လာသည်။

"မင်းက ငါနဲ့အတူ မြင့်မြတ်နယ်မြေ ကို ခဏလောက်သွားပြီး အပျော်သတ်ချင်လား?" ယန်ယွဲ့ က ရုတ်တရက် ပြောလိုက်၏။

သူက နယ်ခြားမိစ္ဆာများ နတ်ဆိုးအကျဉ်းထောင်ကနေ လုံး၀ လွတ်မြောက်လာတော့မည်ကို ရှင်းရှင်းလင်းလင်း သိထားသည်။

ထို့ကြောင့် သူ့အနေဖြင့် တုံ့ဆိုင်းမနေဘဲ
မြင့်မြတ်နယ်မြေ ကို အမြန်ဆုံး
သွားရောက်ရပါမည်။

အကယ်၍ အရင်ကဆိုလျှင်
သိုင်းဂေဟာဇ်အဆင့်သို့ မရောက်ဘဲ
မြင့်မြတ်နယ်မြေသို့ သွားပါက
သေလမ်းရှာခြင်းသာဖြစ်သည်။

ယခုအချိန်တွင် သူ့လက်ထဲမှာ
ဖိနှိပ်ရေးကျောက်တုံး ရှိနေသဖြင့်
သူတော်စင်တစ်ပိုင်းအဆင့် ကိုပင်လျှင်
ခုခံနိုင်ပါသည်။

အနည်းဆုံးတော့ သူက
သူတော်စင်တစ်ပိုင်းအဆင့် ၏ရှေ့ကနေ
လွတ်အောင် ထွက်ပြေးနိုင်ပေသည်။

ထို့အပြင် ချီဘူဖန်း ၏ခွန်အားကလည်း
သူကိုယ်တိုင်မျက်မြင်တွေ့ခဲ့သည်မဟုတ်ပါ
လား။

ထို့ကြောင့် သူနှင့် ချီဘူဖန်း သာပူးပေါင်းပါက
မြင့်မြတ်နယ်မြေ ကို ကောင်းကောင်းကြီး
ဒုက္ခပေးနိုင်မည်ဟု ယုံကြည်နေသည်။

"မင်း မြင့်မြတ်နယ်မြေ ကို သွားဖို့ ရည်ရွယ်ထားတာလား?" ချီဘူဖန်း က အံ့အားသင့်နေသောလေသံဖြင့် ပြောလိုက်သည်။ "ငါဘာလို့ ဒီကိုလာခဲ့တာလဲ သိလား? ဘာလို့လဲဆိုတော့ ငါ အဲဒီမှာဆက်နေရင် သေမှာမို့လို့ပဲ။ တခြားရွေးချယ်စရာမရှိခဲ့ဘူး။ မင်းမှာ ဖိနှိပ်ရေးကျောက်တုံး ရှိနေတယ်ဆိုရင်တောင် သိုင်းကျောရာဇ်တွေ နဲ့ သူတော်စင်တစ်ပိုင်းအဆင့် အများကြီးကို ယှဉ်နိုင်မယ်လို့ မင်းထင်လား?"

ယန်ယဲ့ က ရုတ်တရက် ပြောလိုက်သည်။
"မြင့်မြတ်နယ်မြေ က မင်းကို
လွှတ်ထားမယ်လို့ကော မင်းထင်နေတာလား?"

ချီဘူဖန်း က သူ့ခေါင်းကို ခါယမ်းလိုက်ပြီး
"နယ်ခြားမိစ္ဆာတစ်ယောက်ကို ဘယ်တော့မှ
ကြီးထွားခွင့်မပေးပါဘူး။
ဘာကြောင့်လဲဆိုတော့ ငါတို့ရဲ့ခွန်အားကို
ပြန်ရရင် သူတို့က မှန်းဆလို့တောင်မရနိုင်တဲ့
တန်ကြေးတစ်ခုပေးဆပ်ရမှာလေ!"

ယန်ယဲ့ က ခေါင်းညိတ်လိုက်၏။ “မှန်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့က မင်းကို လွှတ်မှာမဟုတ်ဘူး။ တစ်နည်းပြောရရင် မြင့်မြတ်နယ်မြေ က မင်းကို သတ်ဖို့ ပညာရှင်တွေ ထပ်ပြီး စေလွှတ်ဦးမှာပဲ။

အခုမလှုပ်ရှားဘူးဆိုရင်တောင် အနာဂတ်မှာ သေချာပေါက် လှုပ်ရှားလိမ့်မယ်။

ဘယ်တော့မှ မသင့်မြတ်နိုင်တဲ့ ရန်ငြိုး၊ရန်စတွေရှိနေကြတာကိုး! ဒီလိုဆိုရင် ငါတို့က အပြုသဘောဆောင်တဲ့ စိတ်ခံစားချက်တွေကို ဘာလို့များ

သိမ်းထားမှာလဲ? အဲဒီအစား သူတို့မလာခင် ငါတို့က အရင်ဆုံးစသင့်တယ် မထင်ဘူးလား?"

ချီဘူဖန်း က “မင်း မြင့်မြတ်နယ်မြေကို တစ်ခါမှ မရောက်ဖူးတဲ့အတွက် သူတို့ ဘယ်လောက်ထိ ကြောက်စရာကောင်းတယ်ဆိုတာ မင်းမသိပါဘူး။ အဲဒီနေ့က သူတို့ကို အလုပ်ရှုပ်အောင် မလုပ်ခဲ့ဘူးဆိုရင် ငါ လွတ်မြောက်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ မင်းသိပါတယ်၊ ငါ မြင့်မြတ်နယ်မြေ က ထွက်ပြေးလာတဲ့အချိန်မှာ အနည်းဆုံး သူတော်စင်တစ်ပိုင်းအဆင့် ဒါဇင်ကျော်ရဲ့

စိတ်အာရုံအသိတွေက ငါ့ကို လိုက်ရှာနေတာ မင်းသိလား။ ငါ့မှာ အထူးနည်းလမ်းတွေရှိလို့သာ ထွက်ပြေးလာနိုင်တာ။ နောက်မှဆို လွတ်မယ် မထင်ဘူး!”

သူတော်စင်တစ်ပိုင်းအဆင့် ဒါဇင်ကျော်....? ယန်ယဲ့ ၏အမူအရာက လေးနက်လာသည်။ သူက ရုတ်တရက် အေးစက်စွာ ရယ်မောပြီး “ဒါဆို ဘာလဲ? ငါတို့က စစ်ပွဲစဖို့ သူတို့ဆီသွားတာမဟုတ်ဘူးလေ!"

"ညစ်ပတ်တဲ့ လှည့်ကွက်တွေနဲ့ ကစားဖို့ ရည်ရွယ်ထားတာလား?" ချီဘူဖန်း က တစ်စုံတစ်ခုကို သဘောပေါက်သွားပြီး မေးလိုက်သည်။

ယန်ယွဲ့ က “ဒါက ကိစ္စမရှိပါဘူးလေ။ အရေးကြီးတာက ငါတို့ မြင့်မြတ်နယ်မြေ ရဲ့အဖွဲ့ဝင်တွေကို သတ်နိုင်တာပဲမဟုတ်လား?”

ချီဘူဖန်း က ခဏတာ နှုတ်ဆိတ်နေပြီး၊ ထို့နောက် "မင်း အဲဒီကို သွားဖို့ တကယ် ရည်ရွယ်ထားတာလား?"

"ငါ့ပုံကိုကြည့်ဦး။ နောက်နေတဲ့ပုံ ပေါက်လို့လား?" ယန်ယဲ့ က ပုခုံးတွန့်ပြလိုက်သည်။

"ကောင်းပြီ ဒါဆို ငါ့ကို ထည့်တွက်လိုက်။ ဒါနဲ့ဘယ်အချိန် စထွက်မှာလဲ?"

ယန်ယဲ့ က ခဏလောက် လေးလေးနက်နက် တွေးတောပြီးမှ ပြန်ပြောလိုက်၏။
“အခုကစရင် နောက်တစ်လ!”

"ကောင်းပြီ အချိန်ကျရင် လာခဲ့မယ်!" ချီဘူဖန်း က ပြောပြီးတာနဲ့ ထွက်သွားရန် ပြင်လိုက်သည်။ သို့သော် သူက ရုတ်တရက် “မင်းဒီလိုလုပ်နေတာက နယ်ခြားမိစ္ဆာတွေနဲ့ ပူးပေါင်းနေတယ်ဆိုတာ မင်းသိလား?”

"ငါ မပူးပေါင်းရင်ကော ငါ့ကို သွားခွင့်ပြုမှာလား?" ယန်ယဲ့ က မထူးခြားဟန်ဖြင့် ပြောလိုက်ပါသည်။

ချီဘူဖန်း က အနည်းငယ် အံ့အားသင့်သွားပြီးနောက် ပြုံးကာ

“စိတ်ဝင်စားဖို့ကောင်းတယ် တကယ်ကို စိတ်ဝင်စားဖို့ကောင်းတယ်။ မင်းက ငါ ဒီကမ္ဘာကိုရောက်ပြီးကတည်းက သဘောကျတယ်လို့ခံစားရတဲ့ ပထမဆုံးလူပဲ။ ဟားဟား!"

သူ့ရယ်မောသံများသာ ပဲ့တင်ထပ်လာပြီး လူကတော့ နေရာမှာပင်ပျောက်ကွယ်သွားပါသည်။

"ငါ့ကို စောင့်နေပါ။"ချီဘူဖန်း ထွက်သွားသည်နှင့် ယန်ယဲ့ က

တစ်ဖက်ကိုလှည့်၍ တင်းရှောက်ယောင် ကို
ပြောလိုက်သည်။

တင်းရှောက်ယောင်က စကားပြန်မပြောဘဲ
ခေါင်းညိတ်၍သာ  တုံ့ပြန်သည်။

ယန်ယွဲ့ သည် တင်းရှောက်ယောင်
၏ယာယီအိမ်တော်ကို တစ်ချက်ကြည့်ကာ
သူ့မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်ထားပြီး
မူလစေတီထဲသို့ ဝင်ရောက်လိုက်သည်။

စေတီထဲ သို့ ရောက်လာပြီးနောက်...,

"ဒီနေရာက ဘယ်လိုနေရာမျိုးလဲ? ဘာကြီးလဲ? မင်း ....” ယန်ယွဲ့ ဝင်လာသည့်အချိန်မှာ အလွန်ထိတ်လန့်တုန်လှုပ်ချောက်ချားနေသည့် အော်သံတစ်ခုက သူ့နားထဲ ပဲ့တင်ထပ်လာသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? ဒီနေရာမှာ ဘယ်လိုရှိနိုင်မှာလဲ? ဘယ်လို......?" အနက်ရောင်ဝတ်ထားသော အမျိုးသားသည် ရှူးသွပ်သွားဟန်တူပြီး အဆက်မပြတ်ရေရွတ်နေ၏။

ရုတ်တရက် သူ့မျက်နှာပေါ်တွင် ထူးထူးခြားခြား စိတ်လှုပ်ရှားပျော်ရွှင်မှု အရိပ်အယောင်တစ်ခု ပေါ်လာသည်၊ "နတ်ယင်မီးတောက်! ကောင်းကင်နတ်မီးတောက်လေးခုထဲက တစ်ခုက ဘယ်အရာမဆို လောင်ကျွမ်းနိုင်စွမ်းရှိတယ်လို့ ကြားထားတယ်။ အဲဒါက ငါ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ အမှတ်အသားကို ဖျက်ဆီးပစ်နိုင်မှာ သေချာတယ်။ နှစ်ပေါင်း ၁၅၀,၀၀၀! နှစ်ပေါင်း ၁၅၀,၀၀၀ တောင်ကြာခဲ့ပြီ။ ဒီလိုထူးဆန်းတဲ့ စေတီတစ်ဆူကို ရှာတွေ့တာက ငါတို့တွေ

မရေမတွက်နိုင်တဲ့ ကမ္ဘာတွေကိုဖြတ်ကျော်ပြီး
နေ့ရောညပါ နာကျင်မှုတွေကို တောင့်ခံနိုင်ခဲ့လို့!
အခု နောက်ဆုံးတော့ လွတ်လွတ်လပ်လပ်
နေနိုင်ပြီ။ ဟားဟား!"

အနက်ရောင်ဝတ်လူက
အော်ဟစ်ရယ်မောနေရင်း
အငှဂံအင်းကွက်ဆီးမီးဖို ထဲသို့ ရုတ်တရက်
ခုန်ဆင်းသွားသည်။

အုန်း!

ယန်ယဲ့ က အနက်ရောင်ဝတ်လူ၏ခန္ဓာကိုယ်တစ်ခုလုံးအက်ကွဲသွားသည့်တိုင် မည်သို့မျှ မဖြစ်ခဲ့သည်ကို သတိထားမိလိုက်သည်။

သူ့မျက်လုံးထဲတွင်လည်း အံ့အားသင့်တုန်လှုပ်မှုအနည်းငယ်ပင် ပေါ်လာပါသည်။

နတ်မီးတောက်များက အနက်ရောင်ဝတ်လူကို လောင်ကျွမ်းနေရင်း မီးတောက်ထဲတွင် အနက်ရောင်ပိုးကောင်တစ်ကောင်

ပေါ်လာသောကြောင့် ယန်ယဲ့ ၏မျက်လုံးများက ရုတ်တရက် ကျဉ်းမြောင်းသွားလေသည်။

အနက်ရောင်ပိုးကောင်က လက်မအရွယ်မျှသာရှိသော်လည်း ယန်ယဲ့ ဟာ ၎င်းထံကနေ အန္တရာယ်အငွေ့အသက်ကို ချက်ချင်း ခံစားမိလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ကနေ အဆင့် ၁၂ ဓားစိတ်ဆန္ဒ ထွက်ပေါ်လာပြီး သူ့ရှေ့မှာ ဓားစွမ်းအင်အတားအဆီးတစ်ခုကို ဖန်တီးခဲ့သည်။

အနက်ရောင်ပိုးကောင်က မီးတောက်ထဲကနေ ထွက်လာပြီးနောက် ယန်ယဲ့ ၏ခန္ဓာကိုယ်တစ်ခုလုံး အေးခဲသွားသလို ခံစားလိုက်ရသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် သူက အနက်ရောင်ပိုးကောင်ဆီကနေ ကြောက်မက်ဖွယ်အန္တရာယ်ကိုခံစားမိလိုက်ခြင်းပင်။

သူ၏ ပင်ကိုယ်အသိစိတ်က ၎င်းနှင့် ထိတွေ့မိလျှင် သေချာပေါက် သေဆုံးမည်ဟုပြောပြနေသည်။

သို့သော် ယန်ယဲ့ က ၎င်းကို ဆက်ကြည့်မနေတော့ဘဲ မှော်ဆေးပညာခန်းမ ထဲကနေ ပြန်ထွက်လာလိုက်ပါသည်။ သူ အခန်းအပြင်သို့ ရောက်သည့်အခါ အန်နန်ကျင်း ထွက်လာသည်ကို သတိပြုမိပြီး မျက်မှောင်ကြုတ်သွား၏။

"ဒီကနေ ကျယ်လောင်တဲ့ ဆူညံသံကြားတော့ ငါကြည့်ဖို့ လာခဲ့တာ!" အန်နန်ကျင်း က ယန်ယဲ့ မျက်မှောင်ကြုတ်နေတာကို မြင်တော့ ရှင်းပြလိုက်သည်။

ယန်ယဲ့ က "မင်းဆီမှာ ငါ့လျှို့ဝှက်ချက်တွေကို မထိန်းထားတော့ဘူးဆိုတော့ မင်းဘာမှရှင်းပြနေစရာမလိုဘူး"

နန်ကျင်းက စကားမပြောသေးဘဲ သူ့ကိုသာတိတ်တဆိတ် စိုက်ကြည့်နေပါသည်။

၇၆၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၆၆ - မြင့်မြတ်သောဟန်အင်ပါယာနှင့် ထိပ်တိုက်ရင်ဆိုင်

"မင်းရဲ့အတွင်းဒဏ်ရာတွေ အကုန်ပျောက်သွားပြီလား...နန်ကျင်း?" ယန်ယဲ့ က သူမကို ညင်သာစွာမေးလိုက်သည်။

အန်နန်ကျင်း က “ငါ့ခန္ဓာကိုယ်က လုံးလုံး ပြန်ကောင်းလာလုနီးပါး ဖြစ်နေပါပြီ။ ဒါပေမဲ့ ဒဏ်ရာနည်းနည်းတော့ ကျန်သေးတာပေါ့။ ဒါကြောင့် အခုထိ ကုသနေရတုန်း!"

"မင်း အဲဒါကို ကိုင်တွယ်နိုင်မှာလား။" ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်။

သူမ သူ့ကို ခေါင်းညိတ်ပြလိုက်သည်။ “အဆင်ပြေပါတယ်။ ငါ ဒါကို ပြီးစီးအောင် အချိန်တစ်ခုပဲလိုတယ်”

ယန်ယဲ့ က သူမကို စိုက်ကြည့်ရင်းကနေ ပြောလိုက်၏။ "ဒီမှာပဲနေဦး။ မင်း အခုပဲ ပြန်သက်သာလာ။ မင်းအတွက် မင်းရဲ့ ကလန်ကို စီမံခန့်ခွဲဖို့ တစ်စုံတစ်ယောက်ကို

ငါခိုင်းထားလိုက်မယ်။ မင်းအဲဒါကို
စိတ်ပူနေစရာ မလိုဘူး။"

အနန်ကျင်းက ခဏတာ ငြိမ်သက်သွားပြီး
ယန်ယဲ့ ကို စိုက်ကြည့်ကာ ရုတ်တရက်
ပြောလေသည်။ “နင့်ကို ငါမေးစရာရှိတယ်။
အဖြေမရမချင်း ငါ့စိတ်တွေမငြိမ်နိုင်ဘူး!"

ယန်ယဲ့ က အန်နန်ကျင်း သူ့ကို
ဆက်လက်ကြည့်နေသော်လည်း သူမ
တိတ်ဆိတ်နေသဖြင့်ဘာမှမပြောသေးဘဲ သူပါ
တိတ်ဆိတ်နေလိုက်၏။

ယန်ယဲ့ က "မင်းလည်း နားမလည်ဘူးလား?"

အန်နန်ကျင်း ၏မျက်လုံးများက
အနည်းငယ်မှိတ်တုတ်မှိတ်တုတ်လက်သွားပြီး
နောက် ခေါင်းညိတ်ပြကာ
လှည့်ထွက်သွားသည်။ အဖြေကို သူလည်း
မသိသောကြောင့် သူမ မေးစရာမလိုတော့ပေ။

ယန်ယဲ့ က အန်နန်ကျင်း သူ့အနားက
ထွက်သွားသည်ကို ခဏတာ ငြိမ်သက်စွာ

ငြိမ်သက်စွာ ကြည့်နေပြီးနောက် တဖန်
မော့်ဆေးပညာခန်းမ ထဲ ပြန်ဝင်လိုက်သည်။

ခန်းမထဲ ရောက်သည်နှင့် သူ့အကြည့်က
အဌဂံအင်းကွက်ဆေးမီးဖို ပေါ်
ကျဆင်းသွား၏။

ထိုအထဲရှိ မီးတောက်များက
သူ၏ငရဲတစ္ဆေမီးတောက်
ထက်ပို၍ကြောက်စရာကောင်းသည်မှာ
သိသာလှသည်။

အကယ်၍ ထိုမီးတောက်များကို ထိန်းချုပ်နိုင်ပါက သူ့အတွက် ကြောက်စရာကောင်းသော အစွမ်းထက်လက်နက် ဖြစ်လာမည်မှာ သေချာပါသည်။

ထိုအတွေးမျိုးပေါ်လာသောအခါ ရုတ်တရက် ခေါင်းကို ခါလိုက်ရင်း မူလစေတီ ထဲကနေ ထွက်လာလိုက်သည်။

မီးတောက်၏ မူလဇစ်မြစ်ကို အတိအကျ မသိသော်လည်း သူ့လက်ရှိခွန်အားက ၎င်းကို

ထိန်းချုပ်နိုင်စွမ်း မရှိကြောင်း
သိသာနေပေသည်။

ယန်ယဲ့ သည် မူလစေတီထဲကနေ
ထွက်လာပြီးနောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်ကာ "ဝင်လာခဲ့!"

ခဏအကြာတွင် တင်းရှောက်ယောင် က
အခန်းထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။

"အခုအခြေအနေက ဘယ်လိုလဲ?" ယန်ယဲ့ က
ချက်ချင်း တန်းမေးလိုက်သည်။

တင်းရှောက်ယောင် က
မြင့်မြတ်သောဟန်အင်ပါယာ ၏မြို့တော်သို့
တိုက်ရိုက်ချီတက်လာပြီးနောက်ရုတ်တရက်
ရပ်တန့်သွားသဖြင့် သူလည်း အတော်လေး
ပဟေဠိဖြစ်နေခဲ့သည်။

သို့သော် သူမက အကြောင်းပြချက်ရှိနေသဖြင့်
စစ်တပ်ကို ဆက်၍ ချီတက်ရန်
အမိန့်မပေးခဲ့ကြောင်း
ကောင်းစွာသတိပြုမိထားသည်။

ထို့အပြင် သူ့စိတ်ထဲ ထိုအရာကို အတော်လေး သိချင်နေမိ၏။

တင်းရှောက်ယောင် က ခဏကြာ လေးလေးနက်နက် စဉ်းစားပြီး ပြောလာပါသည်။ "
မြင့်မြတ်သောဟန်အင်ပါယာ အခု မြေပြင်ပေါ်မှာ ထုတ်ပြထားတဲ့ခွန်အားက ငါတို့ထက် အများကြီးနိမ့်ကျနေတယ်။
ဒါကြောင့် ငါတို့ စစ်တပ် က လမ်းတစ်လျှောက်လုံး ဘာအခက်အခဲမှ မရှိဘဲ ဟန်မြို့တော်ထိ ချီတက်လာနိုင်ခဲ့တာ။

ပြီးတော့ လူတိုင်းက ဒီရှေးဟောင်း ဟန်မြို့တော်ကို ချက်ချင်းသိမ်းယူပြီး ဗဟိုနယ်မြေကို ပေါင်းစည်းဖို့ အခွင့်အရေးကို ဆုပ်ကိုင်သင့်တယ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ ငါတို့ အဲဒါကိုလုပ်ရင် ကြီးမားတဲ့တန်ကြေးတစ်ခုပေးဆပ်ရမှာ သေချာတယ်။”

"ဘာကြောင့်လဲ?" ယန်ယွဲ့ က သိချင်သွားပြီး မေးလိုက်သည်။

တင်းရှောက်ယောင် က

“မြင့်မြတ်သောဟန်အင်ပါယာ ရဲ့သမိုင်းပ

နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကတည်းက

တည်ရှိခဲ့တာလေ။ သူတို့မှာ ကိုယ်ပိုင်

အရင်းအမြစ်တွေ ရှိတယ်။ ပန်းနန်းတော် နဲ့

ဆေဘာ ဓားဂိုဏ်း လိုမျိုးပေါ့။ အတိတ်တုန်းက

သူတို့မှာ သူတော်စင်တွေတောင်ရှိခဲ့ဖူးတယ်။

တကယ်လို့ ငါတို့က ဟန်မြို့တော်ကို တိုက်ရိုက်

တိုက်ခိုက်မယ်ဆိုရင် ပန်နန်းတော်

ရဲ့တည်ထောင်သူဘိုးဘေး လိုမျိုး

တစ်စုံတစ်ယောက်ပေါ်လာရင်

ငါတို့ဘာဆက်လုပ်မလဲ?

"မင်းစုံစမ်းပြီးပြီလား?" ယန်ယဲ့ က မေးသည်။

တင်းရှောက်ယောင် က ခေါင်းခါလိုက်ပြီး
“အဲဒါကို ငါမစုံစမ်းတာ မဟုတ်ဘူး၊ ဒါပေမဲ့
ငါက အချက်အလက်တွေကို လုံး၀
ရှာမတွေ့ဘူး။ ဘာကြောင့်လဲ ဆိုတော့ သူတို့ရဲ့
သတင်းအချက်အလက်ကွန်ယက်မှာ
အကာအကွယ်နည်းစနစ်တွေရှိတယ်။
ပြောရရင် အဲဒါတွေက ငါတို့ တောင်ပိုင်း
နယ်မြေထက် အများကြီး
ပိုအားကောင်းပါတယ်။

ငါ ဘာအချက်အလက်မှ မရနိုင်ခဲ့ပေမယ့်
သူတို့မှာ ဝှက်ဖဲ ဒါမှမဟုတ်
အကူအညီတချို့ပိုင်ဆိုင်ထားတယ်ဆိုတာတော့
သေချာပေါက် အာမခံနိုင်တယ်။

မဟုတ်ရင် ငါတို့တပ်တွေ မြို့တော်ကို
မရောက်ခင်ကတည်းက သူတို့ ကမောက်ကမ
ဖြစ်သွားမှာ သေချာတယ်!"

“သေလုမြောပါးအင်ပါယာကိုတောင်
သူ့ရဲ့လက်ကျန်အင်အားနဲ့
ဩဇာလွှမ်းမိုးမှုတွေကို

လျှော့တွက်လို့မရပါဘူး။” ယန်ယဲ့ က
လေးလံသော အသံဖြင့် ပြောလိုက်သည်။

တင်းရှောက်ယောင် ၏မှန်းဆချက်
သေချာပေါက် မှန်နေကြောင်း သိနေပေသည်။

မြင့်မြတ်သောဟန်အင်ပါယာ က
နှစ်ပေါင်းများစွာ ကြာကတည်းက
တည်ရှိခဲ့သည့်
ရှေးဟောင်းအင်ပါယာကြီးတစ်ခု ဖြစ်သည်။

၎င်း၏ သူတော်စင်တစ်ပိုင်းအဆင့် နှင့် အဆင့်
၉ သိုင်းကျောရာဇ်များ ဆုံးရှုံးသွားသည့်တိုင်

အခြားသော ဝှက်ဖဲများမရှိနိုင်ဟု သူ့စိတ်ထဲ မယုံကြည်ပေ။

တင်းရှောက်ယောင် က ခေါင်းညိတ်ပြီးဆက်ပြောသည် "ဒါ့အပြင် ငါတို့က ဟန်မြို့တော်ကို ဒီအတိုင်းဆက်တိုးပြီး တိုက်ခိုက်မယ်ဆိုရင် သေချာပေါက် ဆုံးရှုံးမှုကြီးကြီးမားမားခံစားရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ဟန်မြို့တော်ရဲ့ မြို့တံတိုင်းတွေကို ရှေးခေတ်က ခံစစ်အမြောက် ၁၀၀ ထက်မနည်း ထည့်ပြီး တည်ဆောက်ထားတယ်။ အဲဒါတွေက

သိုင်းကျောဇ်တွေကိုတောင်
အပြင်းအထန်ဒဏ်ရာစေနိုင်တယ်။ ဒီတော့
ငါတို့ ရှေ့တန်းထိုးစစ်ဆင်မယ် ဆိုရင်
အဲဒီအမြောက်တွေကို ဖျက်ဆီးနိုင်ဖို့ သူတို့ရဲ့
စွမ်းအင်ကျောက်တုံးတွေကို
ကုန်ဆုံးအောင်လုပ်မှရမယ်။ ဒါကလည်း
မရေမတွက်နိုင်တဲ့ အသက်တွေကို
စတေးရုံကလွဲရင် တခြားရွေးချယ်စရာ
မရှိတော့ဘူး!”

ယန်ယဲ့ က "မင်းက ရှေ့တန်းထိုးစစ်ဆင်ဖို့
အမိန့်မပေးခဲ့တာ အရမ်းမှန်တယ်။

စစ်မြေပြင်မှာ သေခြင်းတရားက
ရှောင်လို့မရပေမယ့် ငါ့လူတွေကို
တမင်သက်သက်မသေစေချင်ဘူး။ ဒီတော့
သေဆုံးနိုင်ချေများတဲ့ နည်းလမ်းကို
အတတ်နိုင်ဆုံးရှောင်နိုင်ရင်ပိုကောင်းတယ်။"

တင်းရှောက်ယောင် က ခေါင်းညိတ်ကာ
"အစတုန်းကတော့ နတ်မိစ္ဆာကောရာဇ်
ဒါမှမဟုတ် အကြီးအကဲမှူ က ငါတို့ကို
ဒီမှာလာကူပေးမယ်လို့ မျှော်လင့်ထားတာပဲ။
ဒါပေမဲ့ မြင့်မြတ်နယ်မြေ က သူတို့ရဲ့တပ်ဖွဲ့တွေ
စေလွှတ်ပြီး အကြီးအကဲမှူ နဲ့ နတ်မိစ္ဆာကောရာဇ်

ကို ဒဏ်ရာရသွားစေလိမ့်မယ်လို့

မထင်ထားဘူး။

ဒါကြောင့် ငါတို့ စစ်တပ်ကို ဒီမှာ

စခန်းချထားဖို့ကလွဲလို့ တခြားရွေးချယ်စရာ

မရှိတော့ဘူး။ အခု နင်

ဒီကိုရောက်လာပြီဆိုတော့

ဘာဆက်လုပ်မယ်လို့ရည်ရွယ်ထားလဲ?

အိုး ။ ဒါနဲ့ တစ်ခုရှိသေးတယ်။ ပြီးခဲ့တဲ့

ရက်တွေတုန်းက မြောက်ပိုင်းနယ်မြေကနေ

ငါတို့ဆီကို ထပ်ပြီး သတင်းပို့တယ်။ သူတို့က

ငါတို့နဲ့ မဟာမိတ်ဖွဲ့ ဖို့ ဆန္ဒရှိတယ်၊ ဒါပေမဲ့

အဲဒါက မဟာမိတ်သက်သက်ပဲ။
ငါတို့တပ်တွေနဲ့ မပူးပေါင်းဘူး။”

"မင်းအဖြေကဘာလဲ?" ယန်ယဲ့ က
မေးလိုက်၏။

“အလျှော့ပေးမလား သေမလား?” လို့ပဲ
ပြန်ပြောလိုက်တယ်။"

ယန်ယဲ့ က ပြုံးပြီးပြောလိုက်သည်။ "ငါလည်း
ဒါကိုပဲ တွေးနေတာ။ မဟာမိတ်ဖွဲ့တာနဲ့
ပူးပေါင်းတာက လုံး၀ ကွဲပြားတဲ့အရာနှစ်ခုလေ။

မဟာမိတ်ဖွဲ့တယ်ဆိုတာက

တောင်ပိုင်းနယ်မြေနဲ့ မြောက်ပိုင်းနယ်မြေ က

အတူတူပဲဆိုတာ ကိုယ်စားပြုတယ်။

မြောက်ပိုင်းနယ်မြေက တောင်ပိုင်းနယ်မြေ

ရဲ့အမိန့်ကို လစ်လျူရှုထားနိုင်တယ်။

နောက်တစ်ခုက တောင်ပိုင်းနယ်မြေ က

အမိန့်စကားတိုင်းကို လစ်လျူရှုပေးရမယ်ဆိုတဲ့

သဘောကို ဆိုလိုတာ။"

"တကယ်လို့ ငါတို့က

နယ်မြေသိမ်းတိုက်ပွဲမစခင်ဆိုရင်တော့

အခြေအနေက

တစ်မျိုးပြောင်းသွားနိုင်သေးတယ်။ အခု
ငါတို့က မြင့်မြတ်သောဟန်အင်ပါယာ
ရဲ့နယ်မြေတွေကို သိမ်းပြီးကာမှ
မြောက်ပိုင်းနယ်မြေက မဟာမိတ်ဖွဲ့ဖို့
အဆိုပြုနေတာလား? ဟားဟား ။
ရယ်စရာကောင်းလိုက်တာ! ဒါ
လုံးဝမဖြစ်နိုင်ဘူး!

"ငါ့အထင် မြောက်ပိုင်းနယ်မြေရဲ့အင်အားက
ငါတို့ထင်ထားတာထက်
ပိုအားကောင်းနိုင်တယ်။ မဟုတ်ရင် သူတို့က
မြင့်မြတ်သောဟန်အင်ပါယာရဲ့

ကျူူးကျော်စစ်ကို ခုခံနိုင်မှာ မဟုတ်ဘူး။"
တင်းရှောက်ယောင် က အသံတိုးတိုးဖြင့်
ပြောလိုက်သည်။

ယန်ယဲ့ က "ထားလိုက်ပါ။ အခုလောလောဆယ်
သူတို့ကို လစ်လျူရှုထားလိုက်။
မြင့်မြတ်သောဟန်အင်ပါယာ
ကိုပဲအဓိကထားကိုင်တွယ်ရအောင်!
အခုကစလို့ တစ်လအတွင်းမှာ
ဆန်းကြယ်တိုက်ကြီးကနေ ထွက်သွားမယ်။
ဒါကြောင့် ဒီကာလအတွင်းမှာ တိုက်ကြီးကို

စုစည်းပြီး တိုက်ကြီးတစ်ခုလုံးမှာ
ရန်သူမရှိအောင် လုပ်နိုင်ရင် အကောင်းဆုံးပဲ။”

ယန်ယဲ့ က မတ်တပ်ထရပ်ပြီး
စကားပြောနေစဉ် တံခါးဆီသို့
လျှောက်သွားလိုက်သည်။

ယန်ယဲ့ ထွက်ခွာသွားသည့် ပုံရိပ်ကို
စိုက်ကြည့်ရင်း တင်းရှောက်ယောင်
၏မျက်လုံးထဲ ထူးဆန်းသော
အလင်းရောင်တစ်ခု လင်းလက်လာသည်။

သူမ သူ့ကို အရင်ကထက်
ပို၍ယုံကြည်မှုရှိလာခဲ့သည်။ မည်သူပင်ဖြစ်စေ
ယုံကြည်မှုနှင့် ခွန်အားနှစ်ခုလုံး ပိုင်ဆိုင်ထားသူ
၏ဆွဲဆောင်မှုကို ရှောင်ထွက်ရန် မဖြစ်နိုင်ပါ။

...

ယန်ယဲ့ သည် တစ်ယောက်တည်းဖြင့်
မြင့်မြတ်သောဟန်အင်ပါယာ၏မြို့တော်ရှေ့တွ
င် ရပ်နေခဲ့သည်။

သူ့နောက်တွင် မည်သူမျှမရှိပေ။
တောင်ပိုင်းနယ်မြေ ၏ စစ်တပ်တစ်ခုလုံး
လေထုထဲတွင် ပျောက်ကွယ်သွားသလို ပင် ။

ဤအခိုက်တွင် ယန်ယဲ့ ၏ခန္ဓာကိုယ်က
ကောင်းကင်ထက်သို့ ဖြည်းညှင်းစွာ
တက်လာပြီး လက်ထဲမှာ ဓားစိတ်ဆန္ဒဓား ကို
ဆုပ်ကိုင်ထားရင်း မြင့်မြတ်သော
ဟန်အင်ပါယာ၏ မြို့တော်အထက်တွင်
ပေါ်လာသည်။

ထိုအချိန်တွင်

အဝါရောင်ဝတ်ရုံရှည်နှင့်အမျိုးသားတစ်ဦးက

မြို့ရိုးပေါ်တွင် ပေါ်လာသည်။

ထိုလူက

နဂါးများစီခြယ်ထားသောဝတ်ရုံရှည်နှင့်ခေါင်း

အထက်တွင် ရွှေသရဖူကို ဝတ်ဆင်ထားသည်။

၎င်း ၏အနားမှာတော့

မြင့်မြတ်သောဟန်အင်ပါယာ၏ပညာရှင်အများ

အပြား ရှိနေသည်။

ယန်ယဲ့ က သက်လတ်ပိုင်းအမျိုးသား ကို မြင်လိုက်သည်နှင့် ၎င်းက မြင့်မြတ်သောဟန်အင်ပါယာ၏အရှင်သခင်ဖြစ်သည့် ကေရာဇ်ဟန်ဖြစ်ကြောင်း သိလိုက်သည်။

"ယန်ယဲ့! မင်းက ဘယ်သူ့ကိုမှ သက်ညှာမပေးဘဲ မြင်မြင်သမျှကို ရက်ရက်စက်စက်သတ်နေတာ... သေရင် ငရဲကမ္ဘာကျမှာ မစိုးရိမ်ဘူးလား?" ကေရာဇ်ဟန် က အေးတိအေးစက်အသံဖြင့် မေးလာလေသည်။

ယန်ယဲ့ က လျှောင်ပြောင်ရယ်မောလိုက်ရင်း "ရက်စက်တာလား? ဒီအရာအားလုံးကို စတင်ခဲ့သူက ဘယ်သူလဲ? ဧကရာဇ်ဟန်! မင်းရဲ့ မြင့်မြတ်သောဟန်အင်ပါယာက ငါ့ကို သတ်ချင်နေတာပဲ မဟုတ်လား။ ဒါ့ပြင်၊ မင်းရဲ့ မြင့်မြတ်သောဟန်အင်ပါယာက ငါ့တောင်ပိုင်းနယ်မြေကို အမြဲတမ်း ဆန့်ကျင်တိုက်ခိုက်နေတာမဟုတ်လား။ ဘာလဲ? မင်းသာငါ့ကိုသတ်နိုင်ပေမယ့် မင်းတို့အားလုံးကိုငါမသတ်နိုင်ဘူးလို့ ဆိုချင်တာလား?"

"လော့ကျန်း သေပြီ၊ ငါ့အင်ပါယာကလည်း နယ်မြေအများစုကို ဆုံးရှုံးသွားပြီ။" ကေရာဇ်ဟန်က သုန်မှုန်နေသောအမူအရာဖြင့် ပြောလိုက်သည်။ “ဒါက မလုံလောက်သေးဘူးလား?”

"မလုံလောက်ဘူး!" ယန်ယဲ့၏အေးစက်စက်အသံက ဟန်မြို့တော်အနှံ့ ပဲ့တင်ထပ်ကာ မြို့တော်တစ်ခုလုံးပင်လျှင် လှုပ်ခါသွားလေသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၆၇ -

ရှန်မင်းဆက်၏ကောရာဇ်အကြံပေး

ယန်ယွဲ့ ၏အသံက မြို့တော်အနှံ့ ပဲ့တင်ထပ်ကာ "မင်းရဲ့အင်ပါယာတော်ဝင်မိသားစုကို ဒီနေ့ ဖျက်ဆီးပစ်ရမယ်။ ခုခံဝံ့တဲ့သူကို ဒီမြို့ကလူတွေ အကုန် သတ်မယ်။” စကားဆုံးသည်နှင့် တပြိုင်နက် ယန်ယွဲ့

ဧါလက်ထဲရှိ ဓားစိတ်ဆန္ဒဓား က ရှေ့သို့
ပေါက်ကွဲထွက်လာပြီး
ခရမ်းရောင်ဓားချီကြိုးတစ်ချောင်းက
မြို့တံခါးကို ခုတ်ပိုင်းချသွားသည်။

အုန်း!

မြို့တံခါးကြီးက ပြင်းထန်စွာ တုန်လှုပ်သွားကာ
ချက်ချင်းဆိုသလိုပင် မရေမတွက်နိုင်သော
အက်ကွဲကြောင်းများ ပေါ်လာခဲ့သည်။

ဤမြင်ကွင်းကြောင့် မြို့ရိုးပေါ် ရှိ
ပညာရှင်အားလုံး အလွန်အံ့ဩသွားကြသည်။

သူတို့က ယန်ယဲ့၏ခွန်အားကြောင့်
အံ့ဩသွားသည့်အပြင်
ရက်စက်ကြမ်းကြုတ်သော
အငွေ့အသက်များကို ခံစားမိပြီး
အကြီးအကျယ် ထိတ်လန့်သွားကြပါသည်။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့ က သူ့အား
ဆန့်ကျင်သူတိုင်းကို သတ်ပစ်မည်ဟု
ပြောခဲ့သည်။ အကယ်၍ သတ်ပစ်မည်ဆိုလျှင်
တစ်မြို့လုံးကိုပင်

ခွေးတစ်ကောင်၊ကြောင်တစ်မြီးပင်မကျန်နိုင်
သောကြောင့်ပါ။

ထို့အပြင် ယန်ယဲ့
ပြောလိုက်သည့်စကားနှင့်ပတ်သက်၍
မည်သူမျှ သံသယမဝင်ကြပေ။
လူတိုင်း ထိုယန်ယဲ့ က
အရှုးတစ်ယောက်ဖြစ်ကြောင်း
သိထားကြသည်။
ထိုအရှုးက ပြောသည့်အတိုင်း
အမှန်တကယ်လုပ်ဆောင်မည်ဖြစ်သည်။

ယန်ယဲ့ က မြင့်မြတ်သောဟန်အင်ပါယာ၏
အဖွဲ့ဝင်များကို သနားစိတ်အနည်းငယ်မျှပင်
မခံစားရပေ။

အမှန်တော့၊ သူက တစ်မြို့လုံးကို သတ်ပစ်ရန်
ရည်ရွယ်မထားပါ။ သူပြောခဲ့သလိုပင်၊
ခုခံဝံ့သူတိုင်းကိုတော့ သေချာပေါက်
သတ်ပစ်ပါမည်။

ရုတ်တရက် သူ့လက်ကို ဆန့်ထုတ်ကာ
ဓားစိတ်ဆန္ဒဓားတစ်ချောင်း ဖန်တီးရင်း
ရှေးဟောင်းဓားအိမ် ထဲ ထည့်လိုက်သည်။

ဤမြင်ကွင်းက မထူးခြားဘဲ ရိုးရှင်းသော်လည်း မြို့ရိုးပေါ် ရှိ ပညာရှင်များ ၏အမူအရာများက ချက်ချင်းပင် ပြောင်းလဲသွားကြတော့သည်။ ကေရာဇ်ဟန် ပင်လျှင် ဒေါသတကြီး အော်ဟစ်လိုက်ပြီး "ယန်ယွဲ့၊ မင်းက ငါ့ရဲ့ မြင့်မြတ်သောဟန်အင်ပါယာကို သေတဲ့အထိ တိုက်ခိုက်ဖို့ တကယ်ကြိုးစားနေတာလား။"

တွမ်!

သို့သော်လည်း၊ ဧကရာဇ်ဟန်ရလိုက်သော အဖြေမှာ မြို့တော်တံခါးကို ပိုင်းချလိုက်သည့် ခရမ်းရောင်ဓားအလင်းတန်းကြီးသာဖြစ်သည်။

ခရမ်းရောင်ဓားအလင်းတန်းကြီးက ရောမမြို့တံခါးကြီးကို ခုတ်ပိုင်းချလိုက်သည့်နောက် ထူထပ်သော အက်ကွဲကြောင်းများနှင့် ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

"ငါတို့ သေတဲ့အထိ တိုက်ခိုက်မလား?" ယန်ယွဲ့ ကအေးစက်စက်ရယ်မောလိုက်သည်

"မင်းရဲ့အင်ပါယာက အခုအချိန်မှာ အဲဒါအတွက်

ခွန်အားရှိတယ်လို့ မင်းထင်နေလား။

ကောင်းပြီ၊ ငါ့စကားကို ပြန်ပြင်ပေးမယ်။

ဒီနေ့ ငါယန်ယွဲ့ က

မြင့်မြတ်သောဟန်အင်ပါယာရဲ့

တော်ဝင်မိသားစုကိုပဲ ဖျက်ဆီးဖို့ လာခဲ့တာ။

တခြားဘယ်သူ့ကိုမှ မထိခိုက်စေရဘူး။ ဒါပေမဲ့

အားလုံး မြို့ထဲကနေ ထွက်ခွာတာကို

တားမြစ်ထားတယ်။

မဟုတ်ရင် ငါ မြို့တံခါးကို ချိုးဖျက်ပြီးတာနဲ့ မင်းတို့နဲ့ တော်ဝင်မိသားစုရဲ့ အစေခံတွေပါ လက်နက်ချဖို့ အချိန်နှောင်းသွားလိမ့်မယ်။”

"သတ်! သူ့ကိုသတ်!" ထိုအချိန်တွင် ကေရာဇ်ဟန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

ကေရာဇ်ဟန် အမိန့်ပေးပြီးနောက် ကြီးမားလှသော ရေခဲအပြာရောင် အမြောက်ကြီး ၁၀၀ ကျော်က မြို့ရိုးများပေါ်တွင် ရုတ်တရက် ပေါ်လာပြီး

စွမ်းအင် အလင်းတန်း ၁၀၀ ကျော်ကို
တပြိုင်နက်တည်း ပစ်လွှတ်လိုက်ကြသည်။

ယန်ယဲ့ ၏မျက်နှာက
အနည်းငယ်လေးနက်လာကာ
သူ့မျက်လုံးများက သိသိသာသာ
ကျဉ်းမြောင်းသွားပါတော့သည်။

ရေခဲပြာရောင် အမြောက်ကြီး ၁၀၀ ကနေ
ပစ်လွှတ်လိုက်သည့် စွမ်းအင်အလင်းတန်း ၁၀၀
က မည်မျှ ကြောက်စရာကောင်းသည်ကို
သတိပြုမိလိုက်သောကြောင့်ပင်။

တင်းရှောက်ယောင် ၏ပြောကြားချက်အတိုင်း၊
ဤရေခဲပြာရောင်အမြောက်များက
သိုင်းကောရာဇ်များကို သတ်ဖြတ်နိုင်သည်မှာ
အံ့သြစရာမဟုတ်ပေ။

"ငါ့ရဲ့လက်ရှိရုပ်ခန္ဓာခွန်အားနဲ့တောင်
ဒီတိုက်ခိုက်မှုကို ခုခံနိုင်မယ်မထင်ဘူး။"

ယန်ယဲ့၏မျက်ခုံးများက
တွဲချည်ထားသော်လည်း သိပ်မကြာခင်မှာပင်
ပြေလျော့သွားပြီး သူ့ရှေ့တွင်
ဒိုင်းတစ်ခုပေါ်လာသည်။

အနက်ဝတ် နယ်ခြားမိစ္ဆာ ထံကနေ
သိမ်းယူထားသည့် အားပြောင်းအားလွှဲဒိုင်း
ပင်ဖြစ်သည်။

ဤအခိုက်တွင် စွမ်းအင်တန်း ၁၀၀ ကျော်က
အားပြောင်းအားလွှဲဒိုင်း အပေါ်
ကျရောက်လာပြီး ပြင်းထန်သော အားလှိုင်းက
ယန်ယဲ့ ကို ၁ မီတာခွဲနီးပါး
နောက်ပြန်ဆုတ်သွားစေသည်။

သို့သော်လည်း မြို့ရိုးပေါ် ရှိ ပညာရှင်များ၏
မျက်နှာများက ချက်ချင်းပင်
ဖျော့တော့သွားသည်။

သိုင်းကျောဇ်များကို
အပြင်းအထန်ဒဏ်ရာရစေနိုင်သည့်
စွမ်းအင်တန်းများက ယန်ယဲ့
ရှေ့မှာပိတ်ဆို့ထားသည့် ဒိုင်းထဲသို့
စုပ်ယူခံလိုက်ရသည်ကို
သတိပြုမိသောကြောင့်ပင်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?" ကေရာ့ဇ် ဟန်၏ မျက်လုံးများတွင် မယုံကြည်နိုင်မှုများ ပြည့်နှက်လာသည်။

ထိုအမြောက်များမှ ပစ်လွှတ်လိုက်သည့် အလင်းတန်း ၂၀၀ ကျော်က အဆင့် ၉ သိုင်းကေရာ့ဇ် ကိုပင် အလွယ်တကူသတ်ဖြတ်နိုင်သည်။ ယခုအချိန်တွင် ယန်ယဲ့ က ၎င်းတို့ကို အသာလေးချေဖျက်ပြသွား၏။

"အခု ငါ့အလှည့်!" ယန်ယဲ့၏အသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် အားပြောင်းအားလွှဲဒိုင်း ကနေ မီတာ ၃၀ ကျော်ရှည်လျားသော အပြာရောင်အလင်းတန်းကြီးတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

အပြာရောင်အလင်းတန်းကြီး အလွန်တရာလျင်မြန်ပြီး မြို့တော် ဂိတ်တံခါးကြီးကို ချက်ချင်း ရိုက်ချိုးပစ်လိုက်သည်။

ဂျုန်း!

မြို့တံခါးကြီးတစ်ခုလုံး
ချက်ချင်းကွဲအက်သွားကာ
အပြာရောင်အလင်းတန်းကြီးက မြို့ထဲသို့
ဆက်ဝင်သွားခဲ့သည်။ ထို့နောက်
ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာ၏။

ယန်ယွဲ့ က ဟက်ဟက်ပက်ပက်
ရယ်မောလိုက်သည်။

သို့သော် သူ မြို့ထဲကို ဝင်ခါနီးမှာပဲ လူ ၂ ယောက်

ရုတ်တရက် ပေါ်လာသည်ကို

သတိထားမိလိုက်၏။

လက်ဝဲဖက်ရှိ လူက

မီးခိုးရောင်ဝတ်စုံနှင့်လျှို့ဝှက်ဆန်းကြယ်သော

ပညာရှင်ဖြစ်ပြီး ညာဘက်ရှိ လူကတော့

မိန်းမလှတစ်ဦး ဖြစ်သည်။

"ယင်ရှမ်အာ!" ယန်ယဲ့ က ထိုမိန်းမလှကို

မြင်သည်နှင့် ခေါင်းညိတ်

အသိအမှတ်ပြုလိုက်၏။

"ငါက ရှန်မင်းဆက်ရဲ့ကောရာဇ်အကြံပေးပါ!" မီးခိုးရောင်ဝတ်လူက ရုတ်တရက် ပြောလိုက်သည်။

ယန်ယဲ့ က အနည်းငယ် အံ့အားသင့်နေသောလေသံဖြင့် ပြောလိုက်သည်။ "ငါတို့တွေ့ဖူးသလား? ဘာလို့လဲ ဆိုတော့ မင်းဆီက နည်းနည်း ရင်းနှီးတဲ့ အရိပ်အယောင်ကို ငါ ခံစားမိလို့။"

“ဟုတ်ပါတယ်၊ ငါတို့ တစ်နေရာရာမှာ တွေ့ခဲ့ဖူးတယ်!”မီးခိုးရောင်ဝတ်လူက ခေါင်းညိတ်ရင်း ပြောသည်။

ယန်ယဲ့ဟာ သူ့လက်ထဲက ဓားစိတ်ဆန္ဒများကို လွှဲယမ်းလိုက်ကာ “ကောင်းပြီ၊ မင်းဘယ်သူလဲဆိုတာ ငါ့အတွက် အရေးမကြီးဘူး။ မင်းက ငါ့လမ်းကို ပိတ်ဆို့နေတာပဲ။ ရှေ့ကနေဖယ်လိုက်။"

"မင်း တကယ်ပဲ မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးပစ်ဖို့

ရည်ရွယ်ထားတာလား" မီးခိုးရောင်ဝတ်လူလတ်ပိုင်း က လေးနက်သော အသံဖြင့် ပြောလိုက်သည်။

"ငါနောက်နေတာလို့ မင်းထင်သလား" ယန်ယွဲ့က မြို့တံခါးဝကနေ ဖြည်းညှင်းစွာလျှောက်လာရင်း ရှေးဟောင်းဓားအိမ်ကို ကိုင်ထားလိုက်သည်။

မီးခိုးရောင်ဝတ်လူက "မြင့်မြတ်သောဟန်အင်ပါယာက အခုအချိန်မှာ တကယ်အားနည်းနေပြီ။ ဒါပေမဲ့ အဲဒါက

နှစ်ပေါင်း ၁၀,၀၀၀ ကျော် သမိုင်းရှိတယ်။ ဒီလို ရှေးဟောင်းအင်ပါယာတစ်ခုမှာ ဝှက်ဖဲတွေမရှိဘူးလို့ မင်းထင်လား"

"ဒါဆို မင်းဆိုလိုတာက ငါက မြင့်မြတ်သောဟန်အင်ပါယာကို မတိုက်ခိုက်ဘဲ နောက်ပြန်ဆုတ်ရမယ်ပေါ့။ ဟာသပဲ...."
ယန်ယွဲ့ က ရှန်မင်းဆက်၏ကြေရာဇ်အကြံပေးကို တစ်ချက်စူးစိုက်ကြည့်ကာ ရှေ့ဆက်သွားလိုက်သည်။

မီးခိုးရောင်ဝတ်လူက

“မြင့်မြတ်သောဟန်အင်ပါယာက

တောင်ပိုင်းနယ်မြေ နဲ့စစ်ပွဲမှာ

မရေမတွက်နိုင်တဲ့ ပညာရှင်တွေနဲ့ နယ်မြေတွေ

အများကြီး ဆုံးရှုံးခဲ့ပြီးပြီ။

တောင်ပိုင်းနယ်မြေလည်း အတူတူပဲလို့

ငါထင်တယ်။

မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးဖို့

အတင်းဖိအားပေးနေမယ်ဆိုရင် မင်း

အနိုင်ရသွားရင်တောင်

မင်းရဲ့တောင်ပိုင်းနယ်မြေက ပညာရှင်တွေ ပိုပြီး

ဆုံးရှုံးနိုင်တယ်။ ငါ ဒါကို သေချာပေါက် အာမခံနိုင်တယ်။

ဒါ့အပြင် မြင့်မြတ်သောဟန်အင်ပါယာရဲ့ တော်ဝင်မိသားစုက မင်းကို ဖယ်ရှားဖို့ တစ်စုံတစ်ခု ပေးဆပ်မယ်ဆိုရင် တောင်ပိုင်းနယ်မြေက ပညာရှင်အနည်းအကျဉ်းလောက်ပဲ ဆုံးရှုံးမှာမဟုတ်ဘူးနော်!"

ယန်ယွဲ့ က မလှုပ်တော့ဘဲ

“မင်းပြောခဲ့တာတွေက

တကယ်ဖြစ်နိုင်ချေရှိတယ်ဆိုတာ ငါသိပါတယ်၊

ဒါပေမယ့် ငါ့ရဲ့တောင်ပိုင်းနယ်မြေ
ဆုံးရှုံးလိုက်ရတာတွေက အခုအချိန်မှာ
မဖျက်ဆီးရင် ပိုကြောက်စရာကောင်းလိမ့်မယ်။
ပေါင်းပင်၊ မြက်ပင်တွေကို အမြစ်ကနေ
ဆွဲမနှုတ်တာက အနာဂတ်မှာ အဆုံးမရှိတဲ့
ပြဿနာတွေကို ဖန်တီးတာနဲ့အတူတူပဲ။"
ယန်ယဲ့ က စကားပြီးသည်နှင့် ရှေ့ကို
ဆက်တိုးလာပါသည်။

“တော်ဝင်မိသားစုတွေ လက်နက်ချရင် သူတို့ကို
အသက်ရှင်လျက်ထားဖို့ ဆန္ဒရှိသလား”

မီးခိုးရောင်ဝတ်လူက
အေးခဲနေသောအသံနက်ဖြင့် ပြောသည်။

“မဟုတ်ဘူး!” ယန်ယဲ့ က ခပ်ပြတ်ပြတ်
ပြန်ပြောလိုက်သည်။

"ငါတတ်နိုင်ရင် ငါ့ရန်သူအားလုံးကို
ဒီကမ္ဘာကြီးကနေ ရှင်းထုတ်ဖို့
ရည်ရွယ်ထားတယ်"

မီးခိုးရောင်ဝတ်လူက ရုတ်တရက် “ငါ့ရဲ့
မြောက်ပိုင်းနယ်မြေက

မြင့်မြတ်သောဟန်အင်ပါယာနဲ့ ပူးပေါင်းရရင် ဘယ်လိုလုပ်မလဲ။"

ယန်ယွဲ့ က အေးစက်စက်ပြုံးလိုက်၏။ "ဒါဆို မင်းတို့အားလုံး သေရမယ်!"

"သင်္ချိုင်းစောင့်ဘိုးဘေး သာမရှိရင် မင်းအခုသေလိမ့်မယ်!" မီးခိုးရောင်ဝတ်လူက “ဒါပေမဲ့ သူက မင်းကို အမြဲတမ်း ကာကွယ်နိုင်မှာ မဟုတ်ဘူး”

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး

“မင်းတို့မြောက်ပိုင်းနယ်မြေရဲ့ရပ်တည်ချက်ကို အခုမှ နားလည်ပါတယ်။

ကောင်းပြီလေ၊ ဒါဆို စစ်မြေပြင်မှာ တွေ့ကြတာပေါ့။ အခု မင်းဘေးကို ထွက်သွားမှာလား ဒါမှမဟုတ် ငါ မင်းကို ရင်ဖယ်သင့်လား။ မင်းပြောတဲ့စကားတွေကို ထောက်စရင် မင်းငါ့ကို မတိုက်ခိုက်ရဲဘူးလို့ ငါထင်တယ်။ ဒီလိုဆိုတော့ ဘေးကို ဖယ်လိုက်။ ”

"ယန်ယဲ့!" တစ်ချိန်တည်းမှာပင် ယင်ရှမ်အာက ရုတ်ချည်းပြောလာခဲ့သည်။ "နင်က မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးချင်နေတာ ငါသိပါတယ်။ ဒါပေမဲ့ လက်တွေ့ကျတာကို သေချာစဉ်းစားကြည့်သင့်တယ်လေ။ မြင့်မြတ်နယ်မြေနဲ့ နယ်ခြားမိစ္ဆာတွေက ငါတို့ရဲ့ စစ်မှန်တဲ့ရန်သူတွေပဲ။ နယ်ခြားမိစ္ဆာတွေ ဒါမှမဟုတ် မြင့်မြတ်နယ်မြေပဲဖြစ်ဖြစ် သူတို့က တောင်ပိုင်းနယ်မြေနဲ့ နတ်မိစ္ဆာမျိုးနွယ်တို့ ခုခံနိုင်တဲ့အရာ မဟုတ်ဘူး။

တိုက်ကြီးတစ်ခုလုံးက ပေါင်းပြီး တိုက်ခိုက်မှပဲ ငါတို့က သူတို့ကို ခုခံနိုင်မှာ။”

ယန်ယဲ့ က "ဒါပေမဲ့ မြင့်မြတ်သောဟန်အင်ပါယာက မြင့်မြတ်နယ်မြေကို အဆက်မပြတ်ကူညီနေတယ်ဆိုတာ မင်းမေ့သွားပုံရတယ်။"

"ရန်ငြိုးတွေကို မေ့ပြီး တောင်ပိုင်းနယ်မြေရဲ့စစ်တပ်ကို ပြန်ဆုတ်ဖို့ ဆန္ဒရှိနေသရွေ့ ဒီနေ့ကစပြီး သူတို့က

မင်းဖက်မှာ ရပ်နေမှာပါ!" မီးခိုးရောင်ဝတ်လူက ပြောသည်။

ယန်ယွဲ့ က ခပ်လျှောင်လျှောင်ပြုံးလိုက်ပြီး "ဒါမှ သူတို့က ငါ့နောက်ကျောကို
ဓားနဲ့ထိုးနိုင်မှာလေ။
အရေးကြီးတဲ့အခိုက်အတန့်မှာ သူတို့ကို
ယုံနိုင်မယ်လို့ မင်း အာမခံနိုင်လား။"

ယန်ယွဲ့ က ထိုစကားကိုပြောရင်း ခဏရပ်ကာ သူ့ရှေ့မှ လူနှစ်ဦးကို တစ်ချက်ကြည့်လိုက်ပြီး "တကယ်တော့ ငါတော်တော် စိတ်ရှုပ်နေတယ်။

မင်းက သိပ်မကြာသေးခင်ကပဲ
ဟန်အင်ပါယာနဲ့ သေခြင်း၊ ရှင်ခြင်းရန်သူတွေ
ဖြစ်ခဲ့သေးတယ်မဟုတ်လား။ ဒါတောင် မင်း
သူတို့ကို ကူညီနေတာ။ ဘာကြောင့်လဲ။"

“မြင့်မြတ်သောဟန်အင်ပါယာက
မြင့်မြတ်နယ်မြေ နဲ့ပူးပေါင်းထားတဲ့အချိန်မှာ
ငါတို့ရဲ့ရန်သူပဲ။ ဒါပေမဲ့ မြင့်မြတ်နယ်မြေ မရှိရင်
ငါတို့က မဟာမိတ်ဖြစ်လာနိုင်တယ်။”

မီးခိုးရောင်ဝတ်လူက ဆက်ပြောသည်။
“ယန်ယွဲ့! မင်းက
မြင့်မြတ်နယ်မြေနဲ့ပေါင်းစပ်လို့မရတဲ့

ရန်သူတွေ မဟုတ်လား။ ဒီတော့ ငါတို့ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်တာမျိုး မဖြစ်သင့်ဘူး။”

"ဒီလိုဆို ငါ့ရဲ့တောင်ပိုင်းနယ်မြေ အားနေတဲ့အချိန်တုန်းက မင်း ဘာလို့ မြင့်မြတ်သောဟန်အင်ပါယာကို မပြောခဲ့တာလဲ။" ယန်ယဲ့က ရှေ့ကို ဖြည်းညှင်းစွာ တိုးလာရင်း “အခုအချိန်က အရမ်းနောက်ကျနေပြီလို့ မထင်ဘူးလား။ ငါတို့ အတိတ်က ဆက်ဆံရေးအတွက် ထည့်တွက်လို့

နောက်ဆုံးအကြိမ် ပြောလိုက်မယ်။
မိန်းမပျိုယင်! ဘေးကိုဖယ်ပါ။"

၇၆၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၆၈ - လာ

ယင်ရှမ်အာက မီးခိုးရောင်ဝတ်လူကို
စိုက်ကြည့်လိုက်သည်။ မီးခိုးရောင်ဝတ်လူက

အခြေအနေကို သဘောပေါက်ဟန်ဖြင့် သူညာလက်ကို ဝှေ့ယမ်းလိုက်သည်။ ရုတ်တရက် ရွှေရောင်ချပ်ဝတ်တန်ဆာဝတ် စစ်သည် ၂ ဦးက ယန်ယွဲ့ရှေ့တွင် ပေါ်လာသည်။

ယင်ရွှမ်အာက သက်ပြင်းချကာ "မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးပစ်ဖို့ ခွင့်မပြုနိုင်သလို၊ ငါ့ရဲ့မြောက်ပိုင်းနယ်မြေဟာ တခြား လက်အောက်ခံနယ်မြေ ဖြစ်လာမှာ မဟုတ်ဘူး။ အပေးအယူလုပ်ဖို့ ငြင်းဆိုရင် ငါတို့တိုက်ခိုက်ရုံပဲရှိတော့တယ်။ တခြားရွေးချယ်စရာမရှိတော့ဘူး။"

ယန်ယဲ့က ခဏ ရပ်တန့်ကာ

မျက်မှောင်ကြုတ်လိုက်သည်။

ဤအရာအားလုံးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ

လွဲချော်နေပြီဟု

သူခံစားမိသည်။ယုတ္တိရှိရှိပြောရလျှင်

သူ့နောက်မှာ သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး

ရှိနေသောကြောင့် မြောက်ပိုင်းနယ်မြေ က

မြင့်မြတ်သောဟန်အင်ပါယာနှင့် ပူးပေါင်း၍

သူ့ကို တိုက်ခိုက်ဝံ့မည်မဟုတ်ပေ။

သို့သော်လည်း မြောက်ပိုင်းနယ်မြေက

မြင့်မြတ်သောဟန်အင်ပါယာ နှင့်

ပူးပေါင်းခဲ့သည်။ ထိုကဲ့သို့

ရုတ်တရက်အပြောင်းအလဲက သူ့စိတ်ထဲ
ထူးဆန်းနေသည်ဟု ခံစားမိစေသည်။

သို့ရာတွင် ယန်ယဲ့က မရပ်တန့်ပေ။
လေးညှို့ကနေ ပစ်လွှတ်လိုက်သည့်
မြှားတစ်စင်း ကဲ့သို့ပင်။

တစ်ချိန်တည်းမှာပင် သူ၏ဓားစိတ်ဆန္ဒများကို
ဆွဲထုတ်ပြီး ပိုင်းချလိုက်ပါသည်။
ဓားစွမ်းအင်အလင်းတန်းတစ်ခုက ရှေ့သို့
ပေါက်ကွဲထွက်လာပြီး မီတာ ၃၀ ကျော်အကွာရှိ
ရွှေအစောင့် ၂ ဦးကို ချက်ချင်း ထိမှန်သွားသည်။

ဘုန်း!

ရွှေအစောင့် ၂ ဦးစလုံးက
မည်သည့်ထိခိုက်မှုမှမရှိဘဲ နောက်ကို
ခြေလှမ်းတစ်ဒါဇင်ကျော်လောက်သာ
ဆုတ်သွားရသည်။

ဤအချိန်တွင် ယန်ယဲ့၏မျက်နှာအမူအရာက
အနည်းငယ် ပြောင်းလဲသွားပါသည်။
သူ၏ဓားစွမ်းအင်အလင်းတန်းက ရွှေအစောင့် ၂
ယောက်၏ရင်ဘတ်ပေါ်မှာ

အမှတ်အသားအနည်းငယ်သာ ကျန်နေသည်ကို သတိပြုမိလိုက်သောကြောင့်ပါ။

ထို့အပြင် ယခု ထုတ်ဖော်လိုက်သော ဓားချက်က မိုးကြိုးငါးသွယ်ဓားကျင့်စဉ် အဆင့် ၁ နှင့် ကောင်းကင်ဖျက်ဆီးခြင်းဓားကို ပေါင်း၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ဒီရွှေအစောင့်တွေက ယင်ရှမ်အာမှာရှိခဲ့တဲ့ ၁၂ ယောက်နဲ့မတူဘူး!" ယန်ယဲ့က ရွှေအစောင့် ၂ ယောက်ကို စူးစိုက်ကြည့်ရင်း ထူးခြားချက်ကို သတိပြုမိသွား၏။

ထိုအချိန်တွင် ရွှေအစောင့်၂ယောက်က သူ့ဆီသို့ အရှိန်ပြင်းပြင်း တိုးလာသည်ကိုပါ သတိထားမိလိုက်ပါသည်။

ရုတ်တရက်ဆိုသလို သူ့မျက်လုံးရှေ့တွင် ရွှေရောင်အလင်းတန်း၂ခု လင်းလက်သွားသလို ခံစားလိုက်ရသည်။ တစ်ချိန်တည်းမှာပဲ ရွှေဓား၂ချောင်းက သူ့လည်ပင်းအား ထိုးသွင်းလာ၏။

အုန်း!

သတ္တုချင်းတိုက်မိသည့် ပေါက်ကွဲသံက ပွဲတင်ထပ်လာသည်။

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲကနေ ပြင်းထန်သောအားလှိုင်းတစ်ခု ပေါ်လာပြီး ရွှေဓား၂ချောင်းကို နောက်ပြန်လွင့်ထွက်သွားစေသည်။

ဘုန်း!

ယန်ယွဲ့က သူ့ညာခြေကို မြေပြင်ပေါ်သို့ တစ်ချက်နင်းချလိုက်ပြီး တန်ပြန်အားကိုယူကာ ခုန်ထွက်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲက
ဓားစိတ်ဆန္ဒများ ကို လွှဲယမ်းကာ ရွှေအစောင့် ၂
ယောက်၏ဝမ်းဗိုက်ဆီသို့ လျင်မြန်စွာ
ခုတ်ပိုင်းလိုက်လေသည်။

ဘုန်း!

နှစ်ဖက်စလုံး ခြေလှမ်း ဒါဇင်ကျော်
နောက်ပြန်ဆုတ်သွားကြသည်။

ဤအချိန်တွင် ယန်ယွဲ့၏မျက်နှာပေါ်တွင်
လေးနက်သောအမူအရာ ပေါ်လာသည်။

အဘယ်ကြောင့်ဆိုသော် သူ့လက်နှစ်ဖက်လုံး ထုံကျဉ်သွားသလို ခံစားလိုက်ရသောကြောင့်ပါ။

တစ်ချိန်တည်းမှာပဲ ရွှေအစောင့်များ၏အရှိန်နှင့် အကာအကွယ်က သူ့ကို အတော်လေး ထိတ်လန့်သွားစေလေသည်။

ယန်ယဲ့က မီးခိုးရောင်ဝတ်လူနဲ့ ယင်ရှမ်အာ ကို လှည့်ကြည့်လိုက်ပြီး "မင်းငါ့ကို နည်းနည်းတော့ အံ့သြသွားစေတယ်!"

"မင်းလည်း ငါ့ကို အံ့ဩသွားစေတာပါပဲ!"
မီးခိုးရောင်ဝတ်လူက “မင်းရဲ့
အနာဂတ်အောင်မြင်မှုတွေက
အနှောင်အဖွဲ့ကင်းမဲ့သူထက်
နိမ့်ကျမှာမဟုတ်ဘူးဆိုတာတော့ ငါ
ဝန်ခံရမယ်။ ငါအရင်ကပြောခဲ့သလိုပဲ ငါတို့က
ရန်သူတွေမဟုတ်ဘူး၊ မင်းနဲ့ငါက
ရန်သူမဖြစ်ချင်ဘူး။ ငါ့ မြောက်ပိုင်းနယ်မြေက
မင်းနဲ့ မိတ်ဆွေဖြစ်ချင်တဲ့ အတိုင်းအတာတောင်
ရှိတယ်။ ဒါပေမဲ့ အဲဒါအတွက် လိုအပ်ချက်က
မင်း ငါတို့နဲ့ပူးပေါင်းဆောင်ရွက်ရမယ်!"

ယန်ယဲ့ က စကားမပြောတော့ဘဲ

လှောင်ပြောင်ရယ်မောလိုက်သည်။

ရုတ်တရက် သူညာခြေကို မြေပြင်ပေါ်သို့

နင်းလိုက်ပြီးနောက် ရွှေအစောင့် ၂ ဦးရှေ့တွင်

ပေါ်လာသည်။

တစ်ဆက်တည်း သူ့လက်ထဲရှိ

အုပ်ချုပ်သူဓားက

ရွှေအစောင့်တစ်ဦး၏ရင်ဘတ်ကို

ပြင်းထန်စွာခုတ်ပိုင်းလိုက်ရာ

လေထဲပျံတက်သွားလေသည်။

ကလန်!

ရွှေဓား၂ချောင်း၏ ထိပ်ဖျားများက

အုပ်ချုပ်သူဓားကို ထိမှန်သွားကာ နှစ်ဖက်စလုံး

လေးကိုင်းသဖွယ် ကွေးညွှတ်သွားသည်။

ထို့နောက်တွင်

ပြင်းထန်သောအားလှိုင်းတစ်ခုက ရွှေအစောင့်၂

ယောက်၏အောက်ကနေ ထွက်ပေါ်လာပြီး

အတော်ဝေးဝေးထိပင်

လွင့်ပျံထွက်သွားစေသည်။

ရုတ်တရက် ရွှေဓား၂ချောင်းက

လမ်းကြောင်းပြောင်းပြီး

ယန်ယဲ့၏ဝမ်းဗိုက်ဆီသို့
ဦးတည်ဝင်လာပါသည်။

အုန်း!

ပြင်းထန်သောပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့က ၆
မီတာအကွာသို့ လွင့်ပျံသွား၏။

သို့သော် ခဏအကြာတွင် ရွှေအစောင့် ၂
ယောက်ရှေ့မှာ ချက်ချင်းပေါ်လာပြီး

ရွှေအစောင့်နှစ်ယောက်စလုံး လွင့်ပျံသွားကာ
ရောမပေါက်ကွဲသံကြီး ၂ ခု ထွက်ပေါ်လာသည်။
ရွှေအစောင့် ၂ ယောက်လုံးက မီတာ ၃၀၀
ကျော်အကွာထိ လွင့်ထွက်သွားကာ
မြို့နံ့ရံနှင့်တိုက်မိပြီး မြို့တော် တံတိုင်းတစ်ခုလုံး
ပြင်းထန်စွာတုန်ခါသွားလေတော့သည်။

ဤမြင်ကွင်းကို မြင်လိုက်သောအခါ
ယင်ရှမ်အာ
၏မျက်လုံးများကကျဉ်းမြောင်းသွားကာ
ထိတ်လန့်တုန်လှုပ်ဟန်များပေါ်လာကြသည်။

“နတ်နဂါးဘိုးဘေးအသွင်ပြောင်း?
မိုးကောင်းကင်ခြေလှမ်းနဲ့ဆိုရင်..."
မီးခိုးရောင်ဝတ်လူ၏အသံက အံ့သြနေသည့်
အရိပ်အယောင်များ ပါဝင်နေသည်။
“မင်းတကယ် မဆိုးပါဘူး။ အထူးသဖြင့်
ရုပ်ခန္ဓာခွန်အားနဲ့ အကာအကွယ်တွေပဲ။ ဒါက
မင်းနဲ့အဆင့်တူနယ်ပယ်မှာ
ဘယ်သူမှမယှဉ်နိုင်အောင်အထိပဲ။"

ထိုအတောအတွင်း စောစောက မြို့တံတိုင်းနှင့်
တိုက်မိသော ရွှေအစောင့်၂ယောက်က
ရုတ်တရက် မတ်တပ်ထရပ်လိုက်သည်။

သူ့တိုက်ခိုက်မှုက ၎င်းတို့၏ဝမ်းဗိုက်ကို
အနည်းငယ်သာထိုးဖောက်နိုင်ကြောင်း
သတိပြုမိသဖြင့် ယန်ယဲ့ ၏မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားခဲ့သည်။

“သူတို့က နာကျင်မှုကို အာရုံမခံစားနိုင်တဲ့
ရုပ်သေးရုပ်တွေလေ။ ဒါ့အပြင် သူတို့
ဝတ်ဆင်ထားတဲ့ ချပ်ဝတ်ဆန်ဆာတွေက
အဆင့် ၉ သိုင်းကျောဇ်တွေရဲ့
တိုက်ခိုက်မှုတွေကို ခံနိုင်တယ်။

အရေးအကြီးဆုံးကတော့၊
သူတို့ရဲ့ချပ်ဝတ်တန်ဆာက ကိုယ့်ကိုယ်ကို

ပြန်လည်ကုသနိုင်စွမ်းရှိတယ်။"
မီးခိုးရောင်ဝတ်လူက ဆက်ပြောလိုက်သည်။
“အရင်က ငါပြောခဲ့သလိုပဲ မင်းသဘောတူရင်
ငါတို့ ချက်ချင်း မိတ်ဆွေတွေ
ဖြစ်သွားနိုင်တယ်။ ဒါ့အပြင်
ငါ့ရဲ့မြောက်ပိုင်းနယ်မြေနဲ့
မြင့်မြတ်သောဟန်အင်ပါယာက အနာဂတ်မှာ
မြင့်မြတ်နယ်မြေ ဒါမှမဟုတ်
နယ်ခြားမိစ္ဆာတွေနဲ့ တိုက်ခိုက်တဲ့အခါ
တောင်ပိုင်းနယ်မြေ ကို သေချာပေါက်
ကူညီပေးမယ်လို့ ငါအာမခံတယ်။"

“ဒီရုပ်သေးတွေရဲ့ချုပ်ဝတ်တန်ဆာမှာ အစီအရင်တွေနဲ့ပေါင်းစပ်ထားတဲ့ အဆောင်တွေရှိတယ်။" ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်။

"မင်းအကြောင်းတွေက ဘယ်လောက်ထူးခြားနေလိုက်သလဲ!" မီးခိုးရောင်ဝတ်လူက “မင်းဟာ အဆောင်သခင်တစ်ယောက်လည်းဖြစ်နေတာကို ငါ မေ့လုနီးပါးပဲ။ ကံဆိုးလိုက်တာ။ တောင်ပိုင်းနယ်မြေရဲ့ အဆောင်သခင်တွေ ပိုင်ဆိုင်ထားတဲ့ အဆောင်တာအိုက စစ်မှန်တဲ့

အမွေအနှစ်တွေပျောက်ဆုံးသွားလို့
အဆောင်တာအိုရဲ့သာမန်အမွေအနှစ်ပဲကျန်
တော့တယ်။ အဲဒါက
တောင်ပိုင်းနယ်မြေတင်မဟုတ်ဘူး၊
မြင့်မြတ်နယ်မြေရဲ့အဆောင်တာအို ကတောင်
မပြည့်စုံသေးဘူး။"

ယန်ယဲ့ က မီးခိုးရောင်ဝတ်လူကို စိုက်ကြည့်ကာ
"မင်းငါ့ကို
တကယ်အံ့သြသွားအောင်လုပ်နိုင်တယ်လို့
ငါပြောရမယ်။ မြောက်ပိုင်းနယ်မြေရဲ့
အင်အားက တောင်ပိုင်းနယ်မြေနဲ့

မြင့်မြတ်သောဟန်အင်ပါယာထက်
အားနည်းတယ်လို့ ထင်ခဲ့တာ။ ဒါပေမဲ့ အခု
တော့ ငါမှားနေပြီထင်တယ်!"

မီးခိုးရောင်ဝတ်လူက "ဆန်းကြယ်တိုက်ကြီးက
အဆင့်နိမ့်ကျပေမယ့် အထဲမှာ
ကြောက်စရာကောင်းတဲ့ တည်ရှိမှုတွေကို
ဖုံးကွယ်ထားတယ်။ ဥပမာအနေနဲ့ပြောရရင်
အနှောင်အဖွဲ့ကင်းမဲ့သူ၊ မင်းရဲ့ဆရာသခင်၊
မြင့်မြတ်သောဟန်အင်ပါယာ။
မြင့်မြတ်သောဟန်အင်ပါယာက အခုလက်ရှိမှာ
အင်အားကျဆင်းနေပေမယ့် သူတို့က

မင်းကိုအတူတူဆွဲချဖို့ဆုံးဖြတ်ထားရင်
မင်းဆုံးဖြတ်ချက်ကို နောင်တရမယ်လို့
ငါအာမခံတယ်။"

ငြိမ်းချမ်းရေးလား? ဒါမှမဟုတ် ဆက်ပြီး
တိုက်ခိုက်မှာလား။ "ယန်ယွဲ့ဟာ
သူ၏မျက်လုံးများကို အနည်းငယ်မှိတ်ထားပြီး
ငြိမ်သက်သွားသည်။

"မြင့်မြတ်သောဟန်အင်ပါယာကို ခွင့်လွှတ်ပြီး
မြင့်မြတ်သောဟန်အင်ပါယာနဲ့
မြောက်ပိုင်းနယ်မြေကို တိုက်ခိုက်တာမျိုး

ရပ်တန့်ဖို့ သဘောတူတယ်ဆိုရင် ရွှမ်အာ နဲ့
မြင့်မြတ်သောဟာန်အင်ပါယာရဲ့
မင်းသမီးလေးကို မင်းလက်ထပ်နိုင်မှာပါ။ ဒါမှ
ငါတို့ရဲ့အင်အားစုတွေ တကယ်ကို
တညီတညွတ်တည်း ပေါင်းစည်းသွားလိမ့်မယ်။
” မီးခိုးရောင်ဝတ်လူက ပြောလိုက်သည်။

ထိုစကားကိုကြားသောအခါ
ယင်ရွှမ်အာ၏အမူအရာက
အနည်းငယ်ပြောင်းသွားသော်လည်း
ဘာမှပြန်မပြောပေ။

“ဟားဟား….” ယန်ယဲ့က ရုတ်တရက်
မျက်လုံးဖွင့်လိုက်ပြီး “ငါ့တစ်သက်လုံး
ဘယ်သူ့ကိုမှ ခေါင်းငုံ့မခံဖူးဘူး။
မြင့်မြတ်နယ်မြေရဲ့ပညာရှင်တွေနဲ့
ရင်ဆိုင်ရရင်တောင်မှ ငါ့ဓားကို
ပြန်သိမ်းတာထက် ကျိုးသွားတဲ့အထိပဲ
တိုက်ခိုက်ခဲ့တယ်။ ဒီလိုဆိုတော့….
စိတ်တော့မကောင်းပါဘူးလေ။ ငါက
တိုက်ခိုက်ဖို့ပဲ ရွေးချယ်လိုက်တယ်။"

တစ်ချိန်တည်းတွင် သူ့ခန္ဓာကိုယ်ထဲကနေ
အလွန်ကြောက်စရာကောင်းသော
ဓားကြိုးတစ်ချောင်း ထွက်ပေါ်လာသည်...။

မီးခိုးရောင်ဝတ်လူက အံ့အားသင့်သွားကာ
ခေါင်းညိတ်ရင်း ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။

ရွှေအစောင့် ၁၀၀ က ယန်ယွဲ့ရှေ့မှာ ပေါ်လာပြီး
"မင်း စစ်တိုက်ချင်ရင် တိုက်ကြရအောင်!"

"လာခဲ့ပါ!"

တွမ်!

ရောမဓားမြည်သံကြီးနှင့်အတူ
ခရမ်းရောင်ဓားတစ်ချောင်းက ကောင်းကင်ကို
ပိုင်းချသွား၏။

၇၆၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)
မူရင်းရေးသားသူ - Licensed Form
ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၇၆၉ - မြောက်ပိုင်းနယ်မြေနဲ့ တိုက်ခိုက်ခြင်း

ယန်ယဲ့နောက်တွင် အရိုးစုပေါင်း ၃၆၀ ပေါ်လာပြီး ခရမ်းရောင်မင့်ခ်ကလေးနှင့် လဲ့လင်လည်း သူ့ဘေးနားတွင် ပေါ်လာသည်။

သူ့လက်ထဲမှာကိုင်ထားသည့် ရှေးဟောင်းဓားအိမ်ထဲကနေ ခရမ်းရောင်ဓားစွမ်းအင်အလင်းတန်းများ အဆက်မပြတ် ဖြာထွက်လာပါသည်။

ခရမ်းရောင်စားအလင်းတန်းက ရှေ့ကို
ပေါက်ကွဲထွက်လာပြီး
ရွှေအစောင့်တစ်ယောက်ကို
ရင်ဘတ်ပိုင်းချလိုက်၏။

တစ်ချိန်တည်းတွင် ယန်ယဲ့ က သူ့ညာခြေကို
တစ်ချက်စောင့်ခုန်လိုက်ပြီး
ရွှေအစောင့်တပ်ဖွဲ့ထဲသို့ပြေးဝင်သွားလေသည်။
သူ့နောက်မှာတော့ အရိုးစု ၃၆၀ က
အနီးကပ်လိုက်ပါလာ၏။

ထိုစဉ် ခရမ်းရောင်မင့်ခ်ကလေးက လဲ့လင်း၏

ခေါင်းကို ပုတ်ကာ အဝေးမှ ရွှေအစောင့်ကို

ညွှန်ပြလိုက်သည်။

လဲ့လင် က ကပျာကယာခေါင်းညိတ်ကာ

သူမ၏လက်သေးသေးလေးနှစ်ဖက်ကိုတီးပြီး

ရွှေအစောင့်ဆီသို့ လျှပ်စီးကြောင်းတစ်ခု

ပစ်လွှတ်လိုက်သည်။

ယန်ယဲ့ ဟာ ရွှေအစောင့်တပ်ဖွဲ့ထဲသို့

ဝင်လိုက်သည်နှင့်တပြိုင်နက်

မရေမတွက်နိုင်သော ရွှေရောင်ဓားများဖြင့်

ဝိုင်းရံပိုင်းချခံလိုက်ရသည်။

သို့ရာတွင် သူ့ရုပ်ခန္ဓာအကာအကွယ်က အလွန်သန်မာနေသည်ဖြစ်ရာ ရွှေအစောင့်များ၏တိုက်ခိုက်မှုအားလုံးကိုခုခံနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲရှိ ဓားတစ်ချောင်းက ရွှေအစောင့်များဆီသို့ လျင်မြန်စွာ ထိုးဆင်းသွားသည်။ သို့သော် ရွှေအစောင့်များသည် ၎င်းကို အမှန်တကယ် ခုခံနိုင်သည်ကို သတိပြုမိသဖြင့် ယန်ယွဲ့ လည်း အံ့သြသွားခဲ့သည်။

"ဒီရွှေအစောင့်တွေက အရင်ကထက်
ပိုအားကောင်းနေသလိုပဲ။
ဒီရှန်မင်းဆက်ရဲ့ကေရာဇ်အကြံပေးက
ဘယ်သူလဲ။ ဘယ်လိုဖြစ်ပြီး
ဒီလောက်ကြောက်စရာကောင်းတဲ့ရုပ်သေးတွေ
ကို ပိုင်ဆိုင်ထားတာလဲ။"

ယန်ယွဲ့ သည် သူ့ရှေ့က
ရွှေအစောင့်တပ်ဖွဲ့ကိုကြည့်နေရင်း စိတ်ထဲ
တုန်လှုပ်သွားမိသည်။
ထို့အပြင် အကယ်၍ ၎င်းတို့ဟာ
ဤရုပ်သေးများစွာကို

ပိုင်ဆိုင်ထားသည့်တိုင်အောင်
မဟာချင်အင်ပါယာနှင့်
တောင်ပိုင်းနယ်မြေ၏မဟာဂိုဏ်းကြီး ၆ ခုကို
မည်သို့ ရှုံးနိမ့်ခဲ့ပါသနည်း။
ယန်ယဲ့၏စိတ်ထဲ မေးခွန်းများစွာ
ထွက်ပေါ်လာပါသည်။

ယန်ယဲ့က ခေါင်းယမ်းကာ သူ့ဘယ်လက်ကို
လှန်လိုက်ပြီး ဒါဇင်အနည်းငယ်ခန့်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို
ဆုပ်ကိုင်ထားလိုက်သည်။

ထိုအချိန်တွင် နောက်ထပ်
ခရမ်းရောင်ဓားအလင်းတန်းတစ်ခုက ရှေ့သို့
ပေါက်ကွဲထွက်လာပြီး ရှေ့မှ ပိတ်ရပ်နေသည့်
ရွှေအစောင့် တစ်ဒါဇင်ကျော်ကို ထပ်မံ
ပိုင်းဖြတ်သွားပါတော့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရာ
ယင်ရှမ်အာ၏အမူအရာက ပြောင်းလဲသွားပြီး
"သူ့ဓားစွမ်းအင်က အရင်ကထက်
ပိုပြင်းထန်တယ်!"

"သူတို့က တစ်ခုနဲ့တစ်ခုထပ်နေတယ်!"
မီးခိုးရောင်ဝတ်လူက တိုးညှင်းသောလေသံဖြင့်
“ဒါ့အပြင် မြင့်မြတ်နယ်မြေကရထားတဲ့
လျှို့ဝှက်နည်းစနစ်နဲ့ပါပေါင်းစပ်ထားသေးတယ်
။ ဒါကြောင့် ရွှေအစောင့်တွေရဲ့
ချပ်ဝတ်တန်ဆာကို အလွယ်တကူ
ဖြတ်ကျော်နိုင်ခဲ့တာပဲ!”

ယင်ရှမ်အာ က အချိန်တော်တော်ကြာထိ
လေးလေးနက်နက် စဉ်းစားနေပြီးမှ
"ကေရာဇ်အကြံပေး!
မြင့်မြတ်သောဟန်အင်ပါယာအတွက်နဲ့ ဒီလို

စတေးတာက ငါတို့အတွက်
တကယ်ပဲထိုက်တန်ရဲ့လား။"

မီးခိုးရောင်ဝတ်လူက “အဲဒါ မတန်ဘူး။ ဒါပေမဲ့
မြင့်မြတ်သောဟန်အင်ပါယာက
အရာအားလုံးကို ဂရုမစိုက်ဘဲ သူ့ကို
သူတို့နဲ့အတူ ဆွဲချဖို့ရည်ရွယ်ထားရင်
တိုက်ကြီးတစ်ခုလုံးတောင် ပျက်စီးနိုင်လို့
ငါတို့မှာ တခြားရွေးချယ်စရာမရှိဘူး!”

"ဒါက ပြင်းထန်လား?" ယင်ရှမ်အာ က
အံ့သြသွားသည်။

"ဒါထက်အများကြီးပိုတယ်!"
မီးခိုးရောင်ဝတ်လူက သက်ပြင်းချပြီး
“ယန်ယဲ့က ဒီအကြောင်းပြချက်ကို မသိပါဘူး။
ဟုတ်တယ်၊ ဒါကို သိနေရင်တောင်မှ သူ့စရိုက်နဲ့
သူရှိနေတဲ့သဘောထားက
မြင့်မြတ်သောဟန်အင်ပါယာကို နှမြောမှာ
မဟုတ်ဘူး။

လွန်ခဲ့တဲ့နှစ်တွေတုန်းက
အနှောင်အဖွဲ့ကင်းမဲ့သူလည်း
မြင့်မြတ်သောဟန်အင်ပါယာကို
ဖျက်ဆီးလိုနီးပါးပဲ။

မြင့်မြတ်သောဟန်အင်ပါယာ
လွတ်မြောက်သွားတဲ့အကြောင်းအရင်းက
မြင့်မြတ်နယ်မြေ ရှေ့ထွက်လာလို့ပဲ။
ဒါပေမဲ့ အနှောင်အဖွဲ့ကင်းမဲ့သူ မြင့်မြတ်နယ်မြေ
ကိုမကြောက်ဘူး၊
မြင့်မြတ်သောဟန်အင်ပါယာရဲ့
တော်ဝင်မိသားစုကိုပဲ ကြောက်နေခဲ့တာ။"

"ပန်းနန်းတော်လိုပဲ သူတော်စင်တစ်ပါးကို
ဆင့်ခေါ် နိုင်ပါ့မလား" ယင်ရှမ်အာက
မေးသည်။

မီးခိုးရောင်ဝတ်လူက ခေါင်းခါလိုက်ပြီး
“သူတော်စင်တွေက ဒီကမ္ဘာကြီးထဲကို
နောက်ထပ် ဆင်းလာဖို့ မဖြစ်နိုင်တော့ဘူး။
ဒါပေမဲ့ ဆန်းကြယ်တိုက်ကြီးနဲ့
မြင့်မြတ်နယ်မြေမှာ ပုန်းကွယ်နေတဲ့
သူတော်စင်တစ်ပိုင်းအဆင့်တွေ ထက်တောင်
ပိုပြီးကြောက်စရာကောင်းတဲ့ တည်ရှိမှု!"

အုန်း!

ထိုအချိန်တွင် နောက်ထပ်
ရွှေအစောင့်တစ်ဒါဇင်ကျော်သည်

ခရမ်းရောင်စားစွမ်းအင်ဖြင့်
ထက်ပိုင်းခွဲခံလိုက်ရသည်။

ဤအချိန်တွင် ယန်ယဲ့က ရွှေအစောင့်များကို
ဆက်မတိုက်ခိုက်တော့ဘဲ မီးခိုးရောင်ဝတ်လူ
ရှေ့သို့ လျှပ်တစ်ပြက်ခုန်ဝင်လာသည်။

သို့သော် ရုတ်တရက် သူ့နောက်မှ
ရွှေအစောင့်များထက် အနည်းဆုံး ၂ ဆ နီးပါး
ပိုကြီးသော ရွှေအစောင့်ကြီး တစ်ဦး ရှေ့မှာ
ဖျတ်ခနဲပေါ်လာသည်။

ထို့နောက် ၎င်းက ယန်ယဲ့ထက်ပင်
ကြီးမားသော ရွှေရောင်ဓားကြီးဖြင့် သူ့ဆီသို့
ပြင်းထန်စွာခုတ်ပိုင်းချလိုက်လေသည်။

ယန်ယဲ့၏အမူအရာက အနည်းငယ်
ပြောင်းလဲသွားသည်။ သူက ရှောင်တိမ်းရန်
ပြင်လိုက်သော်လည်း နောက်ကျနေသဖြင့်
သူ့ဓားကိုသာ ချက်ချင်းဆွဲထုတ်ပြီး ခုခံလိုက်၏။

အုန်း...ခွပ်....ခွပ်!
သူ့လက်ထဲမှာ ကိုင်ထားသည့် ဓားစိတ်ဆန္ဒဓား
က အက်ကြောင်းများထပ်လာကာ

ထို့နောက်တွင် ကျယ်လောင်သော
ပေါက်ကွဲသံကြီး ထွက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းတွင် တန်ပြန်ရိုက်ခတ်မှုကြောင့်
ယန်ယဲ့ သည်လည်း
နောက်ကိုခြေလှမ်းအနည်းငယ်ပြန်ဆုတ်သွားရ
သည်။

ထို့အပြင် ရွှေရောင်နဂါးအကြေးခွံများ အဖြစ်
အသွင်ပြောင်းထားသည့် သူ့ညာလက်တစ်ခုလုံး
စုတ်ပြဲနေကာ သွေးများ
တစ်စက်စက်စီးကျနေလေသည်။

ယန်ယဲ့က သူ့ရှေ့တွင်ရပ်နေသည့်
ရွှေအစောင့်ကြီးကို တစ်ချက်စူးစိုက်ကြည့်ရင်း
ရုတ်တရက် သူ့ဘယ်ဖက်လက်ကို မြေပြင်ပေါ်
အားနှင့်ရိုက်ချလိုက်၏။

ဘုန်း

ကြောက်မက်ဖွယ်ရာအော်ရာတစ်ခုပေါက်ကွဲထွ
က်လာပြီး ယန်ယဲ့၏ခန္ဓာကိုယ်က ချက်ချင်းပင်
လေထဲသို့ ပျံတက်သွားသည်။

သူ့လက်ထဲမှာ ဓားစိတ်ဆန္ဒဓား အစား
အုပ်ချုပ်သူဓား ပေါ်လာပြီး
ရွှေအစောင့်ကြီး၏ခေါင်းအထက်ပိုင်းချခဲ့သည်။

ရွှေအစောင့်ကြီးက
ရုပ်သေးတစ်ခုသာဖြစ်နေသည့်တိုင် တုံ့ပြန်မှုက
နှေးကွေးမနေပေ။ ၎င်းက ရွှေရောင်ဓားကြီးကို
အထက်သို့မြှောက်ကာ
ယန်ယဲ့၏အုပ်ချုပ်သူဓားကို ခုခံလိုက်သည်။

အုန်း!

ဘုန်း!

တာအိုရတနာဓားနှစ်လက်က ပြင်းထန်စွာ ခုတ်ပိုင်းလိုက်သည်နှင့် ရွှေအစောင့်ကြီး၏ခြေထောက်အောက်ရှိ မြေပြင်ဆီမှ လေလှိုင်းတစ်ခု ရုတ်တရက်ထွက်ပေါ်လာပြီး အက်ကြောင်းများ မြေပြင်အနှံ့ ပေါ်လာလေသည်။

ရောမအက်ကြောင်းများက ပတ်ဝန်းကျင်ဆီသို့ အဆက်မပြတ် ပြန့်နှံ့သွားကာ အသက်ရှူနှစ်ရှိုက်စာအတွင်းမှာပင် မီတာ ၃၀၀

ပတ်လည် ရေယာက အက်ကြောင်းများစွာဖြင့် ဖုံးလွှမ်းသွားတော့သည်။

"ခုတ်ပိုင်းစမ်း!" ယန်ယွဲ့ဆီက ဒေါသတကြီးအော်သံထွက်လာပြီးနောက် အုပ်ချုပ်သူဓားက ရွှေအစောင့်ကြီး၏ဓားကို ထပ်မံ၍ ပိုင်းချလိုက်သည်။

ကျယ်လောင်သော ပေါက်ကွဲသံက တဖန် ပဲ့တင်ထပ်လာပြီး ရွှေအစောင့်ကြီး၏အောက်မှ မြေပြင်က တဝုန်းဝုန်း ပြိုကျလာခဲ့လေသည်။

"ခုတ်ပိုင်းစမ်း!" ယန်ယဲ့ က အုပ်ချုပ်သူဓားကို ထပ်မံ ဖိချလိုက်သည်။

ဤတစ်ကြိမ်မှာတော့ ရွှေအစောင့်ကြီး၏ခန္ဓာကိုယ်တစ်ခုလုံးက သံမဏိတူကြီးနှင့် ထုချေခံလိုက်ရသလို မြေကြီးထဲ နစ်မြုပ်သွားပါသည်။

ရှမ်း....! ဓားအလင်းတန်းတစ်ခု လင်းလက်သွားပြီးနောက် ရွှေအစောင့်ကြီး၏ခေါင်းက လေထဲသို့ လွင့်ပျံတက်လာလေသည်။

၇၇၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၀ - အန်နန်ကျင်း ထွက်လာပြီ

ယန်ယဲ့ က သူ့လက်ထဲ ကိုင်ထားသည့် ခေါင်းပြတ်ကို လွှင့်ပစ်လိုက်ပြီး "အရင်က မင်းရဲ့အစစ်အမှန်ပုံရိပ်ကိုငါ စိတ်မဝင်စားပေမယ့် အခု တော်တော် သိချင်နေပြီ။ဒါပေမဲ့ ငါက

စပ်စုချင်ရုံသက်သက်ပဲ။ သူတို့ကို အသုံးချပြီး
ငါ့ကို တားဖို့ဆိုရင် ဒါလောက်နဲ့လုံလောက်မယ်
မထင်ဘူး!

မီးခိုးရောင်ဝတ်လူက ခေါင်းညိတ်ပြပြီး
ညာလက်ကို ဝှေ့ယမ်းလိုက်သည်။
နောက်ထပ်ရွှေအစောင့်ကြီး ၅ ယောက်က
သူ့ရှေ့တွင် ပေါ်လာသည်။ "အခုကော
ဘယ်လိုလဲ" ဟု မေးလိုက်သည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားပြီး သူ့လက်ကို ဆန့်ထုတ်ကာ

ခေါင်းစိတ်ဆန္ဒများတစ်ချောင်းကို
ဖန်တီးလိုက်သည်။

"ယန်ယဲ့!"တစ်ချိန်တည်းမှာပင် ယင်ရှမ်အာက
ရုတ်တရက် ပြောလာသည်။ "ငါတို့ကို
တိုက်ခိုက်ဖို့ တွန်းအားပေးရင်
အဆိုးဆုံးရလာဒ်က ငါတို့ရဲ့
မြောက်ပိုင်းနယ်မြေနဲ့
မြင့်မြတ်သောဟန်အင်ပါယာက ပေါင်းပြီး
နင့်ကိုတိုက်ခိုက်လိမ့်မယ်။အဲဒီအချိန်မှာ
နင့်ရဲ့တောင်ပိုင်းနယ်မြေက အနိုင်ရခဲ့ရင်တောင်
ဆုံးရှုံးမှုကြီးမားတဲ့အောင်ပွဲပဲဖြစ်လိမ့်မယ်။

ငါတို့က

နင်နဲ့ရန်သူမဖြစ်ချင်ဘူး။ငါတို့အရင်ကပြောခဲ့သလိုပဲ နင်ဆန္ဒရှိရင် ငါတို့အားလုံး ချက်ချင်းမိတ်ဆွေတွေဖြစ်သွားနိုင်တယ်။"

"မဟုတ်ဘူး၊

တခြားအခြေအနေရှိရမယ်!"ထိုအချိန်တွင်ကျွမ်းကျင်သူများစွာ၏ အကာကွယ်နှင့်အတူ ကောရာဇ်ဟန်က ယင်ရှမ်အာ နှင့်မီးခိုးရောင်ဝတ်လူ၏နံဘေးသို့ရောက်ရှိလာသည်။သူက ယန်ယဲ့ကိုစိုက်ကြည့်ပြီး

"တောင်ပိုင်းနယ်မြေရဲ့တပ်တွေက ဗဟိုနယ်မြေကနေ ဆုတ်ခွာပြီး ငါ့အင်ပါယာပိုင်နက်ကို ပြန်ပေးရမယ်။ဒါမှသာ ငါတို့တကယ် မဟာမိတ်ဖြစ်လာနိုင်မယ်!

ယင်ရှမ်အာ၏လှပသော မျက်ခုံးများက တွဲချည်ထားသည်။"ဒါက မကောင်းပါဘူး။"

မှန်ပါသည်။ ယန်ယဲ့က ရုတ်တရက် ရယ်မောလိုက်ပြီး "ဗဟိုနယ်မြေကနေ ထွက်သွားရမှာလား။မင်းရဲ့အင်ပါယာနယ်မြေကို

ပြန်ပေးရမလား။ဟားဟား!မင်း....ဧကရာဇ်ဟန်
! မင်းက ရူးနေပြီထင်တယ်။"

"မင်းသဘောမတူရင်
တိုက်ပွဲမှာဆုံမယ်!"ဧကရာဇ်ဟန်က
ခပ်ပြတ်ပြတ်ပင် ထပ်ပြောလိုက်သည်။

ယန်ယဲ့၏ပါးစပ်ထောင့်တွင်
အတန်ငယ်ကြီးမားသော အပြုံးတစ်ခု
ထွက်ပေါ်လာပြီးနောက်
ခရမ်းရောင်မင့်ခ်ကလေးနှင့် လဲ့လင်
နှစ်ယောက်လုံးကို အချက်ပြလိုက်သည်။

အငယ်ကောင်လေးနှစ်ဦးက

သူ့ရည်ရွယ်ချက်ကို နားလည်သည့်အလား

ငြင်းဆန်မနေကြဘဲ မူလစေတီထဲသို့ ချက်ချင်း

ဝင်ရောက်သွားကြသည်။

ထို့နောက် ယန်ယွဲ့က

သူ့ဓားကိုဆုပ်ကိုင်ထားရင်း ၎င်းတို့ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာသည်။

"မြောက်ပိုင်းနယ်မြေရဲ့အကြီးအကဲ!မင်းရဲ့စ

ကားတွေက တကယ်ကို

ရယ်စရာကောင်းတယ်။အားလုံး

ငါနဲ့ရန်သူမဖြစ်ချင်ဘူးလို့

အဆက်မပြတ်ပြောနေကြပေမယ့်
မင်းတို့ရဲ့လုပ်ရပ်တွေက
ဒီအတိုင်းပါပဲ။အဲဒီလိုဆိုတော့ မင်းလည်း
ဒီအချိန်ကစပြီး ငါ့ရန်သူပဲ။မင်းမှာ ရွှေအစောင့်
ဒီထပ်များများမရှိဘူးလား။မဟုတ်ဘူး၊မင်း ဒီနေ့
ငါ့ကိုသတ်ဖို့ လုံလောက်လား ကြည့်ရအောင်။

ယန်ယဲ့က ပြောပြီးသည်နှင့်
သူ၏ဓားစိတ်ဆန္ဒဓားကို
ချက်ချင်းဆွဲထုတ်လိုက်ရာ
ခရမ်းရောင်ဓားစွမ်းအင် အလင်းတန်းတစ်ခု
ရှေ့သို့ ပေါက်ကွဲထွက်လာသည်။

ခရမ်းရောင်အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက် သူ့ရှေ့တွင်
ရပ်နေသော ရွှေအစောင့်အကြပ် အယောက် ၂၀
ကျော်က အသံတစ်သံမျှပင် မထွက်ဘဲ
ခေါင်းများ လေထဲသို့ ချက်ချင်း
ပျံတက်သွားကြသည်။
ဓားစွမ်းအင်အလင်းတန်းက ပြန့်ကျဲမသွားဘဲ
ကေရာဇ်အကြီးပေး ဆီသို့
ဦးတည်သွားလေသည်။
သို့သော်လည်း၊ ကေရာဇ်အကြီးပေး
ရှေ့သို့ရောက်ခါနီးတွင် မဟာရွှေအစောင့် ၃

ယောက်က လျှပ်တစ်ပြက်

ရှေ့တိုးလာပြီးနောက် ရွှေရောင်ဓားကြီး ၃

ချောင်း မြောက်တက်လာက ယန်ယဲ့၏

ဓားစွမ်းအင်ကို တပြိုင်နက် ခုခံလိုက်ကြသည်။

အုန်း!

ရွှေရောင်ဓား ၃ ချောင်းလုံး

အပိုင်းပိုင်းကွဲထွက်သွားကာ

ရောမပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာ၏။

ဓားစွမ်းအင်အလင်းတန်းက ရပ်တန့်မနေပါ။

ရှေ့ကိုသာ ဆက်၍တိုးဝင်သွားပြီး

မဟာရွှေအစောင့်တစ်ကောင်၏ရင်ဘတ်ကို
ထိမှန်ကာ ချက်ချင်းဆိုသလို အပိုင်းပိုင်း
ပေါက်ကွဲသွားစေသည်။

စစ်မြေပြင်ရှိ လူတိုင်း
အံ့သြတုန်လှုပ်သွားကြသည်။

အကြောင်းအရင်းမှာ ဤတိုက်ခိုက်မှုက
ယန်ယဲ့၏ အစစ်အမှန်ခွန်အားဖြစ်ကြောင်း
သိလိုက်ရသောကြောင့်ပါ။

မီးခိုးရောင်ဝတ်လူက လက်သီးများကို တင်းတင်းဆုပ်ထားသည်။

ပြောရလျှင် သူလည်း ယန်ယဲ့၏တိုက်ခိုက်မှုက အမှန်ပင် ကြောက်စရာကောင်းလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ဓားတစ်ချက်တည်းက ရွှေအစောင့်နှင့် မဟာရွှေအစောင့် အယောက် ၂၀ ကျော်ကို သတ်ပစ်ခဲ့သည်မဟုတ်ပါလား။

ယန်ယဲ့၏ခွန်အားက သူထင်ထားသည်ထက်ပင် ပို၍ ကြောက်စရာကောင်းနေသည်ဟု ဆိုလိုပါသည်။

"ဒီနေ့ သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါး မပေါ်ဘူးဆိုရင်၊ မဟုတ်ရင် ငါယန်ယဲ့က မြင့်မြတ်သောဟန်အင်ပါယာရဲ့ တော်ဝင်မိသားစုကို တိုက်ကြီးကနေ အပြီးတိုင် ဖယ်ရှားပစ်မယ်။" ယန်ယဲ့၏ခန္ဓာကိုယ်ထဲက ဓားချီကြိုးတစ်ချောင်း ရုတ်တရက် ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်ရှိ လူတိုင်းအပေါ်သို့ ဖိနှိပ်ကာ ကောင်းကင်နှင့် မြေကြီးကို ဖုံးလွှမ်းသွားခဲ့သည်။

"ယန်ယဲ့! မင်းက သေလမ်းရှာတာဘဲ။မင်းက တောင်ပိုင်းနယ်မြေကို ဖျက်ဆီးမှုဆီ

ဦးတည်နေတယ်။ကေရာဇ်ဟာန်က
လေးလံသောအသံဖြင့် အော်ဟစ်လိုက်သည်။

ယန်ယဲ့က ဓားစိတ်ဆန္ဒများကို
ကေရာဇ်ဟာန်၏မျက်နှာတည့်တည့်
ထိုးချိန်လိုက်ပြီး "ငါ သေမလား
မသေလားတော့မသိဘူး၊ ဒါပေမဲ့ မင်းကတော့
သေချာပေါက် သေလိမ့်မယ်။"

ထိုအချိန်မှာပဲ ရွှေအစောင့်တပ်ဖွဲ့ကြီးတစ်ခုက
မီးခိုးရောင်ဝတ်လူရှေ့တွင်
ရုတ်တရက်ပေါ်လာသည်။

၎င်းတို့က ရွှေအစောင့်စစ်သည် ၂၀၀ နှင့်
မဟာရွှေအစောင့် ၁၀ ယောက်ပါဝင်သော
တပ်ဖွဲ့ဖြစ်သည်။

ရွှေအစောင့် ၂၀၀ နီးပါးခန့် တပ်ဖွဲ့ကို
စိုက်ကြည့်နေရင်း ယန်ယွဲ့၏မျက်လုံးများက
ရက်စက်မှုများ ထွက်ပေါ်လာသည်။

ရုတ်တရက် ရွှေရောင်အလင်းတန်းတစ်ခု
ဖျတ်ခနဲ လင်းလက်လာပြီး သူ့ဘေးနားမှာ
အန်နန်ကျင်း ပေါ်လာသည်။

"အန်နန်ကျင်း...."

အန်နန်ကျင်းကို မြင်တွေ့လိုက်သောအခါ
ကေရာဇ်ဟန်၏မျက်နှာအမူအရာက
သိသာစွာပင် ပျက်ယွင်းသွားပါတော့သည်။

သူတင်မဟုတ်ဘဲ လူတိုင်း
ထိတ်လန့်သွားကြ၏။

အန်နန်ကျင်း၏ခွန်အားကို သူတို့အားလုံး
သိထားကြည်မဟုတ်ပါလား။

ဆန်းကြယ်တိုက်ကြီး၏လူငယ်မျိုးဆက်မှာ
ယန်ယွဲ့ကို ယှဉ်နိုင်သည့်

တစ်ယောက်တည်းသော
လူငယ်မျိုးဆက်ပါရမီရှင် ဖြစ်သည်။

"သူမရဲ့ကံကြမ္မာကို မသိရသေးလောက်အောင်
ဒဏ်ရာအပြင်းအထန် ရခဲ့တာမဟုတ်လား!"
ကေရာဇ်ဟန်၏ မျက်နှာက
မမြင်နိုင်လောက်အောင်ပင်။ ယန်ယွဲ့
တစ်ယောက်တည်းက သူတို့အတွက်
အကြီးအကျယ် ခြိမ်းခြောက်နေသည်ဖြစ်ရာ
အန်နန်ကျင်း ထပ်မံ၍ ပေါ်လာသဖြင့်
မည်သို့ဆက်လုပ်နိုင်တော့မည်နည်း။

ဤအခိုက်တွင် ယန်ယဲ့က ဘေးကိုလှည့်ကာ အန်နန်ကျင်းအား စိုက်ကြည့်နေသည်။

သူမက ယန်ယဲ့စိုးရိမ်နေသည်ကို သတိထားမိဟန်ဖြင့် ငါ့ရဲ့ဒဏ်ရာတွေက သက်သာနေပါပြီ။ငါ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ တချို့ပြဿနာတွေက သိုင်းကျေရာဇ်အဆင့် တက်တဲ့အချိန်မှာ သက်ရောက်မှုရှိနိုင်ပေမယ့် လက်ရှိကိုတော့ မထိခိုက်စေနိုင်ဘူး။အတိုချုပ်ပြောရရင် ငါ ဆုံးဖြတ်ချက်ချပြီးပြီ!"

ယန်ယဲ့က တစ်ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး "အဲလိုဆိုမှတော့
ငါတို့ရှေ့က အရာအားလုံးကို
ဖျက်ဆီးလိုက်ကြရအောင်!"

သူစကားပြောပြီးသည်နှင့် ရုတ်တရက်
သူ့လက်ထဲက ဓားစိတ်ဆန္ဒများကို
ဆွဲထုတ်လိုက်ရာ ခရမ်းရောင်ဓားစွမ်းအင်
အလင်းတန်းတစ်ခု ရှေ့သို့ ထွက်ပေါ်လာသည်။
ခရမ်းရောင်ဓားစွမ်းအင်အလင်းတန်း
ဖြတ်သွားတိုင်း ထိမှန်သည့် ရွှေအစောင့်များ

အားလုံး မြေပြင်ပေါ် တဝုန်းဝုန်း
ပြိုလဲကျသွားပါသည်။

ဝုစ်....ဝုစ်...

ဤအချိန်တွင် ယန်ယဲ့က သူ၏ ညာခြေကို
မြေပြင်သို့ တစ်ချက်ပုတ်ကာ
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲ၍
ရွှေအစောင့်တပ်ဖွဲ့ဆီသို့ ပျံသန်းသွားလေသည်။
အလားတူပင် အန်နန်ကျင်းကလည်း
ထိုအရာကိုမြင်တွေ့ပြီးနောက်
ရွှေရောင်အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲကာ
ယန်ယဲ့၏ဘေးနားကနေယှဉ်လျက်လိုက်ပါသွား
လေသည်။

အုန်း!

နှစ်ယောက်သား ရွှေအစောင့်တပ်ဖွဲ့ထဲသို့
ဝင်လိုက်သည်နှင့် တပြိုင်နက် ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာပြီး
ရွှေအစောင့်အများအပြား ပတ်ဝန်းကျင်ဆီသို့
လွင့်ပျံလာကြသည်။

အန်နန်ကျင်းက သာမန်အချိန်ထက်
မိုးကောင်းကင်ခွဲလုံကို ဆုပ်ကိုင်ထားစဉ်မှာ
အလွန်ပင် ကြောက်စရာကောင်းလှသည်။

မိုးကောင်းကင်ခွဲလုံ ဖြင့် ထိသွားသည့်
ရွှေအစောင့်တိုင်း ချပ်ဝတ်တန်ဆာပေါ်တွင်
မရေမတွက်နိုင်သော အက်ကြောင်းများ
ချက်ချင်း ပေါ်လာကာ
အပိုင်းပိုင်းကွဲထွက်သွားခဲ့လေသည်။

၇၇၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၁ - သတ်ဖြတ်ပွဲအစ

“ကေရာဇ်အကြံပေး….” ယင်ရှမ်အာက စိုးရိမ်တဲ့အမူအရာနဲ့ပြောလေသည်။ "ဒီလိုသာဆက်ဖြစ်ရင် ငါတို့ရဲ့ရွှေအစောင့်တွေက လုံးဝပျက်ဆီးသွားလိမ့်မယ်!"

မီးခိုးရောင်ဝတ်လူက ခဏတာ ငြိမ်နေသည်၊

"ဟား…. သိုင်းနတ်ဘုရား နဲ့ ဓားအင်ပါယာက မဟာပြိုင်ဖက်တွေလို့ ယူဆခဲ့ပေမယ့် အခုချိန်မှာတော့ ပူးပေါင်းသွားခဲ့ပြီ။ ရှမ်အာ! မင်းမှန်တယ်။ ဒီလိုဆက်ဖြစ်နေရင် ငါတို့ရဲ့ရွှေအစောင့်တပ်တွေကတကယ်ပဲ ပျက်သုဉ်းသွားလိမ့်မယ်။ ငါထပ်ခေါ်ရင်တောင်မှ ထူးခြားမှုရှိလာမှာမဟုတ်ဘူး။"

ကေရာဇ်ဟန်၏အမူအရာက သိသိသာသာပြောင်းလဲသွားသည်။

မီးခိုးရောင်ဝတ်လူကို စိုက်ကြည့်ကာ
"မင်းစကားပြန်ပြင်ဖို့ စဉ်းစားနေတာလား။"

မီးခိုးရောင်ဝတ်လူက "ငါ စကားပြန်ပြင်ချင်တာ
မဟုတ်ဘူး၊ ကူညီဖို့ အစွမ်းအစ မရှိတော့ဘူး"
ဟု ပြောလိုက်ပါသည်။

"ငါတို့ ပူးပေါင်းရင် သူတို့ကို တားနိုင်မယ်!"
ကေရာဇ်ဟန်က အသံတိုးတိုးဖြင့်ပြောလိုက်၏။

မီးခိုးရောင်ဝတ်လူက “ကံမကောင်းစွာပဲ၊ မင်းရဲ့ မြင့်မြတ်သောဟန်အင်ပါယာမှာ ပညာရှင်တွေ မရှိတော့ဘူး” ဟု ပြန်ဖြေသည်။
ထိုစကားပြောနေစဉ်မှာပဲ မီးခိုးရောင်ဝတ်လူက ယန်ယွဲ့နှင့် အန်နန်ကျင်းကို  စိုက်ကြည့်ရင်း “မင်းတို့ ရပ်နိုင်ပြီ။ မင်းတို့ ဒီတိုက်ပွဲကို အနိုင်ရပြီးပြီ။"

"မင်းပြောတဲ့အတိုင်း ငါတို့ကဘာလို့လုပ်ရမှာလဲ" ယန်ယွဲ့က သူ့ဓားကို အမြန်ဆွဲထုတ်ရင်း အေးစက်စွာ ရယ်မောလိုက်သည်။

ဓားစွမ်းအင်အလင်းတန်းတစ်ခု လင်းလက်သွားသလို ရွှေအစောင့် ၁၀ ယောက်ကျော် ၏အပျက်အစီးများက လေထဲ လွင့်ပျံသွားပါသည်။

ဘုန်း!

နှစ်ယောက်လုံးက မီးခိုးရောင် ဝတ်လူရှေ့တွင် ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ဓားနှင့်လှံတစ်ချောင်းက

မီးခိုးရောင်ဝတ်ထားသူ၏နဖူးနှင့် ဝမ်းဗိုက်ဆီသို့
အသီးသီး ထိုးသွင်းသွားသည်။

သို့သော် ရုတ်တရက်ဆိုသလိုပင်
သူတို့နှစ်ယောက်၏ မျက်နှာများက ချက်ချင်း
ပြောင်းလဲသွားပါတော့သည်။

အဘယ်ကြောင့်ဆိုသော် မီးခိုးရောင်ဝတ်လူက
ဓားစိတ်ဆန္ဒဓား နှင့် မိုးကောင်းကင်ခွဲလှံကို
လက်နှစ်ချောင်းဖြင့်
ညှပ်ကိုင်ထားသောကြောင့်ပင်။

ဤအခိုက်အတန့်တွင် ယန်ယဲ့နှင့်
အန်နန်ကျင်း၏ မျက်နှာပင်လျှင် သိသိသာသာ
ပြောင်းလဲသွားခြင်းမဟုတ်ပေ။

ကောရာဇ်ဟာန် နှင့် ယင်ရှမ်အာ တို့၏
အမူအရာများပင် ပြောင်းလဲသွားခဲ့သည်။

အထူးသဖြင့်
ယင်ရှမ်အာ၏မျက်နှာလှလှလေးက
အံ့အားသင့်မှုများ၊ ထိတ်လန့်မှုများ
အမျိုးစုံအောင်ဖြတ်ပြေးနေသည်။

ကေရာဇ်အကြံပေးက

အစွမ်းထက်ပညာရှင်တစ်ဦးဖြစ်ကြောင်း သူမ

သိထားသော်လည်း ဤမျှထိတော့

မထင်ထားခဲ့ပေ။

အဆင့် ၉ သိုင်းကေရာဇ်ပင်လျှင် ယန်ယဲ့ နှင့်

အန်နန်ကျင်း တို့၏ ပူးပေါင်းတိုက်ခိုက်မှုကို

ခုခံနိုင်မည်မဟုတ်ပေ။

"ကေရာဇ်အကြံပေးက

သူတော်စင်တစ်ပိုင်းအဆင့်

ဖြစ်နေတာများလား။"

"မင်းတို့နှစ်ယောက်လုံးက ငါ့အတွက်
ဘယ်လိုမှ ပြိုင်ဖက် မဖြစ်နိုင်ဘူး။"
မီးခိုးရောင်ဝတ်လူ ထံကနေ လစ်လျူရှုသည့်
အသံတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့နှင့်
အန်နန်ကျင်း တို့နှစ်ဦးလုံးကို အားလှိုင်းတစ်ခုက
တွန်းထုတ်လိုက်သည်။

နှစ်ဦးသား မီတာ ၃၀ ကျော်အကွာထိ
ဆက်တိုက်ဆုတ်ခွာသွားပြီးမှသာ
ရပ်တန့်လိုက်နိုင်၏။

"ငါဒါကိုမယုံပေမယ့်!" ယန်ယဲ့က
သူ့ဘယ်ဖက်လက်ကို လှန်လိုက်ရာ
ဖိနှိပ်ရေးကျောက်တုံး ပေါ်လာသည်။

ဖိနှိပ်ရေးကျောက်တုံး ပေါ်လာသည်နှင့်
မီးခိုးရောင်ဝတ်လူ အပါအဝင်
မြင့်မြတ်သောဟန်အင်ပါယာ၏
ပညာရှင်များအားလုံး မူလအဆင့်ကနေ
အောက်တစ်ဆင့်သို့ ချက်ခြင်း
ဖိနှိပ်ခံလိုက်ရသည်။

ကေရာဇ်ဟန်နှင့် အခြားသူများ၏
အမူအရာများ သိသိသာသာ ပြောင်းလဲသွားကာ

အားလုံး တွန့်ဆုတ်မနေဘဲ နောက်ကိုလှည့်၍ အလျင်အမြန်ထွက်ခွာလိုက်ကြသည်။

"သတ်!"ယန်ယဲ့ သည် သူ၏ ညာခြေကို မြေပြင်ပေါ်သို့ နင်းလိုက်ပြီးနောက် မီးခိုးရောင်ဝတ်လူ ရှေ့ကို ချက်ချင်းရောက်ရှိလာကာ ၎င်း၏ရင်ဘတ်အား ဓားဖြင့် တရကြမ်း ခုတ်ပိုင်းချလိုက်သည်။

ထိုအချိန်တွင် အန်နန်ကျင်းက သူ့ညာဘက်တွင် ပေါ်လာပြီး သူမ၏ရွှေရောင်လှံရှည်က

အလင်းရောင်စူးရှစွာ တောက်ပလာပြီး
မီးခိုးရောင်ဝတ်လူ၏ ရင်ဘတ်ကို
ထိုးသွင်းလိုက်လေသည်။

ဓားနှင့်လှံက မီးခိုးရောင်ဝတ်လူ၏ရင်ဘတ်နှင့်
မီတာ အနည်းငယ်အကွာတွင်
၎င်း၏ခန္ဓာကိုယ်ကနေ ထူးဆန်းသော
အပြာရောင်စွမ်းအင် အတားအဆီးတစ်ခု
ပေါ်လာသည်။

အုန်း!

တိုက်ခိုက်မှုနှစ်ခုက
အပြာရောင်စွမ်းအင်အတားအဆီးကို
ထိမှန်သွားပြီးနောက် ပြင်းထန်စွာ လှုပ်ခါပြီး
မရေမတွက်နိုင်သော အက်ကြောင်းများ
ပေါ်လာသည်။

ထို့အပြင် မီးခိုးရောင်ဝတ်လူကလည်း
နောက်သို့ ခြေလှမ်း ၅လှမ်းထိပင်
ဆုတ်ခွာသွားခဲ့သည်။

"ချိုးဖျက်စမ်း!" ယန်ယဲ့က ရုတ်တရက်ပင် သူ့ညာလက်ကို လိမ်လိုက်ရာ ဓားရှေ့မှ အတားအဆီးက  ချက်ချင်းကွဲအက်သွားသည်။ တစ်ချိန်တည်းတွင် အန်နန်ကျင်း၏ မိုးကောင်းကင်ခွဲလှံ ကလည်း မီးခိုးရောင်ဝတ်လူ ၏ရင်ဘတ်ကို လျင်မြန်စွာ ထိုးသွင်းလိုက်လေသည်။

အုန်း!

မီးခိုးရောင်ဝတ်လူက ခြေလှမ်း ၁၀ လှမ်း ကျော် နောက်ပြန်ဆုတ်သွားချိန်တွင် ဓားစွမ်းအင်များက တစ်စစီ ကွဲထွက်သွားသည် ။

ဤမြင်ကွင်းကြောင့် ယန်ယဲ့၏ မျက်လုံးများက တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းလာသည်။

"သူက တကယ်ပဲ ချေဖျက်နိုင်လိုက်တယ်။ ဤတိုက်ခိုက်မှုမှာ ကောင်းကင်ဖျက်ဆီးခြင်းဓား ၆ ကြိမ်းထပ် ပေါင်းစပ်ထားသည့်အပြင်

မိုးကြိုးငါးသွယ်ဓားကျင့်စဉ် အဆင့် ၃ နှင့်ပါ
ထပ်မံ မြှင့်တင်ထား၏။

ထိုတိုက်ခိုက်မှုက အဆင့် ၉ သိုင်းကောရာဇ်
ပင်လျှင် ခုခံနိုင်သောအရာမဟုတ်ပေ။

သို့သော် မီးခိုးရောင်ဝတ်လူကတော့
ဖိနှိပ်ရေးကျောက်တုံး ဖြင့်
ဖိနှိပ်ခံထားရသည့်တိုင်
သူ့တိုက်ခိုက်မှုကိုချေဖျက်ပစ်နိုင်ခဲ့၏။

"မြောက်ပိုင်းနယ်မြေရဲ့ အကြီးအကဲဖြစ်တဲ့ ဒီ ရှန်မင်းဆက်ရဲ့ကြေရာဇ်အကြံပေးက ဘယ်သူလဲ။"

အန်နန်ကျင်း၏ အမူအရာသည်ပင် ပြင်းထန်လာပြီး မိုးကောင်းကင်ခွဲလုံ ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

မီးခိုးရောင်ဝတ်လူ သူ့လက်နှစ်ဖက်လုံးကို တစ်ချက်ကြည့်လိုက်သည်။ လက်နှစ်ဖက်လုံး ဓားဒဏ်ရာနှင့် လုံချက်များ ရှိနေကာ "မင်းတို့

ငါ့ကို တကယ်ပဲ ဒဏ်ရာရစေလိမ့်မယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။
ကြည့်ရတာ မင်းတို့ကို လျှော့တွက်မိနေတုန်းပဲ။
ဒီနေ့ ကိစ္စကို ဒီအတိုင်းထားလိုက်ရအောင်။
မင်းတို့ငါ့ကိုသတ်ဖို့မေ့လိုက်ပါ။
ဘာကြောင့်လဲဆိုတော့ မင်းရဲ့ဆရာက ငါ့ကို
မတိုက်ခိုက်ရင် ဒီတိုက်ကြီးမှာ ငါ့ကို ဘယ်သူမှ
မသတ်နိုင်ဘူး။

မင်း ဒီကလေးမလေးနဲ့ ပေါင်းတိုက်ရင်တောင်
မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ မင်းတို့နှစ်ယောက်လုံး
သိုင်းကေရာဇ်အဆင့် ကို ရောက်သွားရင်တော့
စမ်းကြည့်လို့ရတယ်။”

"မင်းက သူတော်စင်တစ်ပိုင်းအဆင့်ပဲ!" ယန်ယွဲ့က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

မီးခိုးရောင်ဝတ်လူက "ယန်ယွဲ့! မင်းရဲ့အကျင့်စရိုက်က ဓားတာအို မင်းရဲ့ဒီလို အောင်မြင်မှုတွေပိုင်ဆိုင်ရတဲ့ အကြောင်းအရင်း ဖြစ်ပေမယ့် အဲဒါကြောင့် မင်းလည်း ဒုက္ခအများကြီး ကြုံရလိမ့်မယ်။ ခေါင်းမာသူဆိုတာက ရှေးခေတ်မှာကတည်းက ရှိခဲ့တဲ့ နိယာမတစ်ခုပဲ။ အခြေအနေအရ

ဘယ်လိုလုပ်ရမယ်ဆိုတာကို မသိရင် မင်းက အနာဂတ်မှာ အတောမသတ်နိုင်တဲ့ ဒုက္ခတွေရင်ဆိုင်ရလိမ့်မယ်။ ငါ ဒါပဲပြောစရာရှိတယ်။ မင်းကြိုက်သလိုလုပ်!" မီးခိုးရောင်ဝတ်လူက စကားဆုံးသည်နှင့် ယင်ရှမ်အာ နှင့်အတူ ပျောက်ကွယ်သွားသည် ။

ယန်ယဲ့သည် ထိုနေရာတွင် ခဏကြာထိ နှုတ်ဆိတ်နေပြီးမှ "ငါ အခုချက်ချင်း သဘောတူလိုက်ရင် တောင်ပိုင်းနယ်မြေက ရန်သူ ၂ ဦး ချက်ချင်းဆုံးရှုံးပြီး မဟာမိတ် ၂ ခုကို ရလိမ့်မယ်။ ဒါပေမဲ့

မြင့်မြတ်သောဟန်အင်ပါယာရဲ့
တော်ဝင်မိသားစုကို ဖျက်ဆီးချင်တဲ့အတွက် ငါ
သဘောမတူခဲ့ဘူး။ ဒီအဖြစ်အပျက်တွေအပြင်
အရင်တုန်းကလည်း
အလားတူဖြစ်ရပ်မျိုးတွေလည်း ရှိခဲ့တယ်။
ငါသာ လိုက်လျောညီထွေ ဖြစ်အောင်
လုပ်နိုင်ရင် သူတို့ဟာ အဆိုးဆုံး ဖြစ်နိုင်ခြေရှိတဲ့
မြင်ကွင်းကို ရောက်သွားမှာ မဟုတ်ဘူး။
နန်ကျင်း၊ ငါမှားသွားသလား"

အန်နန်ကျင်းက ယန်ယွဲ့ကို မျက်နှာမူကာ
လျှောက်လာပြီးနောက်

သူမ၏သွယ်လျသောလက်ချောင်းလေးကို ဆန့်ထုတ်ကာ ယန်ယွဲ့၏ ရင်ဘတ်ကို ညွှန်ပြသည်။ "အမှားအမှန်က အရေးမကြီးပါဘူး၊ အရေးကြီးတာက နင့်ရဲ့ကိုယ်ကိုကိုယ်သိစိတ် ရှင်းနေဖို့ပဲ။ မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးလိုက်လို့ အပြစ်ရှိလား မရှိဘူးလားဆိုတာ နင့်ကိုယ်နင် မေးပါ။"

ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။ မြင့်မြတ်သောဟန်အင်ပါယာက သူ့ကိုသတ်ရန်

ရည်ရွယ်ချက်ဖြင့် တစ်ကြိမ်ထက်မက ပို၍ လုပ်ဆောင်ခဲ့သည်မဟုတ်သလော။

သူက ထိုရန်ငြိုးကို အချိန်အတော်ကြာကတည်းကလက်စားချေချင်ခဲ့သည်။

ထို့အတွက် သူ့စိတ်ထဲ အပြစ်ရှိသည်ဟု မခံစားရပေ။ ထို့အပြင် မြင့်မြတ်သောဟန်အင်ပါယာက လက်နက်ချခဲ့လျှင်ပင် ၎င်းကို ယုံကြည်ရန်မဖြစ်နိုင်ပါ။

အန်နန်ကျင်းက ပြောသည် “အဲဒါမျိုးဆိုရင် သူပြောတာကို ဘာလို့ ဂရုစိုက်တာလဲ။ နင့်နှလုံးသားမှာ အပြစ်ရှိတာ ဒါမှမဟုတ် ကြောက်ရွံ့နေတယ်ဆိုတာမရှိလို့ ရှေ့ကိုပဲဆက်တိုးသင့်တယ်။ ဘာပဲဖြစ်ဖြစ် ငါနင်နဲ့ အတူရှိနေမယ်!"

ယန်ယဲ့က ခဏလောက် ငြိမ်သက်စွာ ပြုံးလိုက်ပြီး “မင်းပြောတာ မှန်တယ်။ အခု သဘောတူခဲ့မယ်ဆိုရင် မဟာမိတ် ၂ ခုလောက် ရနိုင်ပေမယ့် အဲဒါက ငါလိုချင်တဲ့အရာတော့ မဟုတ်ဘူး။ ဒါ့ပြင် တခြားသူရဲ့

ခြိမ်းခြောက်မှုတွေကို ငါ ယန်ယဲ့ ဘယ်လို ခံယူနိုင်မလဲ။

ဒါဆို ဆက်သွားလိုက်ရအောင်။ နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကြာအောင် တည်ရှိနေတဲ့ ဒီရှေးဟောင်းအင်ပါယာကို ငါယန်ယဲ့ ကိုယ်တိုင်ဖျက်ဆီးပစ်မယ်။"

ဂျုန်း!

ရုတ်တရက် မြို့ထဲကနေ ရောမမိုးချိန်းသံကြီးကဲ့သို့ ကျယ်လောင်သော အသံကြီးထွက်ပေါ်လာသည်။ ထို့နောက်

ပြင်းထန်သောလှိုင်းလုံးများနှင့်အတူ မြေပြင်တစ်ခုလုံး တုန်လှုပ်သွား၏။

"ခရမ်းရောင်အသေခံတပ်ဖွဲ့!"
ထိုစကားပြောရင်း အန်နန်ကျင်း၏ ခန္ဓာကိုယ်ထဲကနေ ဆန်းကြယ်ချီစွမ်းအင်များ တဟုန်ထိုး ပေါက်ကွဲထွက်လာပြီး "ဒီစစ်တပ်က မြင့်မြတ်သောဟန်အင်ပါယာရဲ့ နောက်ဆုံးလက်ကျန် ဝှက်ဖဲတွေထဲက တစ်ခုဖြစ်နိုင်တယ်။ အားလုံးက ချီးမြှောက်ခြင်းနယ်ပယ်မှာပဲရှိပေမဲ့ သိုင်းကျေရာဇ်တွေထက်တောင်

အားမနည်းဘူး။ တကယ်လို့ သူတို့သာ ခွန်အားအပြည့်နဲ့တိုက်ခိုက်မယ်ဆိုရင် အဆင့် ၉ သိုင်းကျောင်းတော်တွေတောင် သူတို့ကို ထိပ်တိုက်မတိုက်ရဲတော့ဘူး။”

ယန်ယဲ့က ချက်ချင်း ခေါင်းညိတ်လိုက်သည်။ ခရမ်းရောင်အသေခံတပ်ဖွဲ့ကနေ ထွက်လာသည့်အငွေ့အသက်များက သာမန်မြင်းစီးစစ်သည်များမဟုတ်ကြောင်း သိသာလေသည်။

သူ့လက်ကောက်ဝတ်ကို

တစ်ချက်လှည့်လိုက်ရာ

ဓားစိတ်ဆန္ဒဓားတစ်ချောင်း ပေါ်လာသည်။

ထို့နောက်တွင် သူ့ခန္ဓာကိုယ်ထဲကနေ

ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ

ထွက်ပေါ်လာကာ

ဓားစိတ်ဆန္ဒအတားအဆီးတစ်ခုကို ဖန်တီးရင်း

မြင်းတပ် ခံကနေ ထွက်လာသည့် အရှိန်အဝါကို

ကာကွယ်လိုက်သည်။

"သတ်!" မြင်းစီးစစ်သည်များက ဒေါသတကြီးအော်ဟစ်ကြုံးဝါးကာ လှံရှည်များကို ကောင်းကင်ဆီသို့ ညွှန်ပြပြီး ရှေ့ကို တရကြမ်းချီတက်လာကြလေသည်။ ၎င်းတို့၏ အသံများက ကောင်းကင်ယံတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည့် မိုးခြိမ်းသံကဲ့သို့ပင်။

၁၁၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၂ - သွေးများ မြေပြင်ကို ဖုံးလွှမ်းခြင်း

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့နှစ်ဦးလုံးက ခွန်အားကို လုံးဝမထိန်းထားကြတော့ပေ။ သူတို့နှစ်ဦး၏ တိုက်ခိုက်မှုတိုင်းက ရက်စက်ကြမ်းကြုတ်စွာနဲ့ မြင်းစီးစစ်သည်များစွာ၏ အသက်ကို တစ်ခဏလေးအတွင်း နှုတ်ယူသွားပါတော့သည်။

သိပ်မကြာခင်မှာပဲ မြင်းစီးစစ်တပ်၏

ထက်ဝက်နီးပါးက ပျက်သုဉ်းသွားလေသည်။

ကေရာဇ်ဟန်က ရုတ်တရက် သူ့နောက်မှ

ပညာရှင်များကို လှည့်ကြည့်ကာ

စူးစိုက်ကြည့်ရင်း "အားလုံး ထွက်သွားနိုင်ပြီ။

မင်းတို့လိုချင်ရင်

လက်မြှောက်နိုင်အရှုံးပေးနိုင်တယ်။

ယန်ယဲ့က တောင်ဝင်မိသားစုကိုပဲ

ဖျက်ဆီးဖို့ရည်ရွယ်ထားတာ။ မင်းတို့

သူ့ကိုမဆန့်ကျင်ရင် အားလုံး
အသတ်ခံရမှာမဟုတ်ဘူး။”

"ကေရာဇ်!" ထိုပညာရှင်များက
ထိတ်လန့်သွားကာ ကေရာဇ်ဟန်အား
အလျင်အမြန် ဦးညွတ်လိုက်ကြသည်။
"ငါတို့အားလုံး ကေရာဇ်နဲ့အတူ အသက်ရှင်ပြီး
အတူသေဆုံးမယ်။"

ကေရာဇ်ဟန်က သူ့လက်ကို
ဝှေ့ယမ်းပြီးပြောလိုက်သည်။ "မင်းတို့အားလုံး

အခုထိ ဒီမှာရှိနေတယ်ဆိုတာ
မင်းတို့ရဲ့သစ္စာစောင့်သိမှုကို
သက်သေပြနိုင်ခဲ့ပြီ။ ငါမင်းတို့အားလုံးကို
စမ်းသပ်နေတာမဟုတ်ဘူး။
သိုင်းကျောင်းတွေတောင် ယန်ယွဲ့ နဲ့
အန်နန်ကျင်း ကို မတားဆီးနိုင်ဘူး။
ဒီမှာနေနေတာက မင်းတို့ရဲ့အသက်ကို
စွန့်လိုက်တာနဲ့ အတူတူပဲ။လက်နက်ချလိုက်ပါ။
ဒီကျောင်းကို ထားခဲ့လိုက်တော့!"

"ကျောင်း ဟန်၊ ငါတို့ သေချာပေါက်
အရှုံးမပေးဘူး!" စစ်ဗိုလ်ချုပ်တစ်ဦးက

“ကေရာဇ်ဟန်၊ ကျေးဇူးပြုပြီး နဂါးအစောင့်နဲ့ သွေးစောင့်တပ်ကို လွှတ်လိုက်ပါ။ သူတို့ကို ခရမ်းရောင်အသေခံစစ်တပ်နဲ့ ပူးပေါင်းခွင့်ပြုပါ။”

ကေရာဇ်ဟန်က ခေါင်းယမ်းကာ “မြင့်မြတ်သော ဟန်အင်ပါယာက ပျောက်ဆုံးသွားတာပဲ ကောင်းတယ်။ ငါတို့က အခြေအနေကို ပြန်လှည့်ကြည့်ဖို့ အင်အားမရှိတော့ဘူး။ အားလုံးထွက်သွားဖို့ အချိန်ရှိသေးတယ်။ မင်းတို့ အခုမလုပ်ရင် အရမ်းနောက်ကျသွားနိုင်တယ်။”

ထို စစ်ဗိုလ်ချုပ်က ဆက်၍ "ကေရာဇ်၊ အခု ကေရာဇ်ရဲ့ဘေးမှာ ရပ်တည်နေတဲ့ ငါတို့အားလုံးကမင်းကို သစ္စာဖောက်တာထက် သေဖို့ပဲဆုံးဖြတ်ထားတယ်။ဒါကြောင့် ဒီလိုမျိုးတွေ ထပ်ပြီး မပြောပါနဲ့။ ငါတို့က ကေရာဇ်နဲ့အတူ အသက်ရှင်ပြီး သေဖို့ ဆန္ဒရှိတယ်!"

ကေရာဇ်ဟာန်က သူ့ကို ဦးညွှတ်ကာ အဆက်မပြတ် ပြောနေသည့် လူတိုင်းကို ခဏတာ စိုက်ကြည့်ကာ ရုတ်တရက်

နောက်ကိုလှည့်၍ နန်းတော်ဖက်သို့ ပြေးသွားကာ “ငါ နန်းတော်ထဲ ပြန်သွားမယ်။ မင်းတို့ ယန်ယဲ့ကို အချိန်ဆွဲထားလိုက်ကြ။” ဟု အမိန့်ပေးလိုက်လေသည်။

ထို့နောက် "ကောင်းပြီ၊ ဒီလိုဆို နဂါးတပ်ဖွဲ့ နဲ့ သွေးတပ်ဖွဲ့တွေ ငါ့အမိန့်ကို နာခံကြ။ ယန်ယဲ့ကို ယာယီ တားဆီးထားရမယ်။ ယန်ယဲ့က ငါ့ရဲ့မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးချင်နေတယ်ဆိုမှတော့တိုက်ကြီးတစ်ခု လုံးကို ငါတို့နဲ့အတူ မြှုပ်နှံလိုက်ကြမယ်!”

ဆူး!

ခရမ်းရောင်အသေခံတပ်ဖွဲ့၏
နောက်ဆုံးတပ်သားတစ်ဦး
ခေါင်းပြတ်တောက်သွားသည့်နောက်
ခရမ်းရောင်အသေခံစစ်တပ်တစ်ခုလုံး
ပျက်သုဉ်းသွားခဲ့သည်။
မြို့တံခါးရှေ့က မြေပြင်တစ်ခုလုံး သွေး
များလွှမ်းသွားလေပြီ။

"သူ ဒုက္ခရောက်လိမ့်မယ်!"
မီးခိုးရောင်ဝတ်လူက မြို့ပြင်တစ်နေရာတွင်
ရပ်နေချိန်မှာ လေးနက်စွာ ပြောဆိုခဲ့သည်။
ယန်ယွဲ့နှင့် အန်နန်ကျင်းတို့
ခရမ်းရောင်အသေခံတပ်ဖွဲ့တစ်ခုလုံးအား
သတ်ဖြတ်ခဲ့သည့်မြင်ကွင်းကြောင့်
ထိတ်လန့်နေဆဲဖြစ်သော ယင်ရှမ်အာက
သူ့ဘေးတွင် ရပ်နေသည်။

သူ့စကားကို ကြားသည့်အခါ
ယင်ရှမ်အာကထိတ်လန့်တကြား ဖြစ်သွားပြီး

"ကေရာဇ်အကြံပေး! သူ့ကို မတားနိုင်ဘူးလား" ဟု ပြောလိုက်ပါသည်။

မီးခိုးရောင်ဝတ်လူက ခေါင်းခါပြီး “ငါ မလုပ်နိုင်ဘူး။ သူက ဒေါသကြီးတဲ့လူတစ်ယောက်ပဲ။ ငါ သူ့ကို အတင်းတားရင် သူ့အပြစ်ဒဏ်ကို ငါပြန်ခံရလိမ့်မယ်။ ဒီလိုမျိုး တန်ကြေးကို မပေးချင်သလို ပေးလည်းမပေးဆပ်နိုင်ဘူး"

ယင်ရှမ်အာက မျက်မှောင်ကြုတ်ပြီး

“နားမလည်ဘူး။

မြင့်မြတ်သောဟန်အင်ပါယာက

အင်အားမရှိတော့သလောက်ပဲလေ။

သူတို့ပိုင်ဆိုင်တဲ့ သူတော်စင်တစ်ပိုင်းအဆင့်

ကလည်း မရှိတော့ဘူးမဟုတ်လား။ ဒါဆို

ဧကရာဇ်အကြံပေးက

ဘာကိုကြောက်နေတာလဲ။

မြင့်မြတ်သောဟန်အင်ပါယာမှာ တခြား

ဝှက်ဖဲအချို့ ရှိနေတာ ဖြစ်နိုင်မလား။

မီးခိုးရောင်ဝတ်လူက
အဖြေကိုမပြောသေးဘဲ"ခဏလောက်
ဆက်ပြီးစောင့်ကြည့်ရအောင်။ မကြာခင်
သိလိမ့်မယ်။ သင်္ချိုင်းစောင့်ဘိုးဘေးက ဒါကို
ဘယ်လိုဖြေရှင်းမလဲဆိုတာ ကြည့်ရအောင်။”

ယင်ရှမ်အာက တိတ်ဆိတ်သွားပြီး အဝေးကို
လှမ်းကြည့်လိုက်ပါသည်။

ယန်ယွဲ့ နှင့် အန်နန်ကျင်း တို့က ဝင်ပေါက်ကို
ဖြတ်လာပြီးနောက်

မြင့်မြတ်သောဟန်အင်ပါယာ၏ စစ်သည်
၁၀,၀၀၀ ကျော် ၎င်းတို့ရှေ့တွင်
ပိတ်ရပ်နေသည်ကို မြင်ပြီး ခြေလှမ်းများ
တုန့်ခနဲ ရပ်လိုက်ကြသည်။

စစ်သည် ၁၀,၀၀၀ ကျော်က
အင်ပါယာနန်းတော်၏ တံခါး၀ ရှေ့မှာ
ပိတ်ရပ်နေခြင်းဖြစ်ပြီး အားလုံး
လက်နက်အပြည့်အစုံနဲ့ တိုက်ခိုက်ရန်
အသင့်ပြင်ထားကြပုံရ၏။

"ငါ နောက်ဆုံးတစ်ခါ ထပ်ပြောမယ်။ အားလုံး ဘေးကိုဖယ်ပါ!" ယန်ယွဲ့က ဘာမှမထူးခြားသော အမူအရာဖြင့် ပြောလိုက်သည်။ သူ့လက်ထဲက ဓားစိတ်ဆန္ဒဓားဟာ ရန်သူမြောက်များစွာ၏ သွေးဖြင့် အနီရင့်ရောင်ပြောင်းကာ သွေးညှီနံ့များပင် ထုတ်လွှတ်နေလေသည်။

"ကေရာဇ်ဟန်ကို သေတဲ့အထိ ကာကွယ်မယ်လို့ ငါတို့ကတိပြုတယ်။" စစ်သည်များအားလုံး တညီတညွတ်တည်း ဒေါသတကြီး အော်ဟစ်၍ ယန်ယွဲ့ နှင့်

အန်နန်ကျင်း တို့ဆီသို့
ပြေးဝင်တိုက်ခိုက်ခဲ့ကြသည်။

"မင်းတို့ဆန္ဒအတိုင်းပဲ။" ယန်ယဲ့က
သူ၏ဓားစိတ်ဆန္ဒများကို ရှေ့သို့
ခုတ်ပိုင်းလိုက်ရာ
ခရမ်းရောင်ဓားအလင်းတန်းတစ်ခု
လင်းလက်သွားသည်။

ခရမ်းရောင်ဓားအလင်းတန်းက စစ်သည်
၁၀,၀၀၀ ကျော်ထံ ပြေးဝင်သွားသည့်နောက်
စစ်သည် ၁၀၀ ကျော် ချက်ချင်းပင်
နှစ်ခြမ်းခွဲခံလိုက်ရလေသည်။

ထိုအချိန်တွင် အန်နန်ကျင်း၏ လက်ထဲမှ
မိုးကောင်းကင်ခွဲလှံ ကလည်း လှံရိပ်များ
ဖြာထွက်လာကာ ကောင်းကင်ထက်ကနေ
စစ်သည်များဆီသို့ ဖုံးလွှမ်းသွားခဲ့သည်။

သတ်ဖြတ်ခြင်း!

သနားညှာတာစိတ်ကင်းမဲ့စွာဖြင့်
အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းပါ။

စစ်သည်များ ထဲ အားအကောင်းဆုံးလူက
သာမန်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များသာဖြစ်သ
ည်။ အများစုမှာ ဝိညာဉ်အဆင့် နှင့်
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူများသာ။

ထိုကဲ့သို့ အဆင့်နိမ့်ကျွမ်းကျင်သူများဖြင့်
ဖွဲ့စည်းထားသည့် စစ်သည် ၁၀,၀၀၀ ကျော်က
ယန်ယဲ့ နှင့် အန်နန်ကျင်း ကို မည်သို့
တားဆီးနိုင်မည်နည်း။

ဆန့်ကျင်ဖက်အနေနှင့် စစ်သည် ၁၀,၀၀၀ ကျော်လုံး ခရမ်းရောင်အသေခံတပ်ဖွဲ့ လိုပင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံလိုက်ရ၏။

ဤမြင်ကွင်းကို ယင်ရှမ်အာက ထိတ်လန့်စွာ ငေးမောကြည့်နေရာက ယန်ယဲ့ နှင့် အန်နန်ကျင်း တို့နှစ်ဦးအား စိုက်ကြည့်နေလိုက်သည်။

ဤအချိန်မှာ အလောင်းများက နန်းတော်၏ တံခါးဝတွင် အထပ်ထပ်စုပုံနေသည်။

မြေပြင်ပေါ် စီးကျနေသည့် သွေးများက ရောမသွေးကန်ကြီးတစ်ခုသဖွယ် ပြောင်းသွားပြီး သွေးညှီနံ့များ လေထဲသို့ ပျံ့လွင့်နေပြီး ကီလိုမီတာအနည်းငယ်အကွာထိပင် ဖုံးလွှမ်းနေလေသည်။

နန်းတော်ရာ တံခါးဝကို စောင့်ကြပ်နေသည့် စစ်သည် ၁၀,၀၀၀ ကျော်လုံး တစ်ယောက်မျှပင် မကျန်ခဲ့ပေ။ အားလုံး အသတ်ခံလိုက်ရ၏။

ယန်ယဲ့၏ဆံပင်များက ယခုအချိန်တွင်
အနီရောင်ပြောင်းနေကာ သူ့လက်ထဲရှိ
ဓားစိတ်ဆန္ဒများကလည်း
သွေးဓားကြီးတစ်ချောင်း ကဲ့သို့ပင်။

ရုတ်တရက် သိပ်သည်းသည့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒက သူ့ခန္ဓာကိုယ်အနှံ့
ပျံ့လွင့်ကာ ယန်ယဲ့၏ အသွင်အပြင်က
နတ်ဆိုးတစ်ကောင်လို ဖြစ်သွားစေသည်။

ဝေါင်း!

ရုတ်တရက် မိုးကုပ်စက်ဝိုင်းမှ

နဂါးဟောက်ဟိန်းသံများ

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ နှင့်

အန်နန်ကျင်း တို့၏ အမြင်အာရုံထံသို့

တောင်ကုန်းငယ်များကဲ့သို့ ကြီးမားသော

နဂါးအုပ်စုတစ်စု ပေါ်လာသည်။

နဂါးအုပ်စုထံကနေ ထွက်ပေါ်နေသည့်

အရှိန်အဝါက

အာကာသဟင်းလင်းပြင်ကိုပင်လျှင်

ပြင်းထန်စွာတုန်ခါစေသည်။

"ယန်ယဲ့!" ထိုအချိန်တွင်
အနီရောင်ဝတ်စစ်ဗိုလ်ချုပ်တစ်ဦးက
သွေးတပ်ဖွဲ့ထဲကနေ ရှေ့ကို တိုးထွက်လာ၏။

သွေးဗိုလ်ချုပ်က ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာရင်း ပြောလိုက်သည်။ "မင်းနဲ့
ဒီအမျိုးသမီး နှစ်ယောက်လုံးက
အရမ်းသန်မာတယ်ဆိုတာ ငါတို့သိပါတယ်၊
မင်းတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှုတွေက ငါတို့ကို
လုံးဝသတ်ပစ်နိုင်တယ်ဆိုတာလည်း
ငါယုံတယ်။ ဒါပေမဲ့ ငါတို့မသေခင်မှာ
မင်းတို့နှစ်ယောက်စလုံးကို

ကြောက်စရာကောင်းတဲ့ တန်ကြေးတစ်ခုနဲ့
ပေးဆပ်ခိုင်းမယ်လို့ အာမခံတယ်။”

"မင်းမှာ အဲလိုအခွင့်အရေးမရှိဘူးလို့
ငါအာမခံတယ်!" ထိုစကားပြောပြီးသည်နှင့်
ယန်ယဲ့က သွေးဗိုလ်ချုပ် ရှေ့သို့ ရောက်လာ၏။
တစ်ချိန်တည်းမှာပဲ သူ့လက်ထဲက
ဓားစိတ်ဆန္ဒဓားဟာ သွေးဗိုလ်ချုပ်၏
ရင်ဘတ်ကို တိုက်ရိုက်ထိုးသွင်းလိုက်ပါသည်။

သို့သော် ရုတ်တရက် သူ့မျက်လုံးများက ကျဉ်းမြောင်းသွားကာ သူ၏ဓားကို ချက်ချင်းပြန်ရုတ်လိုက်သည်။

ဘုန်း!

ယန်ယဲ့က ခြေလှမ်းတစ်ဒါဇင်လောက် နောက်ပြန်ဆုတ်လိုက်ရချိန်မှာတော့ သွေးနီရောင်အလင်းတန်းများ စူးရှစွာထွက်ပေါ်လာပြီး သူ့လက်ထဲက ဓားဟာ အပိုင်းပိုင်း ကွဲအက်သွားပါတော့သည်။

ဝှစ်!

ရုတ်တရက် ကောင်းကင်ထက်မှ ရွှေနီရောင်မြှားတစ်စင်း ပစ်လွှတ်ပြီး ယန်ယဲ့ ရှေ့သို့ ချက်ချင်းရောက်လာသည်။

သူ့လက်ထဲမှ ဓားစိတ်ဆန္ဒဓားကို မြှောက်ကာ ရွှေနီရောင်မြှားကို ခုတ်ပိုင်းလိုက်ရင်း ယန်ယဲ့၏ မျက်လုံးများက ထပ်မံကျဉ်းမြောင်းသွားပြန်သည်။

ဘုန်း!

ဓားစိတ်ဆန္ဒဓား နှင့် ရွှေနီရောင်မြှားက
ချက်ချင်းပင် ကွဲထွက်သွားကာ
တန်ပြန်ရိုက်ခတ်သည့် အားလှိုင်းကြောင့်
ယန်ယဲ့ဟာ ခြေလှမ်း ၁၀ လှမ်းခန့်
နောက်ပြန်ဆုတ်သွားလိုက်ရသည်။

"သတ်ကြ!" ထိုအတောအတွင်း အဝေးကနေ
ရပ်နေကြသည့် သွေးစစ်သည်များက
ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်ရာ

သွေးနီရောင်အလင်းတန်းမြောက်များစွာ ဖြာထွက်လာပြီး ယန်ယဲ့ နှင့် အန်နန်ကျင်း တို့အပေါ် လွှမ်းခြုံသွားလေသည်။

ဂျိန်း...ဘန်း.... ဘန်း

အချိန်ခဏတာ ကုန်ဆုံးသွားသည့်နောက် ဟန်အင်ပါယာနန်းတော်၏ အထက်ကောင်းကင်ယံမှာ ကျယ်လောင်သော အော်ဟစ်သံများ ပဲ့တင်ထပ်လာလေသည်။

“သတ်!” ထိုအချိန်တွင် သွေးစစ်သည်များက မာန်သွင်းကြုံးဝါးက ရှေ့သို့ တရကြမ်းပြေးတက်လာပြီး ယန်ယဲ့ နှင့် အန်နန်ကျင်း ကို တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့က သူ၏ဓားစိတ်ဆန္ဒများကို ဆွဲထုတ်လိုက်ရင်း ခန္ဓာကိုယ်ကနေ ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ ဖိအားများ တဟုန်ထိုး ပေါက်ကွဲထွက်လာလေသည်။ သူက ရှေ့ကို တရကြမ်းပြေးတက်လာသည့် သွေးစစ်သည်များနှင့် နဂါးစစ်သည်များကို

စူးစိုက်ကြည့်ရင်း "ငါ့လမ်းကို ပိတ်ဆို့ရင် ငါယန်ယဲ့က တစ်ယောက်မကျန် သတ်ပစ်မယ်။ ငါ့လမ်းကို တစ်မြို့လုံး ပိတ်ဆို့ရင် တစ်မြို့လုံးကို သတ်ပစ်မယ်။"

တွမ်!

ရုတ်တရက် စူးရှကျယ်လောင်သည့် ဓားမြည်သံကြီး ပဲ့တင်ထပ်လာကာ ကြောက်မက်ဖွယ်ရာ ဓားအငွေ့အသက်များက ဟန်အင်ပါယာနန်းတော်၏

အထက်ကောင်းကင်ကို

ဖုံးလွှမ်းသွားခဲ့လေသည်။

၇၇၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၃ -

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း

ယင်ရှမ်အာက သူမ၏ အကြည့်ကို ပြန်ရုတ်လိုက်ကာ မီးခိုးရောင်ဝတ်လူကို ကြည့်လိုက်ပြီး "ကေရာဇ်အကြံပေး! အစောပိုင်းက ငါတို့ရဲ့ ရှေ့အစောင့်တပ်တွေကို အကုန်စေလွှတ်လိုက်မယ်ဆိုရင် ဒီအချိန်မှာ တစ်ယောက်တောင်ကျန်မှာမဟုတ်လောက်ဘူး ။"

မီးခိုးရောင်ဝတ်လူက ခေါင်းညိတ်ကာ "သွေးစစ်တပ်နဲ့ နဂါးစစ်တပ်က တကယ် မဆိုးပါဘူး၊ ဒါပေမဲ့ သူတို့က ယန်ယဲ့ နဲ့ အန်နန်ကျင်း ကို မတားနိုင်ဘူး။ ရှမ်အာ! မင်း

သတိမထားမိဘူးလား။ ယန်ယဲ့က အခုအချိန်ထိ ဖိနိုပ်ရေးကျောက်တုံး ဒါမှမဟုတ် ဓားနယ်မြေ ကို အသုံးမချသေးဘူး။ အန်နန်ကျင်း ကိုပြောရရင်....သူမလည်း အခုအချိန်ထိ ဘာနည်းစနစ်ကိုမှ မသုံးသေးဘူး။"

ယင်ရှမ်အာ၏ အမူအရာက အနည်းငယ်ပြောင်းလဲသွားသည် "ကေရာဇ်အကြံပေး! ပြောချင်တာက သူတို့နှစ်ယောက်လုံး အခုထိ တကယ်မတိုက်ခိုက်သေးဘူးလို့ ဆိုလိုတာလား။"

မီးခိုးရောင်ဝတ်လူက သက်ပြင်းချကာ “ဟုတ်တယ်၊ ငါနဲ့ ထိပ်တိုက်တွေ့တုန်းက သူတို့ရဲ့ ခွန်အားကို အပြည့်အဝ အသုံးမချခဲ့ဘူး။”

"ဘာကြောင့်လဲ?" ယင်ရှမ်အာက အတော်လေး ပဟေဠိဖြစ်သွားလေသည်။

“တိုက်ပွဲဆိုတာက ခွန်အားတိုးတက်ဖို့ တစ်ခုတည်းသော လမ်းကြောင်းပဲလေ။

မရပ်မနားတိုက်ခိုက်မှုပဲ ခွန်အားက
အမြန်ဆုံးတိုးတက်လာနိုင်မှာ။

ဒီနေရာနဲ့ အရမ်းဝေးတဲ့နေရာက
မျိုးနွယ်စုတချို့ရဲ့ပါရမီရှင်တွေကို
လမ်းမလျှောက်နိုင်တဲ့အထိ လေ့ကျင့်ဖို့
ရက်စက်ကြမ်းကြုတ်တဲ့နည်းလမ်းတွေ၊
လေ့ကျင့်ရေးနေရာတွေကို စေလွှတ်ကြတယ်။

ဒီတော့ သူတို့တွေက အဆုံးမရှိတဲ့
တိုက်ပွဲတွေကြားမှာ ကြီးထွားလာခဲ့တယ်။
ယန်ယွဲ့ နဲ့ အန်နန်ကျင်း တို့က ဒီကမ္ဘာရဲ့
ရှားပါးပါရမီရှင်တွေလို့ ယူဆနိုင်တယ်။ ဒါပေမဲ့

သူတို့က ထိပ်ဆုံးမှာ ရှိနေတယ်လို့ ယူဆလို့ မရဘူး။”

"ပြင်ပ ကမ္ဘာရဲ့ ပါရမီရှင်တွေက ယန်ယွဲ့ နဲ့ အန်နန်ကျင်း ထက်တောင် အားကောင်းနေတာလား" ယင်ရှမ်အာ၏ မျက်လုံးများက ထိတ်လန့်မှုများဖြင့် ပြည့်နှက်နေသည်။

မီးခိုးရောင်ဝတ်လူက ဆက်ပြောသည်။
"ရှမ်အာ! လောကမှာ
အကြီးကျယ်ဆုံးပါရမီရှင်ဆိုတာ မရှိဘူးလို့ မင်း

သိထားရမယ်။ ဘာလို့လဲဆိုတော့ ပိုကောင်းတဲ့ ပါရမီရှင်တွေ အမြဲရှိနေလို့ပဲ။ အလားတူပဲ၊ ဘယ်သူကမှ အသန်မာဆုံးဆိုတာမရှိနိုင်ဘူး။ တစ်ယောက်ထက် အမြဲတမ်း အားကောင်းတဲ့သူတစ်ယောက်ရှိနေလို့ပဲ။"

“ဒါဆိုရင် ဧကရာဇ်အကြံပေးက တိုက်ကြီးကမဟုတ်ဘူးလား?" ယင်ရှမ်အာက မီးခိုးရောင်ဝတ်လူကို စိုက်ကြည့်ကာ မေးလိုက်၏။

“ရှမ်အာ! မင်းသိဖို့အချိန်မကျသေးဘူး"
မီးခိုးရောင်ဝတ်လူက ပြန်ဖြေလိုက်သည်။

ယင်ရှမ်အာက စကားဆက်မပြောတော့ပေ။
အဝေးမှ တိုက်ပွဲကိုသာ ဆက်၍
ကြည့်နေလိုက်ပါသည်။

ဆူး!

ယန်ယွဲ့၏ လက်ထဲရှိ ဓားစိတ်ဆန္ဒဓားက
အရောင်တစ်ချက်လက်သွားကာ

သွေးစစ်သည်တစ်ဦး၏ ခေါင်းက လေထဲ
လွင့်ပျံသွားလေသည်။

ထို့နောက် ယန်ယွဲ့က ကောင်းကင်ထက်
ခုန်တက်ကာ သွေးစစ်သည်များ ထံသို့
ချက်ချင်းခုန်ဝင်သွား၏။

သတ်မယ်!

ဤအချိန် ယန်ယွဲ့၏ စိတ်ထဲ
ထိုအတွေးတစ်ခုသာလျှင်။

သူ့အမြင်တွင်
သူ့လမ်းရှေ့ပိတ်ရပ်နေသည့်လူတိုင်းက
သေရမည်ဖြစ်သည်။

ယခုအချိန်တွင် သူ့ခန္ဓာကိုယ်ထဲ
ဆန်းကြယ်ချီစွမ်းအင် မကျန်တော့သည်ဖြစ်ရာ
ဓားစွမ်းအင်ကို ထုတ်ဖော်နိုင်စွမ်းမရှိတော့ပေ။

သူ့လက်ထဲ
အဆင့်လွန်စွမ်းအင်ကျောက်တုံးများပြားစွာ
ရှိနေသည့်တိုင် စွမ်းအင်အလုံအလောက်
မဖြည့်တင်းနိုင်တော့ပါ။

ထို့ကြောင့် လက်ရှိတွင် သူက ရုပ်ခန္ဓာခွန်အား နှင့် ခန္ဓာကိုယ်အကာအကွယ်ကိုသာ အသုံးချနိုင်၏။

“သတ်!” ထိုအချိန်တွင် ယန်ယဲ့ ရှေ့သို့ သွေးစစ်သည်တစ်စု ပေါ်လာသည်။ ၎င်းတို့က အစောပိုင်းကလိုပင် တစ်ပြိုင်တည်းတိုက်ခိုက်လိုက်ရာ ကြောက်မက်ဖွယ်ရာ သွေးစက်ဝိုင်းကြီးတစ်ခုက ယန်ယဲ့ ဆီသို့ တိုးဝင်လာခဲ့သည်။

ယန်ယဲ့၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားပါသည်။

သို့သော် သူ့တုံ့ပြန်မှုကတော့

လုံးဝမနှေးကွေးပါ။

သူ့လက်ထဲက ဓားစိတ်ဆန္ဒများကို

အဆက်မပြတ်ဝှေ့ယမ်းကာ သွေးစက်ဝိုင်းကြီး

ထံသို့ ပိုင်းချလိုက်သည်။

ဓားစိတ်ဆန္ဒများနှင့် သွေးစက်ဝိုင်းကြီးက

ပြင်းထန်စွာ တိုက်မိသွားကာ

ရောမပေါက်ကွဲသံကြီးတစ်ခု
ထွက်ပေါ်လာသည်။

ယန်ယဲ့၏ ခန္ဓာကိုယ်ကလည်း
တန်ပြန်ရိုက်ခတ်မှုကြောင့်
ခြေလှမ်းအနည်းငယ်ထိ ဆုတ်ခွာလိုက်ရသည်။

“သတ်!”

“သတ်!”

“သတ်!”

အဆက်မပြတ်အော်ဟစ်ကြုံးဝါးသံများ
ထွက်လာပြီးနောက်
သွေးစစ်သည်အများအပြားက ယန်ယဲ့ ဆီသို့
တရကြမ်းခုန်ဝင်တိုက်ခိုက်လာကြသည်။

ရုတ်တရက် သွေးစက်ဝိုင်းကြီးထဲကနေ
အလင်းတန်းတစ်ခု ကောင်းကင်သို့
ထိုးထွက်လာပြီး ၎င်းနှင့်အတူ ထောင်ချီသော
ဓားချီများ လွင့်ပျံလာသည်။

အချိန်ခဏကြာပြီးနောက် ထောင်ချီသော ခါးချီများက ရောမသွေးစက်ဝိုင်းကြီးကို ထိမှန်ကာ မရေမတွက်နိုင်သော အပေါက်များ ဖြစ်ပေါ်လာသည်။ ထို့နောက် ရောမသွေးစက်ဝိုင်းကြီးက ပြင်းထန်စွာ တုန်ခါလာပြီး သွေးမြူများအဖြစ် ပတ်ဝန်းကျင်ဆီသို့ ပြန့်နှံ့သွားပါတော့သည်။

မကြာခင်မှာပဲ ယန်ယဲ့က လူတိုင်းရှေ့တွင် ပြန်ပေါ်လာသည်။

သို့သော် လက်ရှိတွင် သူ့ခန္ဓာကိုယ်သွင်ပြင်က အတော်လေး ဆိုးရွားနေ၏။ သူ့လက်ထဲရှိ ဓားစိတ်ဆန္ဒဓားက အပိုင်းပိုင်းကွဲအက်သွားကာ သူ့ပါးစပ်ထောင့်ကနေလည်း သွေးများ စီးကျနေပါသည်။

သို့သော် ယန်ယွဲ့သည် တုန်လှုပ်ခြင်းမရှိပေ၊ သူ့ပါးစပ်ထောင့်ရှိ သွေးများကို သုတ်လိုက်ပြီး မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

သူ့ခန္ဓာကိုယ်က အလွန်သန်မာပြီး
သိုင်းကျောဇ်အများစုထက်ပင်
သန်မာသော်လည်း ၎င်းက
ပြိုင်ဖက်ကင်းမဟုတ်ခဲ့ပေ။
မည်သို့ပင်ဖြစ်စေ သူက
မရှုံးနိမ့်သည့်တိုင်အောင် ဒဏ်ရာအများအပြား
ရခဲ့သည်မဟုတ်ပါလော။

ယင်ရှမ်အာက တိုက်ပွဲမြင်ကွင်းကို
ကြည့်နေရင်းက "သူတော်စင်တစ်ပိုင်းအဆင့်

မဟုတ်ရင် ဘယ်သူမှ သူတို့ကို တားနိုင်မှာမဟုတ်ဘူး။”

မီးခိုးရောင်ဝတ်လူက ခေါင်းညိတ်လိုက်သည်။ “ယန်ယဲ့က တကယ့် အရူးတစ်ယောက်ပဲ။ အနှောင်အဖွဲ့ကင်းမဲ့သူ ထက်တောင် ပိုပြီးကြောက်စရာကောင်းတဲ့အရူးတစ်ယောက် လို့ပြောရမယ်။

သူ့ရဲ့ရူးသွပ်တဲ့ သတ်ဖြတ်ချင်စိတ်က အနာဂတ်မှာ ရန်သူတွေအများကြီး ဖန်တီးလိမ့်မယ်။ တစ်ချို့က သူ စော်ကားဖို့

တတ်နိုင်ပေမယ့် မတတ်နိုင်တဲ့သူတွေလည်း ရှိတယ်။

ဥပမာအနေနဲ့ မြင့်မြတ်နယ်မြေ လိုနေရာမျိုး။ သူတို့သာ ပေးဆပ်ရမဲ့တန်ကြေးကို ထည့်မတွက်ရင် ယန်ယဲ့ကို အသာလေးသတ်ပစ်နိုင်တယ်။ သင်္ချိုင်းစောင့်ဘိုးဘေးလည်း အတူတူပဲ။

ဒါပေမဲ့ လောလောဆယ်မှာ သူတို့က ဒီတန်ကြေးကိုပေးချင်စိတ်မရှိသလို လုပ်လည်း မလုပ်ဝံ့ဘူး!”

ယင်ရှမ်အာက မီးခိုးရောင်ဝတ်လူကို စိုက်ကြည့်ပြီး "ဒါကြောင့် သူ့ကို ငါတို့အနား ဆွဲမခေါ်တာ မဟုတ်လား။"

မီးခိုးရောင်ဝတ်လူက “မလုပ်နိုင်ဘူး၊ သူက မနေချင်တာ။ သူ့စရိုက်က အနည်းငယ်ပြဿနာဖြစ်တာနဲ့ သူ့ရန်သူဆိုတဲ့အတွေးရှိနေတော့ အစွန်းရောက်လွန်းတယ်လို့ပြောရမယ်။ နည်းနည်းလေး အမှားကတောင် ဓားနဲ့ ဖြေရှင်းတာ။ ငါ့ဂိုဏ်းကို ကပ်ဘေးမဖြစ်စေချင်ဘူး။”

ယင်ရှမ်အာက ဘာမှမပြောတော့ဘဲ တိတ်ဆိတ်သွားပါသည်။

"သူတို့ ပျက်ဆီးသွားပြီ!" ထိုအချိန်တွင် မီးခိုးရောင် ဝတ်လူက ရုတ်တရက် ပြောလာသည်။

ယင်ရှမ်အာလည်း ထိုစကားသံကြောင့် သူမ၏ အတွေးများကို ထိန်းကာ လှည့်ကြည့်လိုက်သည်။ ထိုအချိန်တွင် ယန်ယဲ့

နှင့် အန်နန်ကျင်း တို့က လေထဲမှာ ရပ်နေပြီး ၎င်းတို့အောက်ရှိမြေပြင်က သွေးစစ်တပ်နှင့် နဂါးစစ်တပ် ၏ အလောင်းများ စုပုံနေခဲ့သည်။

"တကယ်ပဲ သူ့ကို ဓားနတ်ဆိုးလို့ ခေါ်သင့်တယ်!" မီးခိုးရောင်ဝတ်လူက ယန်ယဲ့ နှင့် အန်နန်ကျင်း ထွက်သွားတာကိုကြည့်ရင်း "အရင်က ဓားအင်ပါယာက ဒီလောက်သွေးဆာနေတာမျိုး မဟုတ်ဘူး။ ကောင်းကင်တာအိုက သူ့ရဲ့တည်ရှိမှုကို သည်းမခံနိုင်တာ အံ့သြစရာတော့မဟုတ်ပါဘူးလေ။ သူက

ဒီလိုခွန်အားနဲ့စွမ်းရည်ကို ပိုင်ဆိုင်ထားတဲ့ အရူးတစ်ယောက်ဖြစ်နေတာကိုး။ သူဖြစ်တည်မှုကို ဘယ်သူကများ ဘယ်လိုသည်းခံနိုင်မလဲ။”

"သည်းမခံနိုင်ရင် သူက ကောင်းကင်ဘုံကို ဆန့်ကျင်လိမ့်မယ်!" ယင်ရှမ်အာက ရုတ်တရက် ဝင်ပြောလိုက်သည်။

"ဒါကို ငါလည်း အခိုင်အမာ ယုံကြည်တယ်!" မီးခိုးရောင်ဝတ်လူက “သူနဲ့

အနှောင်အဖွဲ့ကင်းမဲ့သူ တို့ကြားက
တူညီတာတစ်ခုရှိတယ်။ သူတို့
နှစ်ယောက်စလုံးက ဓားတာအိုမှာ
ထိပ်သီးပါရမီရှင်တွေချည်းပဲ။

ကွာခြားချက်ကတော့ ယန်ယဲ့ဟာ
အနှောင်အဖွဲ့ကင်းမဲ့သူ ထက် ပိုပြီး
ရက်စက်ကြမ်းကြုတ်သလို
သနားညှာတာစိတ်ကင်းမဲ့တယ်။ သူ့အမြင်မှာ
လူကောင်းလား လူဆိုးလား မခွဲခြားဘူး၊
သူ့ရန်သူဖြစ်နေသရွေ့ အကုန်သေသင့်တယ်လို့
သတ်မှတ်ထားတာ။"

"ကေရာဇ်အကြံပေး၊ ဒါဆို သူအသက်ရှင်ဖို့
ဒါမှမဟုတ် သေဖို့ မျှော်လင့်ထားလား”
ယင်ရှမ်အာ က ထပ်မေးလိုက်သည်။

မီးခိုးရောင်ဝတ်လူက သူ့အဖြေကို
တုံ့ဆိုင်းမနေဘဲ “သူ အသက်ရှင်မယ်လို့
မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့
သူက မြင့်မြတ်နယ်မြေကို ဆိုးရွားတဲ့
တန်ကြေးတွေနဲ့ ပေးဆပ်ခိုင်းလိမ့်မယ်။"

သူမက "ကေရာဇ်အကြံပေးလည်း မြင့်မြတ်နယ်မြေနဲ့ ရန်ငြိုးရှိသလား" ဟု မေးခဲ့သည်။

မီးခိုးရောင်ဝတ်လူက "အချိန်ရောက်မှ သိရမှာပေါ့... ရှမ်အာ။ အခုတော့ ငါရှင်းမပြနိုင်တဲ့ အရာတွေ ရှိတယ်!"

ယင်ရှမ်အာက တိတ်ဆိတ်သွားပြီး သူမ၏ အကြည့်ကို ယန်ယဲ့ နှင့် အန်နန်ကျင်း ဆီသို့ ပို့လိုက်သည်။

ဤအခိုက်တွင် ယန်ယဲ့ နှင့် အန်နန်ကျင်း တို့က
ဘေးချင်းယှဉ်ရပ်ကာ ဟန်အင်ပါယာ၏
နန်းတော်ဆီသို့ လျှောက်ဝင်သွားခဲ့သည်။

နန်းတော်ထဲရှိ ကျွမ်းကျင်သူများ၊
အစောင့်အကြပ်များက လမ်းတစ်လျှောက်
ဝိုင်းရံတိုက်ခိုက်ခဲ့သော်ငြားလည်း အားလုံး
ခွင်းချက်မရှိ အသတ်ခံခဲ့ရသည်။

အဆုံးမဲ့စားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၄ - နန်းတော်အောက်မှာ ချုပ်နှောင်ထားသောလူ

ယန်ယဲ့ သည် သူ၏စားစိတ်ဆန္ဒများကို ရှေးဟောင်းစားအိမ်ထဲ ထည့်လိုက်ပြီးနောက် သူညာလက်ကို ဝှေ့ယမ်းလိုက်သည်။ သူ့ရှေ့တွင် ရှေးခေတ်ပေါ်တယ်တစ်ခု ပေါ်လာသည်။ ၎င်းက

သူတော်စင်အကြွင်းအကျန်နယ်မြေကနေ
သူရလာသည့် ကမ္ဘာ့ပေါ်တယ် ဖြစ်သည်။

ထိုနေ့က တောင်ပိုင်းနယ်မြေကို
မြင့်မြတ်သောဟန်အင်ပါယာက
တိုက်ခိုက်လာသောအခါ ကမ္ဘာ့ပေါ်တယ်ကို
ချက်ချင်း ပြန်လာရန် တောင်းဆိုခဲ့သည်။

ဆန်းကြယ်ရှေးချိုကန်ထဲတွင်
ထိုကဲ့သို့စွမ်းရည်များ ပိုင်ဆိုင်ထားသော်လည်း

သူယုံကြည်မှုမရှိသော အခြားသူများကို ၎င်းအား လုံး၀ ခွင့်မပြုနိုင်ပေ။

ကမ္ဘာ့ပေါ်တယ်က လူသားပုံစံသို့ ပြန်ပြောင်းပြီး သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ ထို့နောက် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀,၀၀၀ ကျော်က ယန်ယွဲ့ ရှေ့မှောက်တွင် ပေါ်လာသည်။

ယန်ယွဲ့က ထိုအဖွဲ့အား ဦးဆောင်သည့် တင်းရှောက်ယောင် ကို စိုက်ကြည့်ကာ "ရန်သူ

ဒါမှမဟုတ် တားဆီးရဲတဲ့သူတိုင်းကို
သတ်ပစ်ပါ။ လက်နက်ချဖို့
ကြိုးစားတဲ့သူတွေကိုတော့ မသတ်ဘဲ
လွှတ်ပေးလိုက်ပါ။ နားလည်လား”

တင်းရှောက်ယောင်၏ မျက်လုံးများတွင်
တုံ့ဆိုင်းနေသော အရိပ်အယောင်များ
ထွက်ပေါ်လာသည်။

ယန်ယွဲ့၏ လုပ်ရပ်များက
သဘောမတူချင်သော်လည်း လူတိုင်းရှေ့မှာ
အံကြိတ်၍ ခေါင်းညိတ်ပြလိုက်ပါသည်။

“ခုခံတဲ့သူတိုင်းကိုသတ်ကြ!”
တင်းရှောက်ယောင်က တစ်ဖက်ကို
လှည့်ကြည့်လိုက်ပြီး
မြင့်မြတ်သောဟန်အင်ပါယာ၏ စစ်သည်များ
နှင့် ပညာရှင်အုပ်စုကို စူးစိုက်ကြည့်ကာ
အေးစက်စက်အသံနှင့် အမိန့်ပေးလိုက်သည်။

“သတ်!”

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀,၀၀၀ ကျော်ရှိသော အုပ်စုက အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲကာ မြင့်မြတ်သောဟန်အင်ပါယာ၏ တပ်များရှေ့သို့ ချက်ချင်းရောက်ရှိလာပြီးနောက် အကူအညီမဲ့စွာ အော်ဟစ်သံများ အဆက်မပြတ် ထွက်ပေါ်လာခဲ့သည်။

ယန်ယဲ့က စစ်မြေပြင်ကို တစ်ချက်မျှ မကြည့်တော့ပေ။ သူက လှည့်ကြည့်လိုက်ပြီး လူသားအသွင်ဆောင်ထားသည့် ကမ္ဘာ့ပေါ်တယ်ကို ငေးကြည့်ရင်း “သူတို့ကို

ထိန်းရတာ စီနီယာကို ဒုက္ခရောက်စေမယ်။
နောက်ပိုင်းမှာ မမျှော်လင့်ထားတဲ့အရာတွေ
ဖြစ်ပေါ်လာရင် သူတို့ကို ချက်ချင်း
သိမ်းလိုက်ပါ။ အထူးသဖြင့် ရေခဲနှင်းဆီ ။
ဘာပဲဖြစ်ဖြစ် သူမကိုတော့ ရအောင်
ကာကွယ်ပေးပါ။ "

တင်းရှောက်ယောင်က ယန်ယဲ့ကို
စိုက်ကြည့်လိုက်သော်လည်း စကားမပြောဘဲ
တိတ်ဆိတ်နေ၏။

အဘိုးအိုက စိတ်ထဲ ခံစားချက်အပြည့်ဖြင့် သက်ပြင်းချရင်း ယန်ယဲ့ ကို စိုက်ကြည့်နေသည်။

မကြာသေးမီက ယန်ယဲ့ ဟာ သိုင်းဇကေရာဇ်များကို ရင်ဆိုင်နိုင်စွမ်းမရှိခဲ့ပေ။

ယခုအချိန်တွင်မူ သူကိုယ်တိုင်ပင် ယန်ယဲ့ကို အနိုင်ယူနိုင်စွမ်းရှိမရှိ မတွေးရဲတော့ပါ။

အဘိုးအိုက ခေါင်းညိတ်ပြီး “သူတို့အတွက် စိတ်မပူပါနဲ့။ ငါ့ရဲ့အော်ရာကို အသုံးပြုပြီး သူတို့အားလုံးအပေါ်မှာ တံဆိပ်ခတ်ထားတယ်။

ဒါကြောင့်

မမျှော်လင့်ထားတဲ့အရာတစ်ခုခုဖြစ်လာရင်

သူတို့ကို ကမ္ဘာ့ပေါ်ကတယ်ထဲ

ချက်ချင်းဆွဲသွင်းနိုင်မှာပါ။

တစ်ဖက်မှာ မင်းက သတိထားသင့်တယ်။

ဒီအင်ပါယာမြို့တော်ကြီးဟာ

ဟိုးအရင်အတိတ်ကတည်းက ငါ့ကို

စိတ်မသက်မသာခံစားရစေခဲ့တယ်။

အဲဒါဘာလဲဆိုတာ အတိအကျ မသိနိုင်ဘူး။

ဘာပဲဖြစ်ဖြစ် မင်း သတိထားမှရမယ်!"

“မြင့်မြတ်သောဟန်အင်ပါယာရဲ့

သိုင်းကျောင်းတွေကိုလည်း

သတိထားပါ။"တင်းရှောက်ယောင်က

“သဘောတူညီချက်တွေက

သေခြင်း၊ရှင်ခြင်းအခိုက်အတန့်မှာ

လုံးဝအဓိပ္ပါယ်မဲ့တယ်။မြင့်မြတ်သောဟန်အင်

ပါယာကလည်း ဒီလိုသဘောတရားကို

နားလည်ထားမှာ သေချာတယ်။" ဒါပေမဲ့

အခုအချိန်ထိ သိုင်းကျောင်းတစ်ယောက်မှ

ထွက်မလာသေးဘူး။ ဒါက

အရမ်းထူးဆန်းတယ်။”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
တစ်ခုခုတော့ လွဲနေပြီကို သူ့စိတ်ထဲ
သိနေသည့်တိုင် နောက်ပြန်ဆုတ်ရန်
လမ်းမရှိတော့ပေ။
ရှေ့ဆက်တိုးရုံသာရှိတော့၏။

ယန်ယဲ့ က မြင့်မြတ်သောဟန်အင်ပါယာ၏
တော်ဝင်နန်းတော်ကို စူးစိုက်ကြည့်ကာ
"သွားရအောင်။ မြင့်မြတ်သောဟန်အင်ပါယာရဲ့
ဝှက်ဖဲက
ရှန်မင်းဆက်ရဲ့ကေရာဇ်အကြံပေးကိုတောင်
အရမ်းကြောက်လန့်စေတယ်ဆိုတော့

ဘယ်လိုအရာဖြစ်နိုင်မလဲ။ လာပါ.... ငါတို့က
မြင့်မြတ်သောဟန်အင်ပါယာရဲ့ဝှက်ဖဲကို
လက်တွေ့ကြည့်လိုက်ရအောင်။"

ယန်ယဲ့၏ ပုံရိပ်က အန်နန်ကျင်းနှင့်အတူ
ဟန်တော်ဝင်နန်းတော်ဆီသို့ လျင်မြန်စွာ
ပျံသန်းသွားခဲ့လေသည်။

သိပ်မကြာခင်မှာပဲ သူတို့က
ဟန်တော်ဝင်နန်းတော်ထဲ
ရောက်လာကြတော့၏။

တိတ်ဆိတ်ခြင်း....

သေမင်းနယ်မြေကဲ့သို့တိတ်ဆိတ်ခြင်းသာလျှင်

ကြီးစိုးနေ၏...

တော်ဝင်နန်းတော်တစ်ခုလုံးတွင်

လူတစ်ဦးတစ်ယောက်မျှမရှိသလို

သက်ရှိအရိပ်အယောင်လည်းမရှိပေ။

အားလုံး တစ်ယောက်မကျန်

သေဆုံးသွားသည့်အလား

သုသာန်တစ်စပြင်ကဲ့သို့ တိတ်ဆိတ်နေပါသည်။

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့လည်း နန်းတော်အပြင်ဖက်ရှိ ကျောက်လှေခါးထစ်များပေါ်တွင် ရပ်နေကြစဉ် မျက်မှောင်ကြုတ်လိုက်ကြသည်။

"သတိထားပါ!" အန်နန်ကျင်းက ရုတ်တရက် အသံတိုးတိုးလေးပြောလိုက်၏။ “တစ်ခုခုတော့ လွဲနေပြီ။"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
နှစ်ယောက်စလုံး နန်းတော်ထဲသို့
ဝင်လာကြသည်။ ရာဇပလ္လင်ပေါ်တွင်
လူတစ်ဦးတည်း ထိုင်နေပြီး ၎င်းမှာ
ကေရာဇ်ဟန် ဖြစ်သည်။

ကေရာဇ်ဟန်၏ ဆံပင်များက ရှုပ်ပွနေပြီး
မျက်လုံးများ နီရဲနေကာ
ရက်စက်ကြမ်းကြုတ်မှုအပြည့်နှင့်..

"ယန်ယဲ့! အတိတ်မှာ အနှောင်အဖွဲ့ကင်းမဲ့သူက ငါ့ရဲ့အင်ပါယာကို ဘာလို့မဖျက်ဆီးခဲ့တာလဲ မင်းသိလား"  ကေရာဇ်ဟန်က အေးစက်နေသောအသံဖြင့်မေးလိုက်သည်။

ယန်ယဲ့က "ငါစိတ်မဝင်စားဘူး" ထိုစကားပြောနေစဉ်မှာပဲ သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို အသင့်ပြင်ထားလိုက်သည်။

ကေရာ်ဇ်ဟန်က ထူးဆန်းစွာပြုံးရင်း ဆက်ပြောလိုက်သည်။ "ဘာလို့လဲဆိုတော့ သူမလုပ်ရဲလို့။ ဟားဟား! မင်းငါ့ကို မယုံဘူးလား။ ဟုတ်တယ်၊ သူ မလုပ်ဝံ့ဘူး။ အဲဒီအချိန်တုန်းက သူဟာ တိုက်ကြီးတစ်ခုလုံးရဲ့ ဓားသူတော်စင်ဖြစ်နေတာတောင် ငါ့ရဲ့မြင့်မြတ်သောဟန်အင်ပါယာကို ဘာလို့မဖျက်ဆီးရဲတာလဲ သိလား။ ဘာလို့လဲဆိုတော့ ငါ့အင်ပါမှာ သူ့လိုလူကတောင် ကြောက်တဲ့လူရှိနေလို့ပဲ!"

"ဒါသာမှန်ရင် မင်းရဲ့အင်ပါယာကို
ဒီလိုအခြေအနေမျိုးထိ လျှော့ချမှာမဟုတ်ဘူး!"
ယန်ယဲ့က မျက်မှောင်ကြုတ်ရင်း
ပြန်ပြောလိုက်သည်။

ကေရာဇ်ဟန်က မတ်တပ်ထရပ်ပြီးနောက်
သူ့ခန္ဓာကိုယ်က တဖျပ်ဖျပ်လက်ကာ ယန်ယဲ့
ရှေ့သို့ ရောက်လာသည်။ သူက
ကြေးမုံပြင်နဲ့တူသည့် ထုံးကျောက်ကြမ်းခင်းကို
ညာခြေဖြင့် တစ်ချက်နင်းလိုက်ကာ
“ဒီအောက်မှာ လူတစ်ယောက်ရှိတယ်၊
အတိတ်တုန်းက တိုက်ကြီးရဲ့ သူတော်စင်

ဒါဇင်အနည်းငယ်ကို

သူ့တိုက်ခိုက်မှုတစ်ခုတည်းနဲ့ သတ်ခဲ့ဖူးတယ်။

အဲဒီအချိန်မှာ တိုက်ကြီးတစ်ခုလုံးက

ပျက်စီးလုနီးပါးဖြစ်နေပြီ။ နောက်ဆုံးမှာ

ငါ့အင်ပါယာရဲ့ဘိုးဘေးတစ်ယောက်က

အသက်ကိုစတေးပြီး သူ့ကို

ချုပ်နှောင်လိုက်တယ်။

ငါ့မြင့်မြတ်သောဟန်အင်ပါယာရဲ့

တော်ဝင်မိသားစုက သွေးမျိုးဆက်ဖြစ်မှပဲ

တံဆိပ်ကိုဖျက်ဆီးပစ်နိုင်မှာ!"

ဂျိန်း!

ရုတ်တရက် နန်းတော်တစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားကာ အောက်မြေပြင်က လှိုင်းလုံးများကဲ့သို့ တဟုန်ထိုး ရွေ့လျားလာသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူက အန်နန်ကျင်း၏ လက်ကိုဆွဲကာ နန်းတော်ထဲမှ ခုန်ထွက်သွားခဲ့သည်။တစ်ချိန်တည်းမှာပင် သူတို့နှစ်ဦးစလုံး မျက်နှာထက် လေးနက်သော အမူအရာများ ကိုယ်စီထွက်ပေါ်လာကြသည်။

အဝေးတစ်နေရာတွင် ရပ်နေသည့်
မီးခိုးရောင်ဝတ်လူက ဆန်းကြယ်ချီစွမ်းအင်ကို
တဟုန်ထိုးထုတ်ဖော်၍
အသင့်ပြင်ထားလိုက်ကာ “နောက်ဆုံးတော့ သူ
ထွက်လာပြီ” ဟု တိုးတိုးလေး
ပြောလိုက်ပါသည်။

"သူတော်စင် လား?" ယင်ရှမ်အာက မေးသည်။

မီးခိုးရောင်ဝတ်လူက တိုးညှင်းသော အသံဖြင့် ပြန်ပြောလိုက်သည်။ "နယ်ခြားမိစ္ဆာတွေ နဲ့ တူညီတဲ့နေရာကနေ လာတဲ့ ပညာရှင်က အဆင့်တူနယ်ပယ်မှာ လုံးဝပြိုင်ဖက်ကင်းတယ်။ သင်္ချိုင်းစောင့်ဘိုးဘေးက အန္တရာယ်ရှိနေပြီ!”

မီးခိုးရောင်ဝတ်လူ ပင်လျှင် လေးလံနေသောအသံဖြင့် ပြောလာသောကြောင့် ယင်ရှမ်အာ၏ ခန္ဓာကိုယ်လေးက ကြောက်ရွံ့မှုနှင့်အတူ ပြင်းထန်စွာ တုန်ယင်သွားလေသည်။

"ဟားဟား!" ကေရာဇ်ဟန်၏ ရူးသွပ်စွာ ရယ်မောသံက နန်းတော်အတွင်းမှ ပဲ့တင်ထပ်ကာ "ယန်ယွဲ့၊ မင်းက ငါ့မြင့်မြတ်သောဟန်အင်ပါယာရဲ့ တော်ဝင်မိသားစုကို ချေမှုန်းပစ်ချင်နေတာလား။ ငါ့အင်ပါယာရဲ့ တော်ဝင်မိသားစုအားလုံး ကိုယ့်ကိုယ်ကို သတ်သေသွားကြပြီ။ မလိုအပ်တော့ဘူး၊ ဟားဟား...

မြင့်မြတ်သောဟန်အင်ပါယာ နဲ့ ငါ့လော့ကလန်ရဲ့သွေးတွေက ဒီနေ့ကစလို့

တိုက်ကြီးမှာ တည်ရှိတော့မှာမဟုတ်ဘူး။
ဒါပေမဲ့ မင်း၊ တောင်ပိုင်းနယ်မြေနဲ့
တိုက်ကြီးတစ်ခုလုံးကို ငါတို့နဲ့အတူ
မြှုပ်နှံထားနိုင်လို့ ကောင်းပါတယ်။ ဟားဟား!"

ကေရာဇ်ဟန်၏ ရယ်မောသံဆုံးသည်နှင့်
တပြိုင်နက် ပေါက်ကွဲသံကြီးတစ်ခု
ထွက်ပေါ်လာပြီး နန်းတော်တစ်ခုလုံး
ပြိုကျသွားလေတော့သည်။

နောက်အခိုက်အတန့်တွင်
မထင်မှတ်ထားသည့်အရာတစ်ခု
ဖြစ်ပျက်လာခဲ့၏။

၇၇၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၅ - ယန်ယဲ့ ၏မူလနောက်ခံ

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့ ရပ်နေသည့်
ပတ်ပတ်လည် မြေပြင်က ရုတ်တရက်
တုန်ခါလာသည်။
တော်ဝင်နန်းတော်တစ်ဝိုက်တွင်သာမက
မြို့တော်တစ်ခုလုံးပင် ပြင်းထန်စွာ
တုန်လှုပ်လာခဲ့လေသည်။

မရေမတွက်နိုင်သောလူများက
တော်ဝင်နန်းတော်၏ ဦးတည်ရာဆီသို့
အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေကြသည်။

ခွပ်!

သူတို့နှစ်ဦး ရပ်နေသည့်နေရာနှင့် မီတာ ၃၀ ကျော်အကွာ မြေပြင်က တွင်းနက်ကြီးတစ်ခု ရုတ်တရက်ပေါ်လာပြီး ၁ ကီလိုမီတာအရွယ်စားထိပင်ကျယ်ပြန့်လာပါသည်။

ယား...။ ဝုန်း.....။

ပြင်းထန်သည့်အော်ရာများနှင့်
မာန်သွင်းကြိုးဝါးသံက မြေပြင်အောက်ကနေ
ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယဲ့သည်လည်း အန်နန်ကျင်း၏ လက်ကို
တင်းတင်းဆုပ်ကိုင်ထားရင်း မျက်လုံးများ
ကျဉ်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင်
သူ့လက်ကိုငွေ့ယမ်းလိုက်ရာ
ဖိနှိပ်ရေးကျောက်တုံးက သူ့ရှေ့တွင်
ပေါ်လာသည်။

ထိုအချိန်တွင် အကြီးအကဲမှူ က သူတို့ရှေ့တွင်
ပေါ်လာသည်။ ဤအခိုက်အတန့်တွင်
အကြီးအကဲမှူ က မျက်နှာပေါ်မှာ
အလွန်လေးနက်သော အမူအရာ ရှိနေပြီး
တွင်းပေါက်ကို စူးစိုက်ကြည့်ကာ
"သိုင်းသူတော်စင်....။ အနည်းဆုံး
အလယ်အလတ်အဆင့် သိုင်းသူတော်စင်ကို
တိုက်ကြီးမှာ ချုပ်နှောင်ခံထားရလိမ့်မယ်လို့ ငါ
ဘယ်တုန်းကမှ မမျှော်လင့်ထားဖူးဘူး။"

"သိုင်းသူတော်စင်?" ယန်ယဲ့၏အမူအရာက ချက်ချင်းပင် ပြောင်းသွားကာ "အကြီးအကဲမူ! မြေအောက်ကနေ ထွက်လာတဲ့လူက သိုင်းသူတော်စင် လား" ဟု ကမန်းကတန်း မေးလိုက်သည်။

အကြီးအကဲမူက  ခေါင်းခါပြီး “သူ့ရဲ့ အငွေ့အသက်က သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်ဘူး။ ဒါပေမဲ့ သိုင်းသူတော်စင် လည်း မဟုတ်ဘူး။ တစ်နည်းပြောရရင် အတိတ်က သိုင်းသူတော်စင် ဖြစ်ခဲ့တယ်။ အခုအချိန်မှာ တိုက်ကြီးတစ်ခုလုံးမှာ

ခရမ်းရောင်မှုလစွမ်းအင်မရှိတော့သလို သူက ဒီနေရာမှာ နှစ်ပေါင်းများစွာကြာအောင် ချုပ်နှောင်ခံထားရတယ်။ ဒါကြောင့် သူက သိုင်းသူတော်စင် မဟုတ်တော့ဘူး။"

"ငါ သိုင်းသူတော်စင် မဟုတ်ရင်တောင် မင်းကိုတော့ သတ်နိုင်သေးတယ်!" မြေကြီးအောက်မှ အသံတစ်သံ ထွက်ပေါ်လာသည် "မင်းတင်မဟုတ်ဘူး! ဒီတိုက်ကြီးတစ်ခုလုံးမှာရှိတဲ့လူတိုင်း သေရမယ်။"

“မင်းငါ့ကို သတ်လို့မရဘူး။ ငါတို့က
တစ်ယောက်နဲ့တစ်ယောက် အပြင်းအထန်
ဒဏ်ရာရတဲ့အထိပဲ အများဆုံး ဖြစ်နိုင်တယ်။
မင်းကို ဒီမှာ တံဆိပ်ခတ်ထားတဲ့လူတွေက
ကောင်းကင်ပြင်ပက ပညာရှင်တွေနဲ့
လောကလန် ရဲ့ဘိုးဘေးတွေလို့ ငါထင်တယ်။
ဒီနေရာမှာ တစ်ယောက်နဲ့တစ်ယောက်
ဒဏ်ရာအပြင်းအထန် တိုက်ခိုက်ဖို့က
မထိုက်တန်ပါဘူး။ သေချာပါတယ်၊
မင်းတောင်းဆိုရင် ငါတို့ စမ်းကြည့်လို့ရတယ်!"

"ဒါဆို ငါတို့လုပ်မယ်!" ထိုစကားများ လေထဲတွင် ပဲ့တင်ထပ်နေချိန်တွင် တွင်းနက်ထဲမှ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး ဖြည်းညှင်းစွာထလာသည်။

လူလတ်ပိုင်းအရွယ်က ပုခုံးထိတွဲကျနေသော ဆံပင်ရှည်များနှင့် စတုရန်းမျက်နှာ မျက်ခုံးထူထူနှင့် အဖြူရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။

ဝတ်ရုံပတ်ပတ်လည်တွင် သင်္ကေတများဖြင့် ဖွဲ့စည်းထားသော သံကြိုးတစ်ခုရှိပြီး ၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးကို သံကြိုးများဖြင့် ချည်နှောင်ထားသည်။

သူ့လည်ပင်းတစ်ဝိုက်ကိုလည်း
သင်္ကေတသံကြိုးများဖြင့် ချည်နှောင်ထား၏။

သက်လတ်ပိုင်းအဘိုးအိုက အကြီးအကဲမှူ နှင့်
အကြည့်ချင်းဖလှယ်ပြီးနောက် အန်နန်ကျင်းနှင့်
ယန်ယဲ့ တို့နှစ်ယောက်စလုံး သဲသဲကွဲကွဲ
မမြင်နိုင်သော အရှိန်ဖြင့်
ပျောက်ကွယ်သွားကြသည်။

သို့သော် သိပ်မကြာခင်မှာပဲ သူတို့ရှေ့တွင်
မီတာ ၆၀၀ ခန့်ကျယ်သော
တွင်းနက်ကြီးတစ်ခုပေါ်လာပြီးနောက် နှစ်ဦးလုံး
ပြန်ပေါ်လာကြသည်။

“အကြီးအကဲမှူး….” ယန်ယဲ့ အကြည့်က အကြီးအကဲမှူး၏ ညာဖက်လက်တစ်ခုလုံး ပြတ်တောက်သွားသည်ကို သတိပြုမိပြီး ထိတ်လန့်တကြား အော်ဟစ်လိုက်ပါသည်။

ယင်ရှမ်အာက မီးခိုးရောင်ဝတ်လူကို စိုက်ကြည့်ကာ "ကေရာဇ်အကြံပေး! အကြီးအကဲမှူး ကို မကူညီဘူးလား"

မီးခိုးရောင်ဝတ်လူက စကားပြန်မပြောပေ။ လက်သီးကိုသာ တင်းတင်းဆုပ်ထား၏။

လူလတ်ပိုင်းအရွယ်က ရုတ်တရက်ပြောလိုက်သည်။ “မင်းသာ နဂိုအကောင်းတိုင်းဆိုရင် ငါ့ရဲ့လက်ရှိအခြေအနေမှာ မင်းငါ့ကို တိုက်ခိုက်နိုင်ကောင်းဖြစ်နိုင်တယ်။ ကံမကောင်းစွာပဲ၊ မင်းရဲ့အတွင်းဒဏ်ရာတွေက လုံးဝ မပျောက်သေးဘူး။ မင်းက အခု ငါ့အတွက် ပြိုင်ဖက်မဟုတ်ဘူး!"

"အဲဒါက သေချာပေါက်မဖြစ်နိုင်ပါဘူး!" အကြီးအကဲမှူက ထိုစကားပြန်ပြောပြီးသည်နှင့် သူ့ရှေ့မှာ အနက်ရောင်သင်္ချိုင်းဂူကြီးတစ်လုံး ပေါ်လာသည်။ "ငါမင်းကိုပြောခဲ့တယ်။ မင်းရဲ့လက်ရှိအခြေအနေမှာ မင်းငါ့ကိုမသတ်နိုင်ဘူး!"

လူလတ်ပိုင်းအရွယ် အမျိုးသားက အနက်ရောင်သင်္ချိုင်းဂူကြီးကို ခဏလောက် စိုက်ကြည့်ရင်း ခေါင်းညိတ်ပြကာ “ဒါက သိပ်ကောင်းတဲ့ တာအိုရှေးဟောင်းလက်နက်ပဲ။

မင်းဒီလောက် ယုံကြည်မှုရှိနေတာ
အံ့သြစရာမဟုတ်တော့ဘူး။"

ထို့နောက် သူ့မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားပြီးနောက်
မရေမတွက်နိုင်သော ဝိညာဉ်စွမ်းအင်များက
ပတ်ပတ်လည်သို့ စတင်ပြန့်နှံ့လာကာ
တိုက်ကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။
သူက "နှစ်တွေ အများကြီးကုန်သွားပြီဆိုတော့
ငါရှာနေတဲ့လူ အသက်ရှင်နေသေးလား
မသိဘူး။ သူအသက်ရှင်နေသေးရင်
မင်းတို့အားလုံးကို ကျေးဇူးဆပ်တဲ့အနေနဲ့

အသက်ရှင်ခွင့်ပေးမယ်။ ဒါပေမဲ့ သူမရှိရင်တော့ ဒီကမ္ဘာပေါ်ကလူတိုင်းကို သူနဲ့အတူ သင်္ဂြိုဟ်ရ လိမ့်မယ်။”

သို့သော်၊ သိပ်မကြာခင်မှာပဲ လူလတ်ပိုင်းအရွယ်က မျက်လုံးဖွင့်လာပြီး မျက်လုံးထဲတွင် ဝမ်းနည်းပူဆွေးမှုများ ထွက်ပေါ်လာသည်။

ထို့နောက် သူ့မျက်လုံးထဲရှိ ဝမ်းနည်းမှုများက ရက်စက်ကြမ်းကြုတ်သည့်အမူအရာသို့ ပြောင်းသွားပြီး “သူသေသွားပြီ။

သူ့အငွေ့အသက်ကို ငါရှာမတွေ့ဘူး။
ဒီလိုမျိုးဆိုတော့ ဒီကမ္ဘာပေါ်မှာရှိတဲ့လူတိုင်း
သေနိုင်တယ်။”

ထိုအချိန်တွင် ယန်ယဲ့က သူ၏
ဆန်းကြယ်ချီစွမ်းအင်များကို
တဟုန်ထိုးထုတ်ဖော်ကာ
ဖိနှိပ်ရေးကျောက်တုံးကို အသက်သွင်းရင်း
အကြီးအကဲမူ ဘေးနားသို့
လျှောက်သွားလိုက်သည်။

ဖိနှိပ်ရေးကျောက်တုံးကနေ
ဆန်းကြယ်သည့်စွမ်းအားတစ်ခု စီးထွက်လာပြီး
လတ်ပိုင်းအဘိုးအိုအပေါ် လွှမ်းခြုံလိုက်သည်။

ဖိနှိပ်ရေးကျောက်တုံးကို မြင်သောအခါ
လူလတ်ပိုင်းအရွယ်က မျက်လုံးထဲတွင်
အံ့အားသင့်မှုတစ်ခု
လင်းလက်တောက်ပလာပြီး သူ့အကြည့်များက
ယန်ယဲ့ အပေါ်သို့ ကျဆင်းသွားသည်။

သို့သော် ယန်ယဲ့၏ မျက်နှာသွင်ပြင်ကို မြင်လိုက်သည်နှင့် လုံးဝကို လုံးလုံး အံ့အားသင့်သွားခဲ့သည်။

"မင်းနာမည်က ယန်ယဲ့ လား" လူလတ်ပိုင်းအရွယ်က အလျင်စလိုအသံဖြင့် မေးလိုက်လေသည်။

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး "ဒါကို မင်းဘယ်လိုသိတာလဲ" ဟု ပြောလိုက်သည့်။

လူလတ်ပိုင်းအရွယ်က ယန်ယဲ့ကို ပြန်မဖြေဘဲ စူးစိုက်စိုက်ကြည့်နေရုံသာ။

သူ့မျက်လုံးထဲတွင် စိတ်လှုပ်ရှားမှုများ တဖြည်းဖြည်း ပေါ်လာပြီး စိတ်လှုပ်ရှားမှုကနေ အံ့ဩမှုများအဖြစ် ပြောင်းလဲသွားပါသည်။

သူက "ဒါက ဘယ်လိုဖြစ်နိုင်မလဲ။ သခင့်ရဲ့သွေး... ဘယ်လိုဖြစ်နိုင်မှာလဲ…"

အကြီးအကဲမူ၊ ယန်ယဲ့ နှင့် အန်နန်ကျင်းတို့က အံ့ဩတုန်လှုပ်မှုများ မျက်လုံးထဲ

ပြည့်နှက်နေကာမျက်မှောင်ကြုတ်သွားကြသ
ည်။

မီးခိုးရောင်ဝတ်လူနှင့် ယင်ရှမ်အာလည်း
အလားတူပင်ဖြစ်သည်။ သူတို့၏
မျက်လုံးများသည် ရှုပ်ထွေးသော
အမူအရာများဖြင့် ပြည့်နှက်နေသည်။

ခဏအကြာတွင် သက်လတ်ပိုင်းအဘိုးအိုက
ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ “မင်းရဲ့
သွေးတစ်စက် ငါ့ကို ပေး"ဟု ပြောလိုက်သည်။

ယန်ယဲ့က တစ်ခဏလောက်
လေးလေးနက်နက် စဉ်းစားခဲ့ပြီး အဆုံးမှာတော့
မငြင်းဆန်ခဲ့ပေ။ သူ့လက်ညိုးကို
လူလတ်ပိုင်းထံသို့ ညွှန်ပြကာ သွေးတစ်စက်က
၎င်းထံ ရောက်သွား၏။

လူလတ်ပိုင်းအရွယ်က သူ့လက်ထဲ
ရောက်လာသည့် သွေးစက်ကို
ခဏကြာစိုက်ကြည့်ပြီးနောက်
အသက်ပြင်းပြင်းရှူကာ “ဒါ…ဒါက
ယန်မျိုးနွယ်ရဲ့ မျိုးဆက်သွေးအစစ်အမှန်ပဲ။

အဲဒီအထဲမှာ
တခြားသွေးအမျိုးအစားအနည်းငယ်
ရောနှောနေပေမယ့်လည်း ယန်ကလန်ရဲ့
နတ်ဘုရားသွေးမျိုးဆက်ကတော့
ကျန်နေပါသေးတယ်။”

ထိုစကားပြောရင်း လူလတ်ပိုင်းအရွယ်က
ယန်ယဲ့ကို သိမ်မွေ့စွာ ကြည့်ရင်း "ကလေး!
မင်းမိဘတွေ အသက်ရှင်သေးလား"

ယန်ယဲ့က ရှေးဟောင်းစားအိမ်ကို
တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး "
ငါ့အမေ သေသွားပြီ။ အဖေနဲ့
တစ်ခါမှမတွေ့ဖူးဘူး။ မင်းက
ဒီအကြောင်းတွေကို သိနေတယ်ဆိုတော့
ဘယ်သူလဲ"

လူလတ်ပိုင်းအဘိုးအိုက “ငါ့ရဲ့မျိုးရိုးနာမည်က
လု။ ငါ့နာမည်မှာ "ယန်"ဆိုတဲ့
စကားလုံးတစ်လုံးလည်းပါတယ်။ ငါက
မင်းအဖေရဲ့အစေခံဖြစ်သလို
အခုလက်ရှိမှာလည်း မင်းရဲ့အစေခံပဲ။"

"အစေခံ!" ထိုစကားကိုကြားသောအခါ
အကြီးအကဲမှူး၏ မျက်ခွံများပင်
လှုပ်ယမ်းသွားသည်။ ယခုအချိန်တွင် သူ့လည်း
လုံးဝကို အံ့အားသင့်နေ၏။

တစ်ချိန်တည်းတွင်၊ ယင်ရှမ်အာနှင့်
မီးခိုးရောင်ဝတ်လူ၏ အမူအရာများက
သိသိသာသာ ပြောင်းလဲသွားကြသည်။
အထူးသဖြင့် မီးခိုးရောင်ဝတ်လူ ပါ။
သူ့မျက်နှာထက်တွင်
တုန်လှုပ်ချောက်ချားဟန်များ ပေါ်လာသည်။

"အစေခံ လား" အတိတ်က သိုင်းသူတော်စင်
သို့မဟုတ် သိုင်းသူတော်စင် အထက်မှာ
ရှိခဲ့သည့် ပညာရှင်တစ်ဦးက ယန်ယဲ့ အဖေ၏
အစေခံလား။

"ဒါဆို သူ့အဖေက ဘယ်သူလဲ?"

ယန်ယဲ့ လည်း အလွန်တုန်လှုပ်သွားသည်။
သူ့ရှေ့မှ လူလတ်ပိုင်းအဘိုးက သူတစ်ခါမျှ
မတွေ့ဖူးသည့် သူ့အဖေ၏ အစေခံကျွန်
ဖြစ်နေလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"မင်းမှာ မေးစရာတွေ
အများကြီးရှိမယ်ထင်တယ်!"
လူလတ်ပိုင်းအရွယ်က “ဒါပေမဲ့ ငါမင်းကို
သိပ်မပြောဘူး။ ဘာလို့လဲဆိုတော့ အဲဒါက
မင်းအတွက် လုံးဝအကျိုးမရှိလို့ပဲ။
မင်းအဖေရော ငါရော
နယ်နှင်ဒဏ်ခံရတယ်ဆိုတာ မင်းသိထားရမယ်။
ဘာကြောင့် နှင်ထုတ်ခံရသလဲ ဆိုတာကိုတော့
အဖြေကို အခုမပြောနိုင်သေးဘူး။”

"မင်းဘာတတ်နိုင်လဲပြောပါ!" ယန်ယဲ့က လူလတ်ပိုင်းအဘိုးကို စိုက်ကြည့်ကာ ပြောလိုက်သည်။

လူလတ်ပိုင်းအရွယ်က ခေါင်းညိတ်ပြပြီးနောက် မီးခိုးရောင်ဝတ်လူနှင့် ယင်ရှမ်အာ တို့ကို တစ်ချက်ကြည့်လိုက်သည်။

လူလတ်ပိုင်းအဘိုးအို၏ အကြည့်ကို သတိပြုမိသောအခါ နှစ်ယောက်လုံး ကြောက်မက်ဖွယ်အရာတစ်ခုအား ရင်ဆိုင်နေရသကဲ့သို့ ခံစားလိုက်ကြရသည်။

ထိုအချိန်မှာ လူလတ်ပိုင်းအရွယ်က ရုတ်တရက်
မေးလာသည်။ “သူတို့က မင်းရဲ့
မိတ်ဆွေတွေလား။"

ယန်ယဲ့က ယင်ရှမ်အာ နှင့်
မီးခိုးရောင်ဝတ်လူကို တစ်ချက်ကြည့်လိုက်ပြီး
"မိန်းမပျိုပဲ။ မီးခိုးရောင်ဝတ်လူတော့ မပါဘူး!"

"ငါနားလည်ပြီ!" လူလတ်ပိုင်းအရွယ်က
စူးစူးရဲရဲကြည့်လာသည်ကို
သတိပြုမိသောအခါ မီးခိုးရောင်ဝတ်လူက

ကမန်းကတန်း ပြောလိုက်သည်။ "ယန်ယဲ့! ငါ့မြောက်ပိုင်းနယ်မြေက တောင်ပိုင်းနယ်မြေကို လက်နက်ချဖို့ ဆန္ဒရှိတယ်။ ခြွင်းချက်မရှိ တောင်ပိုင်းနယ်မြေရဲ့အမိန့်ကို နာခံမယ်!"

"သူ့ကိုသတ်လိုက်!" ယန်ယဲ့က အပြောင်းအလဲမရှိသည့် အမူအရာဖြင့်သာ ပြောလိုက်၏။

၇၇၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၆ - လူသားကမ္ဘာကို ပေါင်းစည်းခြင်း

"ကောင်းပြီ။"

လူလတ်ပိုင်းအဘိုးအိုက ယန်ယွဲ့ကို
စိုက်ကြည့်ပြီးနောက် လက်ကိုဆန့်ထုတ်ကာ
မီးခိုးရောင်ဝတ်လူဆီသို့
လှမ်းရိုက်ချလိုက်သည်။

ထို့နောက် သူ့ပုံရိပ်က မီးခိုးရောင်ဝတ်လူ
အထက်သို့ ချက်ချင်း ရောက်သွားကာ
အဖြူရောင်လက်ဝါးကြီးတစ်ဖက်က
အာကာသဟင်းလင်းပြင်ထဲကနေ
ထိုးထွက်လာပြီး ၎င်းကို ဖိချလိုက်ပါပြီ။

သို့သော် မီးခိုးရောင်ဝတ်လူ၏ ဘေးတွင်
ရပ်နေသည့် ယင်ရှမ်အာက
ထိခိုက်မှုလုံးဝမရှိခဲ့ပါ။

"ကောင်းကင်ပြာလက်သီး!"
မီးခိုးရောင်ဝတ်လူက ဒေါသတကြီး
အော်ဟစ်၍ ညာလက်သီးကို
တင်းတင်းကြပ်ကြပ် ဆုပ်ကာ
ကောင်းကင်ထက်ကနေ ဖိချလာသည့်
အဖြူရောင်လက်ဝါးကြီးကို
တန်ပြန်ထိုးလိုက်သည်။

မီတာ ၁၀၀ ကျော်ကြီးမားသည့်
မီးခိုးရောင်လက်သီးကြီးက
အဖြူရောင်လက်ဝါးကြီးနှင့်
ပြင်းထန်စွာတိုက်မိသွားသည်။

ဂျိန်း!

ဖူး...ဝေါ့!

တိုက်ခိုက်မှုနှစ်ခုက ချက်ချင်းပင် ပျက်ပြယ်သွားကာ မီးခိုးရောင်ဝတ်လူ၏ ပါးစပ်ကနေ သွေးများ အဆက်မပြတ် အန်ထွက်လာသည်။

"ဟမ်?" လူလတ်ပိုင်းအဘိုးအိုက အံ့အားသင့်စွာဖြင့် “ဒီကမ္ဘာနဲ့မသက်ဆိုင်တဲ့ စွမ်းအင်တွေ။ ကြည့်ရတာ မင်းလည်း ဒီကမ္ဘာရဲ့အပြင်ကလာတဲ့ပုံပဲ။"

လူလတ်ပိုင်းအဘိုးအိုက ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်စဉ် မီးခိုးရောင်ဝတ်လူက ယန်ယွဲ့ရှေ့မှာ ပေါ်လာပြီး တစ်ချိန်တည်း သူ့မျက်နှာဖုံးကို ဆွဲချွတ်လိုက်ပါသည်။

ထိုအချိန်တွင် ယန်ယဲ့၊ အန်နန်ကျင်း နှင့်
အကြီးအကဲမူ တို့၏ အမူအရာများက
ပြောင်းလဲသွားကာ သူတို့၏ မျက်လုံးများတွင်
ထိတ်လန့်မှု အရိပ်အယောင်များ ရှိနေသည်။

ယင်ရှမ်အာ၏ မျက်လုံးထဲရှိ ထိတ်လန့်မှုက
ပို၍ပင်ကြီးမားနေလေသည်။

ရှန်မင်းဆက်၏ ကေရာဇ်အကြံပေးက ပုံရိပ် ၃
ခု ပိုင်ဆိုင်ထားလိမ့်မည်ဟု သူမစိတ်ထဲ
လုံးဝမထင်ထားခဲ့ပေ။

"လုယန်ဟောင်"

မှန်ပေသည်။ ရှန်မင်းဆက်၏
ကေရာဇ်အကြံပေး တစ်ဖြစ်လည်း
မီးခိုးရောင်ဝတ်လူက
ရှေးဟောင်းဒိုမိန်းမြို့တော်၏ မြို့သခင်
လုယန်ဟောင် ဖြစ်သည် ။

"တကယ်ပဲ မင်းကိုး!" ယန်ယွဲ့က တိုးညှင်းသော
အသံဖြင့် ပြောလိုက်သည်။ ရှန်မင်းဆက်၏
ကေရာဇ်အကြံပေးက အမှန်ပင် မြို့သခင် လု၊
လုကျန်းယောင်၏ အဖေဖြစ်နေလိမ့်မည်ဟု
သူလည်း မထင်ထားခဲ့ပေ။

လုယန်ဟောင်က အကူအညီမဲ့စွာ
ရယ်မောလိုက်သည်။ သူ့အထောက်အထားကို
မဖော်ထုတ်ချင်သော်လည်း
သေရတော့မည်ဖြစ်သည်။

လူလတ်ပိုင်းအဘိုးအိုသာ အကြီးအကဲမှူ နှင့်
ပူးပေါင်းတိုက်ခိုက်ပါက သူ့အနေဖြင့်
လုံးဝလွတ်မြောက်နိုင်မည်မဟုတ်ပေ။

သူ၏အထောက်အထားအမှန်ကို
ဖော်ထုတ်ရန်ကလွဲ၍ရွေးချယ်စရာမရှိတော့ပါ။

လုယန်ဟောင်က လူလတ်ပိုင်းအရွယ်
အဘိုးအိုနှင့် အကြီးအကဲမှုကို စိုက်ကြည့်ရင်း
ယန်ယဲ့ အပေါ်အကြည့်ရောက်သွားကာ
"ယန်ယဲ့၊ ငါတို့က ရန်သူတွေ မဟုတ်ဘူးလို့
အရင်ကပြောဖူးတယ်။ ငါ မင်းကို အခု
တားရတဲ့ အကြောင်းရင်းက အဓိက ကတော့
မြင့်မြတ်သောဟန်အင်ပါယာက သူ့ကို
လွှတ်ပေးမှာကို ကြောက်လို့ပဲ။

သူ့ရဲ့ခွန်အားကို မင်းလည်း
မြင်တွေ့ပြီးပြီမဟုတ်လား။

ဒီကမ္ဘာမှာ ဘယ်သူမှ သူ့ကို တားလို့မရဘူး။"

ယန်ယဲ့က ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေခဲ့သည်။

လုယန်ဟောင်က ဆက်ပြောလိုက်သည်။ "မင်းရဲ့ဆရာက ငါ့ကို သိထားတယ်။ ငါ့ရန်သူက မင်းမဟုတ်ဘူး၊ ဘုံရန်သူလို့တောင် ပြောလို့ရတယ်။” ဤကဲ့သို့ ရှင်းပြနေရသည်မှာ သူ၏သေခြင်း၊ ရှင်ခြင်းကံကြမ္မာက ယန်ယဲ့ လက်ထဲမှာ ရှိနေသောကြောင့်ပင်။

"သူ့ကိုအသက်ရှင်ခွင့်ပေးလိုက်ပါ...ကလေး!"
ဤအခိုက်တွင် အကြီးအကဲမှူ က ရုတ်တရက်
ပြောလာသည်။ “မိတ်ဆွေတစ်ယောက်ရှိတာက
ရန်သူများလာတာထက် ပိုကောင်းတယ်။
မင်း ဘာတွေ စိတ်ပူနေလဲဆိုတာ ငါသိတယ်။
စိတ်မပူပါနဲ့၊ သူက မြင့်မြတ်နယ်မြေ နဲ့
ပူးပေါင်းမှာမဟုတ်ဘူး။"

ယန်ယဲ့သည် အကြီးအကဲမှူ၏
စကားကိုကြားသောအခါ ခေါင်းညိတ်လိုက်ပြီး
"မြို့သခင်လု! လုကျန်းယောင် နဲ့ပတ်သက်လို့
ငါမင်းနဲ့ရန်သူမဖြစ်စေချင်ဘူး။

ဒီတော့ ရှေ့ဆက်ပြီး ငါတို့ကြားမှာ
အမှန်အတိုင်းဖြစ်ဖို့မျှော်လင့်ပါတယ်။"
ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
လူသားကမ္ဘာတစ်ခုလုံးအား
ပေါင်းစည်းနိုင်ခဲ့သောကြောင့် သူ့နှလုံးသားထဲ
ပို၍ ပေါ့ပါးသလို ခံစားလိုက်ရသည်။

ငရဲတစ္ဆေနယ်မြေ သို့မဟုတ်
ပင်လယ်မျိုးနွယ်များနှင့်ပတ်သက်၍တော့
၎င်းတို့ကို ကာကွယ်ပေးသည့်

သူတော်စင်တစ်ပိုင်းအဆင့် မရှိသောကြောင့်
စိတ်ပူစရာမလိုတော့ပေ။

ထို့နောက် သူ့အတွေးများကို ထိန်းချုပ်ကာ
အဘိုးအို လုယန်ကို စိုက်ကြည့်နေသည်။
အဘိုးအိုလုယန်က "မင်းအဖေနဲ့ငါက
အဝေးမှာရှိတဲ့ စကြာဝဠာကနေ လာခဲ့တာ။
အဲဒီနေရာကို နဂါးငွေ့တန်းကြယ်စင်စု
လို့ခေါ်တယ်။

နဂါးငွေ့တန်းကြယ်စင်စုထဲမှာ
မရေမတွက်နိုင်တဲ့ မျိုးနွယ်စုတွေရှိတယ်။

အဲဒီအထဲမှာမှ မဟာကာလန်ကြီး (ထိပ်တန်းမျိုးနွယ်စုကြီး) ၈ ခု ရှိတယ်။ သူတို့ရဲ့ခွန်အား၊ အရန်အင်အား နဲ့ အရင်းအမြစ်တွေက မင်းထင်ထားတာထက် အဆပေါင်းများစွာ ကျော်လွန်တယ်။

ရှုတ်စွအဆုံး ကာလန်ရဲ့ အဆင့်နိမ့်ပညာရှင်ကတောင် ဒီလိုတိုက်ကြီးတစ်ခုကို အသာလေး ဖျက်ဆီးပစ်နိုင်တယ်။ ပြီးတော့ သူတို့ရဲ့လက်အောက်မှာ အနည်းဆုံး အဆင့်နိမ့် ကမ္ဘာပေါင်း ၃,၀၀၀ ရှိတယ်လို့ပဲ သိထားပါ။"

ထိုစကားကိုကြားသောအခါ လုယန်ဟောင်၏မျက်ခွံများက တဆတ်ဆတ် လှုပ်ယမ်းသွားသည်။ သူ့မျက်လုံးထဲ၌လည်း အံ့အားသင့်မှုတစ်ခု ထုတ်ဖော်လိုက်သည်။

"အဆင့်နိမ့်ကမ္ဘာတွေ?" ယန်ယဲ့က ဤစကားကို သိပ်မရှင်းသလို ခံစားလိုက်ရသဖြင့် မျက်မှောင်ကြုတ်လိုက်သည်။

"ဒါက ဆန်းကြယ်တိုက်ကြီး ၁၀ ခုနဲ့ ညီမျှတယ်!" လုယန်ဟောင်က သူ့မျက်နှာပေါ်တွင် လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

"ဆန်းကြယ်တိုက်ကြီး ၁၀ ခု!"ယန်ယဲ့၊ အကြီးအကဲမူ နှင့် အန်နန်ကျင်း တို့သုံးဦးလုံး ထိတ်လန့်သွားကြသည်။ အကြောင်းမှာ ၎င်းက အဆင့်နိမ့်ကမ္ဘာ ၃,၀၀၀ ဖြစ်နေသောကြောင့်ပါ။

ကမ္ဘာတစ်ခုစီက ဆန်းကြယ်တိုက်ကြီး ၁၀ ခုနှင့် နှိုင်းယှဉ်နိုင်သည်။ ထိုအချက်ကို ကြည့်လျှင်

နဂါးငွေ့တန်းကြယ်စင်စု၏ အင်အားစုများက မည်သို့သောစွမ်းအားကို ပိုင်ဆိုင်ထားကြောင်း မခန့်မှန်းနိုင်လောက်အောင်ပင်။

အဘိုးအိုလုယန်က လုယန်ဟောင်ကို တစ်ချက်ကြည့်လိုက်ပြီး "အဲဒီ နယ်ခြားမိစ္ဆာတွေလို့ ခေါ်တဲ့လူတွေကို မင်းသိတယ်မဟုတ်လား။ သူတို့က မဟာကလန်ကြီး ၈ ခုထဲက တစ်ခုဖြစ်တဲ့ "ဂူကလန်" ရဲ့အဆင့်နိမ့်အဖွဲ့ဝင်တွေပဲ။"

ထိုစကားပြောရင်းဖြင့် အဘိုးအိုလုယန်က

ယန်ယဲ့ကို အကြည့်ပို့လွှတ်ကာ "ဒီလို ရှားပါးတဲ့

ဝိညာဉ်စွမ်းအင်ရှိတဲ့ကမ္ဘာမှာ နေထိုင်ရင်း

ဒီလိုဘဝမျိုးမှာ ဒီလို အောင်မြင်မှုတွေ

ရနိုင်ခဲ့တဲ့အတွက် မင်းက တကယ်ကို

အံ့သြစရာပဲ။ ဒါဟာ တကယ့်ကို ရှားပါးတဲ့

အောင်မြင်မှုတစ်ခုလို့ဆိုရမယ်။ ဒါပေမဲ့

ကလန်ကို ပြန်ဖို့ဆိုရင်တော့

မလုံလောက်သေးဘူး။

အဝေးကြီးလိုသေးတယ်။”

ယန်ယဲ့က ခေါင်းခါလိုက်၏။ "ကလန်က
အငြင်းပွားမှုတွေ၊ ပဋိပက္ခတွေကို
ဝင်ရောက်စွက်ဖက်ဖို့ ငါစိတ်မဝင်စားဘူး!"

"မင်းက အရမ်းငယ်သေးတာပဲ!"
အဘိုးအိုလုယန်က ခေါင်းခါလိုက်ပြီး
“ဒီကမ္ဘာကြီးမှာ မင်းဟာ ဘယ်သူ့ကိုမှ
မရှုံးနိမ့်နိုင်တော့ဘူး။ မင်းအဖေနဲ့ငါက
ဒီလောကအကြောင်းပဲပြောနေရင်တောင်
မင်းရဲ့အင်အားက တကယ်ကို
အားနည်းလွန်းနေသေးတယ်။

ဒီကမ္ဘာရဲ့ ဝိညာဉ်စွမ်းအင်က
တဖြည်းဖြည်းခန်းခြောက်လာလို့ မကြာခင်မှာ
ကမ္ဘာပျက်တော့မယ်။

ဒီကမ္ဘာကြီးရဲ့ စည်းတံဆိပ်ကို ချိုးဖျက်ပြီး
ရုန်းမထွက်နိုင်ရင် မင်းကို သေခြင်းတရားကပဲ
စောင့်ကြိုနေမှာ။

ဒါ့အပြင် အထက်ဘုံရဲ့ ပညာရှင်တွေက ငါတို့ကို
ဖောက်ထွက်ခွင့်ပေးမှာမဟုတ်ဘူး။"

"မင်းရဲ့ ခွန်အားနဲ့တောင် မဖြစ်နိုင်ဘူးလား" ယန်ယဲ့က တိုးညှင်းသော အသံဖြင့် ပြောသည်။

"ငါတစ်ယောက်တည်းနဲ့ မလုံလောက်ဘူး!" အဘိုးအိုလုယန်က "ငါ့ရဲ့ခွန်အားတွေ အပြည့်အဝ ပြန်ရနိုင်ရင် ငါ စမ်းကြည့်လို့ ရတယ်။ ကံမကောင်းစွာပဲ၊ ဒီကမ္ဘာမှာ မူလခရမ်းရောင်စွမ်းအင် မရှိတော့ဘူး။ ဒါကြောင့် ငါ့ရဲ့မူလအဆင့်ကို ဘယ်တော့မှ ပြန်မရနိုင်တော့ဘူး။"

"မူလခရမ်းရောင်စွမ်းအင်!" ယန်ယွဲ့က
စိတ်ထဲကနေ ရေရွတ်ရင်း မျက်လုံးကို
အနည်းငယ်မှိတ်ထားလိုက်သည်။
သူ့လက်ထဲတွင်
မူလခရမ်းရောင်စွမ်းအင်ရှိနေပေသည်။

သို့သော် ပမာဏက အလွန်နည်းပါး၏။
ထို့အပြင် သူ့ဘေးနားရှိ ယုံကြည်ရသူ
အနည်းငယ်ကလွဲ၍ သူ့ကိုယ်သူ အပြည့်အဝ
မကာကွယ်နိုင်ခင်
ထုတ်ဖော်ပြောမည်မဟုတ်ပေ။

၃၃၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၃၃၃ - ဆန်းကြယ်တိုက်ကြီးကို ပေါင်းစည်းခြင်း

မူလစေတီက အလွန်ရှေးကျပြီး လျှို့ဝှက်ဆန်းကြယ်လှသည်။

အကယ်၍ သူက မူလစေတီ ကို
ထုတ်ဖော်ပြီးသည်နှင့် ၎င်းကိုလုယူရန်
မြင့်မြတ်နယ်မြေ သာမကဘဲ သူ့ဘေးနားရှိ
မဟာမိတ်အဖွဲ့များပင်လျှင် ပစ်မှတ်ထား
တိုက်ခိုက်လာပေမည်။

ထိုအချိန်တွင် သူက အသက် ၁၀၀
လောက်ပိုင်ဆိုင်ထားလျှင်ပင်
အသက်ရှင်ရန်မဖြစ်နိုင်ပေ။

"ဒါဆို ငါတို့က
သေခြင်းတရားရောက်လာတာကို
ထိုင်စောင့်ဖို့ကလွဲလို့
တခြားရွေးချယ်စရာမရှိဘူးလို့ ဆိုလိုတာလား"
အန်နန်ကျင်းက ရုတ်တရက်ပြောလိုက်သည်။

အဘိုးအိုလုယန်က ရယ်မောပြီး "
ဟုတ်ပါတယ်။ ဒါပေမဲ့ လူတွေက
အဆုံးအစွန်ထိ ဒါမှမဟုတ်
ချောက်ကမ်းပါးအစွန်းထိ
တွန်းပို့ခံလိုက်ရပြီဆိုရင်တော့ ဘာမဆို
လုပ်နိုင်စွမ်းရှိတယ်။ မင်းတို့

နယ်ခြားမိစ္ဆာလို့ခေါ်တဲ့ ပညာရှင်တွေထဲမှာ
လုံးဝကိုကြောက်စရာကောင်းတဲ့သူတချို့ရှိတ
ယ်။ သူတို့က အခုလက်ရှိမှာ
သိုင်းသူတော်စင်တွေ မဟုတ်တော့ပေမဲ့
တစ်ချိန်က သိုင်းသူတော်စင် ထက်တောင်
အဆင့်ပိုမြင့်တဲ့ ပညာရှင်တွေဖြစ်ခဲ့တာလေ။
တကယ်လို့ သူတို့သာ တစ်ခုခုကို
ပေးဆပ်မယ်ဆိုရင်
သူတော်စင်တစ်ပိုင်းအဆင့်နဲ့
သိုင်းသူတော်စင်တွေတောင်ဘာမှမတတ်နိုင်ဘဲ
အသတ်ခံရမှာကျိန်းသေတယ်။"

"နယ်ခြားမိစ္ဆာတွေက ငါတို့ရဲ့ရန်သူတွေ ဖြစ်လာနိုင်တယ်! အန်နန်ကျင်းက ပြောလိုက်၏။

"မဟုတ်ဘူး၊ နောက်ဆုံးကျရင် ကောင်းကင်တာအိုနဲ့ ကောင်းကင်ပြင်ပက အင်အားစုတွေအားလုံး လူတိုင်းရဲ့ မဟာရန်သူဖြစ်လာလိမ့်မယ်!" အဘိုးအိုလုယန်က ဆက်ပြောလိုက်သည်။
"တစ်ခုပဲ.... လူသားတွေရဲ့ ရင်ထဲမှာအမြစ်တွယ်နေတဲ့ အကျင့်ဆိုးတွေက သူတို့ရဲ့သေရေးရှင်ရေးအခြေအနေမှ

မဟုတ်ရင် အချင်းချင်း ဘယ်တော့မှ ပေါင်းစည်းနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် အချင်းချင်း ရန်ဖြစ် သတ်ဖြတ်တာကို ရှောင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

ထိုအချိန်တွင် လုယန်ဟောင်က လည်း ပြောလာသည်။ "မင်းပြောတာမှန်တယ်။ လူတိုင်းက သေရေးရှင်ရေးနဲ့သာရင်မဆိုင်ရရင် ဘယ်တော့မှ တစ်စုတစ်စည်းထဲပေါင်းစပ်ဖို့ဆိုတာမဖြစ်နိုင် ဘူး။"

အဘိုးအိုလုယန်က ခေါင်းခါလိုက်ပြီး "ဒါကလည်း အမှားလို့ပြောလို့မရဘူးလေ။ တခြားသူတွေရဲ့ အကျိုးအမြတ်နဲ့ ဆက်စပ်နေပြီး ကိုယ်ပိုင်အရေးကိစ္စဖက်တွယ်လာရင် အမြဲတမ်း ပဋိပက္ခဖြစ်တတ်ပါတယ်။ ဒါက လူသားတွေရဲ့ သဘာဝပါပဲလေ။"

ထိုစကားကို ပြောပြီးသည့်အခါ သူက ယန်ယွဲ့ကို စိုက်ကြည့်ကာ "ကလေး၊ မင်းက ယန်ကလန်ရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ။ မင်းက နယ်နှင်ဒဏ်ခံရတဲ့မျိုးဆက်တစ်ယောက်ရဲ့

သားဖြစ်နေပေမယ်လို့ ဘယ်လိုပဲဖြစ်ဖြစ်
ယန်ကလန်ရဲ့အဖွဲ့ဝင်ဆိုတာကို
ရှောင်လွှဲလို့မရဘူး။ ဒါ့အပြင် မင်းက
ရှောင်နေရင်တောင် ရှောင်လို့မရတဲ့
အရာတွေရှိတယ်။

ယန်ယဲ့က ခေါင်းခါလိုက်သည်။
တချို့အရာတွေက ဝေးလွန်းတယ်။
လောလောဆယ် လက်ရှိအခြေအနေကိုပဲ
ပြောကြည့်ရအောင်။ မင်းက
အခုလွတ်လပ်တဲ့ဘဝကို ပြန်ရသွားပြီ။ ဒါပြီးရင်
မင်းဘာဆက်လုပ်ဖို့ စီစဉ်ထားလဲ။"

"ဟုတ်တယ်၊
ငါမင်းနောက်ကိုလိုက်ဖို့စီစဉ်ထားတယ်!"
အဘိုးအိုလုယန်က ယန်ယဲ့အား
မျှော်လင့်ချက်အပြည့်အကြည့်များနှင့်
စူးစိုက်ကြည့်ကာ "ကလေး၊ မင်းက ငါတို့
ယန်ကလန် ကို ပြန်ဖို့
တစ်ခုတည်းသောအခွင့်အရေးပဲ။"

ယန်ယဲ့က ခေါင်းညိတ်ပြီးပြောလိုက်သည်။
"ယန်ကလန် ကိုပြန်ဖို့လား။ ငါ
ဒါကိုစိတ်မဝင်စားဘူး။ ဒါပေမဲ့ မင်း

အနားမှာရှိနေတာက ငါ့အတွက်
အရမ်းအကျိုးရှိမှာသေချာတယ်။ဒီကြင်နာမှုကို
သတိရနေမှာပါ။ နောင်ကျရင် မင်းကို
သေချာပြန်ဆပ်ပါ့မယ်။"

အဘိုးအိုလုယန်က ပြုံးလိုက်သည်။ သူ့စိတ်ထဲ
ယန်ယွဲ့က မည်သည့်အရာမျှ မကူညီနိုင်ဟု
မထင်ထားသလို ငြင်းဆန်ခြင်းလည်းမပြုခဲ့ပေ။
သူ့လက်ချောင်းများကို ပွတ်ဆွဲလိုက်ရာ
ကျောက်စိမ်းစာလိပ်တစ်လိပ်က ယန်ယွဲ့ ဆီသို့
ပျံသန်းလာသည်။ ဒီလောကရဲ့
စည်းမျဉ်းတွေအတိုင်း၊ ဒါက

ဓားပညာရှင်တွေအတွက်
အဆင့်မြင့်တာအိုနည်းစနစ်ပဲ။ ဒီနည်းစနစ်ကို
"အလင်း၏အရှိန်"လို့ခေါ်တယ်။

ဒါက အဆင့်ကြီး ၃ ဆင့်ရှိတယ်။
ပထမအဆင့်က မင်းရဲ့ဓားအမြန်နှုန်းကို ၅
ဆတိုးမြှင့်နိုင်တယ်။ ဒုတိယအဆင့်က ၁၀ နဲ့
နောက်ဆုံး တတိယအဆင့်ကတော့ အဆ ၃၀
ထိမြှင့်တင်နိုင်တယ်။

မင်းသာ ဒါကို အဆင့် ၃ ထိအောင်မြင်သွားရင်
ငါတောင် မင်းရဲ့တိုက်ခိုက်မှုတွေကို ရှောင်နိုင်မှာ
မဟုတ်ဘူး။

..........,။

ဟန်အင်ပါယာနန်းတော် ပြိုကျပြီး
တော်ဝင်မိသားစုတစ်ခုလုံး
သေဆုံးသွားသောကြောင့်
မြင့်မြတ်သောဟန်အင်ပါယာ ပျက်သုဉ်းသွားပြီ
ဖြစ်သည်။

တစ်ချိန်တည်းတွင် မြောက်ပိုင်းနယ်မြေက
တောင်ပိုင်းနယ်မြေ ထံသို့
လက်နက်ချခြင်းနှင့်အတူ တိုက်ကြီးပေါ် ရှိ

လူသားကမ်ဘာတစ်ခုလုံး လုံးလုံးလျားလျား ပေါင်းစည်းခဲ့သည်။

မြင့်မြတ်သောဟန်အင်ပါယာကို ဖျက်ဆီးပြီးနောက် နောက်တစ်နေ့တွင် ပင်လယ်မျိုးနွယ်စုများနှင့် ငရဲတစ်ဆေမျိုးနွယ်တို့က တောင်ပိုင်းနယ်မြေသို့ ကိုယ်စားလှယ်တစ်ဦးစီ စေလွှတ်ကာ လက်နက်ချ အညံ့ခံကြောင်း အတည်ပြုခဲ့၏။

ရှေးဟောင်းဒိုမိန်းမြို့၏ မြို့သခင်
လုယန်ဟောင်နှင့်အဘိုးအိုလုယန် တို့
ပါဝင်ပါက တောင်ပိုင်းနယ်မြေတွင်
သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါး
ပိုင်ဆိုင်ထားသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါး ဟူသည့်
တည်ရှိမှုက ငရဲတစ္ဆေမျိုးနွယ်နှင့်
ပင်လယ်မျိုးနွယ် နှစ်ခုလုံးကို ချေမှုန်းရန်
လုံလောက်ပါသည်။

ထို့ကြောင့် မျိုးနွယ်စုကြီးနှစ်ခုစလုံးက
ချက်ချင်း လက်နက်ချခဲ့ကြသည်။

အကယ်၍ သူတို့သာ လက်နက်ချအညံ့မခံပါက
ယန်ယဲ့၏ စိတ်သဘောထားအရဆိုလျှင်
တိုက်ကြီးကနေ ပျောက်ကွယ်သွားနိုင်ပါသည်။

အချုပ်ဆိုရသော် ဤအချိန်တွင်
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး
စည်းလုံးညီညွတ်သွားပြီဟုဆိုနိုင်သည်။

ဆန်းကြယ်တိုက်ကြီးကို ပေါင်းစည်းခြင်း....။

ဆားအင်ပါယာယန်(ယန်ယဲ့)၊

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏

နာမည်ကလည်း တိုက်ကြီးတစ်ခုလုံးသို့

ပြန့်နှံ့သွားကာ လူတိုင်း ကြောက်ရွံ့

လေးစားကြသည့်နာမည်တစ်ခုဖြစ်လာခဲ့သည်။

........

ယန်ယဲ့သည် တောင်ပိုင်းနယ်မြေသို့

ပြန်ရောက်သည်နှင့် တံခါးပိတ်ကျင့်ကြံခဲ့ပြီး

အဘိုးအိုလုယန် ပေးသည့်

"အလင်း၏အမြန်နှုန်း"နည်းစနစ်ကို
အဆက်မပြတ် လေ့ကျင့်နေလေသည်။

သူ ရင်ဆိုင်တိုက်ခိုက်ခဲ့သည့်
အဆင့်တူစားပညာရှင်များအနက် ယောင်ယဲ့က
အလွန်ကြောက်စရာ အမြန်နှုန်းကို
ပိုင်ဆိုင်ထားခဲ့သည်။

ထိုအချိန်တွင် သူက
ရှောင်တိမ်းနိုင်စွမ်းမရှိခဲ့သလို
ရွေးချယ်စရာမရှိဘဲ ထိပ်တိုက်ရင်ဆိုင်ခဲ့ရ၏။

သို့သော် သူက အလင်း၏အမြန်နှုန်း ကို အဆင့်
၁ အောင်မြင်ပါက သူ့စားအမြန်နှုန်းက
ယောင်ယဲ့ ထက်ပင် သာလွန်နေမည်ကို
ယုံကြည်ထားသည်။

ထို့အပြင် ယန်ယဲ့က အလင်း၏အမြန်နှုန်း နှင့်
မှော်ဆေးပညာကိုပါ လေ့လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ဤအရာက ရှောင်ချီ
ဟုခေါ်သည့် ကလေးမလေးနှင့်

ဆက်စပ်နေသည်ဖြစ်ရာ သူ
အပြင်းအထန်ကြိုးစားရပေမည်။

ကံကောင်းထောက်မစွာပဲ၊ သူက
လွန်ခဲ့သောနှစ်များတစ်လျှောက်လုံး နဂါးဖြူ၏
နေအိမ်ကနေ ဆေးအမယ်များစွာကို
ရရှိထားခဲ့သည်။
ထို့ကြောင့် သူက
ဆေးသန့်စင်နိုင်ရန်သာလိုအပ်ပြီး
ဆေးအမယ်များကို စိတ်ပူစရာမလိုတော့ပေ။

အချိန်အတော်ကြာအောင် ပြင်းပြင်းထန်ထန်

လေ့လာလေ့ကျင့်ပြီးနောက်တွင် ယန်ယွဲ့ဟာ

"အသက်ဓာတ်ဆေးလုံး"ဟု ဟုခေါ်သော

ဆေးလုံးတစ်လုံးကို သန့်စင်နိုင်ခဲ့သည်။

၎င်းက လူသားအဆင့်သာဖြစ်ပြီး

အကျိုးသက်ရောက်မှု အလွန်နည်းပါးလှသည်။

အသက်ကယ်အဆောင် ကဲ့သို့

အသေးစားဒဏ်ရာများကို

ကုသပေးနိုင်ရုံမျှသာဖြစ်သည်။

ထိုအခြေအနေက ယန်ယွဲ့ကို အတော်လေး

စိတ်ပျက်လက်ပျက်ဖြစ်သွားစေသည်။

သို့ရာတွင် သူက အသက်ဓာတ်ဆေးလုံး၏
အကျိုးသက်ရောက်မှုကို စမ်းသပ်ပြီးနောက်
အံ့အားသင့်သွားတုန်လှုပ်သွားခဲ့သည်။
သူတင်မဟုတ်ဘဲ အကြီးအကဲမှူး နှင့် အဘိုးအို
လုယန် တို့ပင်လျှင် တုန်လှုပ်သွားကြ၏။

အကြီးအကဲမှူး တုန်လှုပ်သွားရသည့်
အကြောင်းရင်းက အသက်ဓာတ်ဆေးလုံး၏
အကျိုးသက်ရောက်မှုကြောင့်ပါ။

အသက်ဓာတ်ဆေးလုံးက သူပင်
မခန့်မှန်းနိုင်လောက်အောင်
အစွမ်းထက်နေသည်မဟုတ်ပါလော။

၎င်းက လူသားအဆင့်ဆေးလုံး
ဖြစ်နေသည့်တိုင်
အလွန်ကြောက်မက်ဖွယ်ရာကောင်း၏။

ထိုအခြေအနေကလည်း ယန်ယဲ့
ထိတ်လန့်သွားခဲ့သည့်
အကြောင်းရင်းတစ်ခုပါပဲ။

အသက်ဓာတ်ဆေးလုံးက
လူသားအဆင့်ဆေးလုံး သာဖြစ်သည်။

သူတော်စင်တစ်ပိုင်းအဆင့်ကို ကုသရန်
မဖြစ်နိုင်ပေ။

သို့ရာတွင် အခြေအနေက မမျှော်လင့်ဘဲ
အလွန်အမင်း ထူးဆန်းနေပေသည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့က
အကြောင်းအရင်းမှန်ကို သတိပြုမိလိုက်၏။

အသက်ဓာတ်ဆေးလုံးက
လူသားအဆင့်ဆေးလုံး ဖြစ်ပြီး
အကြီးအကဲမှူး၏ ဒဏ်ရာကို
ကုသရန်မဖြစ်နိုင်ပေ။

တစ်ခုတည်းသော အကြောင်းအရင်းမှာ

အကြီးအကဲမှုက ဆေးလုံး၏

စွမ်းအားကိုခံစားမိသည်မဟုတ်ဘဲ

ဆေးလုံးထဲရှိ မူလခရမ်းရောင်ချီစွမ်းအင်၏

အကျိုးသက်ရောက်မှုသာ။

ယန်ယွဲ့က ဆေးလုံးသန့်စင်ရာတွင်

မူလစေတီထဲရှိ မူလခရမ်းရောင်ချီစွမ်းအင်ကို

အသုံးပြုခဲ့၏။

ထို့ကြောင့် ဆေးလုံးထဲ

မူလခရမ်းရောင်ချီစွမ်းအင်များ ပါဝင်နေသည်။

မူလခရမ်းရောင်ချိုစွမ်းအင်က ကမ္ဘာတစ်ခုလုံးရှိ သူတော်စင်တစ်ပိုင်းအဆင့်များအတွက် အဆင့်မြင့်ဆုံး ပြန်လည်ကုသခြင်းဆေး ဖြစ်သည်။

သို့ရာတွင် ဆေးလုံးထဲ၌ မူလခရမ်းရောင်ချိုစွမ်းအင် အနည်းငယ်သာ ပါဝင်နေသောကြောင့် အကြီးအကဲမူက လုံးဝ သတိမပြုမိခဲ့ပေ။

တစ်ဖက်တွင်မူ ယန်ယဲ့က
မျော်ဆေးပညာရှင်ဖြစ်နေသည်ကို
သိလိုက်သည့် အဘိုးအိုလုယန်က အတော်လေး
အံ့အားသင့်သွား၏။

အဘိုးအိုလုယန်က အခန်းထဲမှာ ထိုင်နေရင်း
သူ့လက်ဝါးပေါ် ရှိ ဆေးလုံးများကို
ကြည့်နေလေသည်။ ထို့နောက်
အသက်ပြင်းပြင်းရှူလိုက်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ရင်း "မင်းဆေးကို
ဘယ်လိုသန့်စင်ရမလဲ ဆိုတာ သိတာလား"ဟု
မေးလိုက်လေသည်။

"ငါ နည်းနည်းတော့ သိထားတယ်။"ယန်ယဲ့က ခေါင်းညိတ်ကာ ပြန်ဖြေသည်။

အဘိုးအိုလုယန် က ယန်ယဲ့၏ စကားကိုထပ်မံကြားလိုက်ပြီးနောက် ပို၍ပင် စိတ်လှုပ်ရှားသွားကာ

"မင်းက မျော်ဆေးပညာရှင်တွေ ဘယ်လောက်အရေးကြီးပြီး လေးစားစရာကောင်းသလဲဆိုတာ မသိနိုင်လောက်ဘူး။ ရိုးရိုးရှင်းရှင်းပြောရရင်

မှော်ဆေးပညာရှင်တွေက ငါတို့ကမ္ဘာမှာရှိတဲ့ ကျင့်ကြံသူတွေထက် အဆင့်အတန်းပိုမြင့်တယ်။ မင်း အခုအချိန်မှာ ဘာကျင့်ကြံမှုမှ မရှိဘူးဆိုရင်တောင် ယန်ကလန် ဆီကို ပြန်သွားနိုင်တုန်းပဲ၊ ဒါ့အပြင် ယန်ကလန် တစ်ခုလုံးက မင်းကို အထင်ကြီးလေးစားကြလိမ့်မယ်!"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ " တိုက်ကြီးပေါ်မှာ မှော်ဆေးပညာရှင်တွေရှိသလို

မြင့်မြတ်နယ်မြေမှာလည်း ရှိတယ်မဟုတ်လား ...."

"မှော်ဆေးပညာရှင်တွေလား။ သူတို့က...." အများစုက ရှားပါး ဆေးအမယ်တွေ ပိုင်ဆိုင်ထားကြတယ်လေ။ စစ်မှန်တဲ့မှော်ဆေးပညာရှင်တွေ ဆိုရင် ဒြပ်စင်ငါးခုဆန်းကြယ်ချီစွမ်းအင်ကို ပိုင်ဆိုင်ရမယ်။ အခု ဒီဆေးလုံးထဲက ဆန်းကြယ်ချီစွမ်းအင်က အတော်လေး နည်းပါးပေမဲ့ ဒါက ဒြပ်စင်ငါးခုဆန်းကြယ်ချီစွမ်းအင်ဆိုတာသေချာ

တယ်။ ဘာလို့လဲဆိုတော့
ဒြပ်စင်ငါးခုဆန်းကြယ်ချီစွမ်းအင်ရှိမှပဲ
အဲဒီဆေးလုံးတွေက
အကျိုးသက်ရောက်တော့မှာ!”

အကယ်၍ အဘိုးအိုလုယန် သာ
သေချာအာရုံစိုက်၍ စစ်ဆေးကြည့်လျှင်
ဆေးလုံးထဲရှိ စွမ်းအင်က
ဒြပ်စင်ငါးခုဆန်းကြယ်ချီစွမ်းအင်မဟုတ်ကြော
င်း သတိပြုမိနိုင်ပေသည်။

သို့ရာတွင် သူက
မူလခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို လုံးဝ
မတွေးထားမိသောကြောင့်ပါ။

သို့သော် သူ့ကိုလည်း အပြစ်ပြော၍ မရပေ။
လက်ရှိခေတ် ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး
မူလခရမ်းရောင်စွမ်းအင် မရှိတော့သည်ဖြစ်ရာ
ယန်ယဲ့က မည်ကဲ့သို့ ပိုင်ဆိုင်နိုင်မည်နည်း။

၃၃၈
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၈ - သွားဖို့အချိန်ကျပြီ

အဘိုးအိုလုယန်၏

စကားကိုကြားလိုက်သောအခါ ယန်ယဲ့သည်

မျက်ခွံများပင် လှုပ်ယမ်းသွားသည်။

ကံကောင်းထောက်မစွာပဲ အဘိုးအိုလုယန်က

ရင်းကို

ဒြပ်စင်ငါးခုဆန်းကြယ်ချီစွမ်းအင်ဟုသာထင်မှ

တ်ခဲ့၏။

အကယ်၍ အဘိုးအိုလုယန်ကသာ
မူလခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို
သတိပြုမိသွားပါက သေချာပေါက်
ပြဿနာကြီးတစ်ခုတက်နိုင်ပေသည်။

ရုတ်တရက် ယန်ယွဲ့သည် သူ့စိတ်ထဲ နောင်တွင်
ဆေးလုံးများကို သန့်စင်ခြင်းမပြုတော့ဟုပင်
ဆုံးဖြတ်လိုက်၏။

ယခုအချိန်တွင် သူက အားနည်းနေသေး၏။
သို့သော် သူ့လက်ထဲမှာ ဤလောက၏
ပညာရှင်များအားလုံး
မျှော်လင့်တောင့်တနေသော အရာတစ်ခုကို
ပိုင်ဆိုင်ထားသည်။
ထိုအရာကို ထုတ်ဖော်လိုက်မိပါက
နောက်ဆက်တွဲအကျိုးဆက်များက
မှန်းဆ၍ပင်ရမည်မဟုတ်ချေ။

"မင်း... ယန်ကလန် ကို ပြန်ရမယ်!"
တစ်ချိန်တည်းမှာပဲ အဘိုးအိုလုယန်က
ပြတ်သားသောလေသံဖြင့် ပြောလိုက်၏။

"ဘာလို့လဲဆိုတော့ ယန်ကလန် မှာ မင်းပိုင်တဲ့အရာကို ပြန်ယူရမယ်!"

ယန်ယဲ့က အနည်းငယ် အံ့သြသွားမိသည်။ "ငါ့ရဲ့....?"

“ယန်ကလန်ရဲ့ဘိုးဘေးမှာ သား ၆ ယောက်နဲ့ သမီး ၃ ယောက်ရှိတယ်။ မင်းအဖေက သူတို့ထဲမှာ အငယ်ဆုံးသားပဲ။ ယန်ကလန်ရဲ့ လက်အောက်မှာ ကမ္ဘာပေါင်း (၇,၀၀၀) ပိုင်ဆိုင်ထားတယ်။ အဲဒီအထဲက ကမ္ဘာ

(၃,၀၀၀)က မင်းအဖေရဲ့လက်ထဲမှာရှိနေတယ်။
ဒါပေမဲ့ သူ့ရဲ့အကြီးဆုံးအစ်ကိုနဲ့ တခြားအစ်ကို
၂ ယောက်က ပူးပေါင်းပြီး လုပ်ကြံခဲ့တယ်။
ယန်ကလန်က မင်းအဖေရဲ့ အဆင့်အတန်း၊
ပိုင်ဆိုင်မှုတွေ အားလုံးကို
သိမ်းသွားရုံတင်မကဘူး၊
နယ်နှင်ဒဏ်ပါပေးခဲ့တယ်။ ကံကောင်းလို့
မင်းရဲ့ဒေါ်လေးက သူ့ကို
တိတ်တဆိတ်ကာကွယ်ပေးထားတယ်။
ဒါပေမဲ့လည်း ယန်ကလန်က မင်းရဲ့အဖေကို
ကလန်ကနေထုတ်ပယ်ပြီး
ဖရိုဖရဲအာကာသထဲကို အကျဉ်းချခဲ့တယ်။"

“အနာဂတ်မှာ ပြန်သွားဖို့ ငါတို့
ဆွေးနွေးနိုင်ပါတယ်။ အရေးကြီးတာက
အခုလက်ရှိ ကမ္ဘာမပျက်ခင် ငါတို့
အသက်ရှင်အောင်
ဘယ်လိုတွေကြိုတင်ပြင်ဆင်ထားသင့်သလဲ !”
ယန်ယဲ့က ပြောလိုက်သည်။

"နဂါးငွေ့တန်းကြယ်စင်စု..... ။ မဟာကလန်ကြီး
၈ ခုထဲက ယန်ကလန်....။" သူက ထိုနေရာကို

စိတ်မဝင်စားသော်လည်း သေချာပေါက် သွားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှောင်ချီ က အဘိုးအိုလုယန် နှင့် တူညီသောကမ္ဘာကနေ ရောက်လာခြင်းဖြစ်နိုင်သောကြောင့်ပါ။

အဘိုးအိုလုယန်က ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "ဟုတ်တယ်၊ ငါတို့နောက်မှပြောမယ်။ မင်းက အလင်း၏အမြန်နှုန်း ကို ဘယ်လို လေ့ကျင့်ထားလဲ။"

ယန်ယဲ့က ခေါင်းညိတ်ကာ "ငါ အဲဒါကို နားတော့နားလည်ထားပြီ။ ဒါပေမဲ့ တချို့အရာတွေက နည်းနည်းရှုပ်ထွေးနေသေးတယ်။"

"ကောင်းပြီ၊ ငါ့ကိုပြောပြပါ။" အဘိုးအိုလုယန်က ပြောသည်။

အဘိုးအိုလုယန်က သူ့အား ညွှန်ပြပေးမည်ကိုသိလိုက်သောအခါ

ယန်ယဲ့သည် ဝမ်းသာသွားပြီး သူ့စိတ်ထဲ
သိလိုသည့်အချက်အလက်များကို
တစ်ခုပြီးတစ်ခုမေးလိုက်ပါသည်။

..... ထို့နောက်တွင်တော့ ယန်ယဲ့သည်
အလင်း၏အမြန်နှုန်း နှင့်
ကောင်းကင်ဖျက်ဆီးခြင်းဓားကို နေ့တိုင်း
အဆက်မပြတ်လေ့ကျင့်ခဲ့သည်။
အဘိုးအိုလုယန်၏ လမ်းညွှန်သင်ပြမှုကြောင့်
သူက အလင်း၏အမြန်နှုန်းကို
ပို၍နားလည်လာခဲ့ပါသည်။

...

တစ်လမျှကြာပြီးနောက်တွင် ယန်ယဲ့သည် အလင်း၏အမြန်နှုန်း ကို အဆင့် ၁ သို့ရောက်ခဲ့ပြီး ကောင်းကင်ဖျက်ဆီးခြင်းဓား ၇ ကြိုးထပ် ပေါင်းစပ်နိုင်ခဲ့လေသည်။

မိုးကြိုးငါးသွယ်ဓားကျင့်စဉ်၏ အဆင့် ၃ နှင့် အလင်း၏အမြန်နှုန်း အဆင့် ၁ ဖြင့် မြှင့်တင်ထားသည့် ကောင်းကင်ဖျက်ဆီးခြင်းဓား ၇ ကြိုးထပ်က

အဆင့် ၉ သိုင်းကေရာဇ်များကို
အသာလေးသတ်နိုင်သည်ဟု
ယုံကြည်ထားသည်။

ထိုနေ့က သူရင်ဆိုင်တွေ့ခဲ့သည့်
မြင့်မြတ်အဆင့်၏ အဆင့် ၁ ငရဲကေရီကို
ရင်ဆိုင်ရန်ပင် ယုံကြည်မှုရှိခဲ့သည်။

ကံဆိုးစွာပင် သူ၏ကျင့်ကြံမှုကတော့ အဆင့် ၉
ချိုးဖြောက်ခြင်းနယ်ပယ်မှာသာ ရှိနေဆဲပင်။

အဘိုးအိုလုယန်၏ ပြောကြားချက်အရ
သူ့ကျင့်ကြံမှုက
အတားအဆီးရှေ့ရောက်နေပြီဖြစ်သည်။
သူက အတားအဆီးကိုချိုးဖျက်ရန်မှာ
အဆက်မပြတ် ကျင့်ကြံနေရခြင်းမဟုတ်ပေ။
နားလည်နိုင်စွမ်းနှင့် တိုက်ပွဲအတွေ့အကြုံသာ....

ထိုအရာနှစ်ခုကို ရယူနိုင်သရွေ့က
သူ့ကျင့်ကြံမှုက အဆင့် ၉
ချီးမြှောက်ခြင်းနယ်ပယ်ကနေ
သိုင်းကျောရာဇ်အဆင့် သို့
သေချာပေါက်တက်လှမ်းနိုင်မည်ဖြစ်သည်။

အကြောင်းရင်းမှာ ယခုအချိန်တွင် သူက

အဆင့် ၉

ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်အဆင့်

မှာ ရှိနေသောကြောင့်ပါ။

မြင့်မြတ်နယ်မြေကို သွားဖို့အချိန်ကျပြီ.....။

ယန်ယဲ့က ကျင့်ကြံနေရင်းဖြင့် အချိန်တစ်လ

ပြည့်သွားပြီဖြစ်ရာ ဆက်၍

ကျင့်ကြံမနေတော့ပေ။

သူ ချီဘူဖန်းနှင့် တွေ့ဆုံရန်
ချိန်းဆိုထားသည့်ရက်က
ရောက်လာပြီမဟုတ်ပါလား။
ထို့နောက် သူတို့နှစ်ဦးလုံး မြင့်မြတ်နယ်မြေသို့
ခိုးဝင်မည်ဖြစ်သည်။

"နင် တကယ်ပဲ ဘယ်သူ့ကိုမှ
ခေါ်မသွားဘူးလား" တင်းရှောက်ယောင်က
ရှေးဟောင်းဒိုမိန်းမြို့၏ အပြင်ဖက်တွင်
ရပ်နေသည့် ယန်ယဲ့ကို စိုက်ကြည့်နေသည်။
ရှောင်ယူ့ရှီ၊ အန်နန်ကျင်း၊ စုချင်းရှီ

နှင့်ကျန်လူများအားလုံးလည်း သူမဘေးတွင် ရပ်နေကြသည်။

ယန်ယဲ့က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး "ငါ အဲဒီကို အလည်အပါတ်သွားတာမဟုတ်ဘူးလေ။ သတ်ဖို့လည်း မသွားဘူး။ ဒီတော့ နည်းလေလေ ပိုကောင်းလေပဲ။ ဒါ့ပြင် မင်းတို့အားလုံး တောင်ပိုင်းနယ်မြေမှာနေပြီး အကြီးအကဲမူ၊ စီနီယာလု နဲ့ တခြားသူတွေရဲ့ အကာအကွယ်အောက်မှာရှိနေမှပဲ ငါစိတ်သက်သာရာရလိမ့်မယ်။"

"နင် ဘာလို့ မြင့်မြတ်နယ်မြေ ကို
သွားနေတာလဲ။
အတိအကျပြောလို့မရဘူးလား။"
တင်းရှောက်ယောင် က အသံတိုးတိုးဖြင့်
မေးလိုက်သည်။

ယန်ယဲ့က သူမကို ကြည့်ရင်း ပြောလိုက်၏။
"တစ်ခုခုယူဖို့။ ဒါကြောင့် အားလုံးက
စိတ်ပူစရာမလိုပါဘူး။”

"ငါတို့က ဘယ်လိုလုပ်စိတ်မပူပဲနေမှာလဲ?"
ချင်ရှီယူက မကျေနပ်အော်ဟစ်လိုက်သည်။
“နင့်ရဲ့စရိုက်က အစွန်းရောက်လွန်းတယ်လေ။
နည်းနည်းပါးပါးလေး
ရန်ဖြစ်စကားများရင်တောင်
ဓားနဲ့တန်းဖြေရှင်းလိုက်တာပဲ။ နင့်ရဲ့
စိတ်သဘောထားအရဆို အဲဒီကို ရောက်တာနဲ့
အကြီးအကျယ် လူပ်ခတ်အောင်လုပ်မှာ
သေချာတယ်!”

တင်းရှောက်ယောင်ကလည်း
ခေါင်းညိတ်လိုက်ကာ "နင့်ရဲ့စရိုက်ကို

ပြောင်းရမယ်။
နည်းနည်းလေးအလျှော့ပေးလိုက်တာက
တစ်ခါတစ်လေမှာ နင့်ကို
အကျိုးအမြတ်ရသွားစေနိုင်တယ်။
အထူးသဖြင့်တော် နင်က မြင့်မြတ်နယ်မြေကို
ဝင်တော့မှာလေ။  အဲဒီမှာ မရေမတွက်နိုင်တဲ့
ပညာရှင်တွေ ရှိတယ် ဆိုတော့ နင့်စိတ်ကြိုက်
လုပ်လို့မရတော့ဘူး။ နားလည်လား?"

"ငါတို့အကျိုးအတွက်လုပ်လုပ်မလုပ်လုပ်!
နင်တစ်ခုခုမလုပ်ခင်
ငါတို့အကြောင်းစဥ်းစားပြီး... မဟုတ်သေးဘူး၊

ယန်နင်ရှဲလေးကိုထည့်တွက်ပေးပါ!"
စုချင်းရှီက ယန်ယဲ့ကို စိုက်ကြည့်၍
ပြောလိုက်လေသည်။

ကျန်လူများက စကားမပြောကြပေ။ သို့သော်
သူတို့၏ အကြည့်များက
ထိုအတိုင်းပဲဟုပြောပြနေပါသည်။

ယန်ယဲ့က အကူအညီမဲ့စွာပဲ
ရယ်မောလိုက်ပါတော့သည်။ သူက
"မင်းတို့ရဲ့အမြင်မှာ ငါက ကိုယ့်ကိုယ်ကို

ဒုက္ခရောက်အောင် လုပ်ရတာကို
အရမ်းသဘောကျတယ်လို့ ထင်နေပုံပဲ။
ကောင်းပြီ....ကောင်းပြီ။ ငါ အဲဒီကိုရောက်ရင်
အမြဲတမ်း ကိုယ့်ကိုယ်ကို နှိမ့်ချပြီးနေမယ်။
ဟုတ်ပြီလား.... တစ်ယောက်ယောက်က ငါ့ကို
ပြဿနာမရှာရင် ငါလည်း ဘယ်သူ့ကိုမှ
ပြဿနာမရှာဘူး"

ယန်ယဲ့က တည်ကြည်သောအမူအရာဖြင့်
သူ့ကို စိတ်မပူပန်စေတော့ရန် ထပ်ပြီး
ပြောလိုက်ပါသည်။

ထိုအချိန်တွင် တင်းရှောက်ယောင်က သူမ၏
လက်ဖဝါးကို လှန်လိုက်ရာ
သိုလှောင်လက်စွပ်တစ်ကွင်း ပေါ်လာသည်။
သူမက ယန်ယွဲ့ကို ကြည့်ရင်း "ဒီမှာ
တာအိုအဆင့် ဓား ၁၀၀ ရှိတယ်။
မြင့်မြတ်သောဟန်အင်ပါယာရဲ့
ဘဏ္ဍာတိုက်ထဲကနေ ငါတို့ရလာတာအကုန်ပဲ။
နင်က မြင့်မြတ်နယ်မြေမှာ ဒုက္ခမရှာသင့်ပေမဲ့
တခြားသူတွေရဲ့အနိုင်ကျင့်တာကို မခံပါနဲ့။
ဒီလိုမှမဟုတ်ရင်
နင့်အတွက်နာကျင်ဝမ်းနည်းမှုနဲ့သေရမယ့်သူ
တွေအများကြီးရှိတယ်!"

"ရေခဲနှင်းဆီ၊ နင်လည်း
စိတ်မချဖြစ်နေတာမဟုတ်ဘူးလား။"
ချင်ရှီယူက ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး
"ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီလူယုတ်မာက
အခုအချိန်မှာ
ဇနီးမယားအနည်းငယ်ရှိနေပြီဆိုတော့ နင်
ငါတို့နဲ့ထပ်ပေါင်းရင်တောင် ကြီးကြီးမားမား
ကွာခြားမှုမရှိတော့ဘူး။ ငါ့အမြင်အရတော့ သူ
မြင့်မြတ်နယ်မြေကို မသွားခင်
နင်တို့နှစ်ယောက်လုံး တရားဝင်ဖြစ်အောင်
လုပ်သင့်တယ်။”

တင်းရှောက်ယောင်က ယန်ယဲ့ကို မကြည့်ဘဲ
"အဲလိုသာ ကြပ်ကြပ်ပြောနေ။
နင်နောင်တရလိမ့်မယ်။ အနေ့းနဲ့အမြန်ပဲ။”

ယန်ယဲ့၏ပါးစပ်ထောင့်များသည်
အနည်းငယ်လှုပ်ယမ်းသွားပြီး
သိုလှောင်လက်စွပ်ကိုမယူခင် ချင်ရှီယူကို
အတော်ကြာစိုက်ကြည့်နေမိသည်။
ထို့နောက် သူက ချင်ရှီယူ ဆီသို့
လျှောက်သွားကာ သူမ၏ခန္ဓာကိုယ်လေးကို

ပွေ့ဖက်ရင်း နဖူးကို နမ်းရှိုက်လိုက်ပြီး "ငါ
တိုက်ကြီးကနေ ထွက်သွားတဲ့အချိန်မှာ
ရှောက်ယောင် နဲ့ ပိုင်ယဲ့ စကားကို
နားထောင်ပါ။ သူတို့ရဲ့ဆုံးဖြတ်ချက်တွေကို
မကန့်ကွက်ပါနဲ့ ၊ ငါပြောတာကိုသတိရနော်။ ”

"ငါ နင့်ကို သိပ်သတိမထားမိဘူးထင်လား"
ချင်ရှီယူက ယန်ယဲ့ကို စေ့စေ့ပြန်ကြည့်ရင်း
မျက်စောင်းလှလှထိုးလိုက်သည်။

ယန်ယဲ့က စုချင်းရှီ၊ ရှောင်ယန့်ရှီ၊ အန်ပိုင်ယဲ့ နှင့် အန်နန်ကျင်း တို့ကို တစ်ချက်ငေ့ကြည့်လိုက်ပြီး "ကောင်းပြီ၊ အားလုံး ငါ့အတွက် စိတ်မပူပါနဲ့။ ငါ့မှာ ဖိနှိပ်ရေးကျောက်တုံးရှိတယ်။ ဒါကြောင့် ငါ သူတော်စင်တစ်ပိုင်းအဆင့်တွေကို ရင်မဆိုင်နိုင်ရင်တောင် လွတ်အောင် ထွက်ပြေးနိုင်သေးတယ်။ ငါက လူမိုက်မဟုတ်ပါဘူးလေ။ ငါမနိုင်ဘူးဆိုတာ မသိတဲ့တိုက်ပွဲကို ငါမတိုက်ဘူး။”

"နင်ပြန်လာတာကို ငါတို့စောင့်နေမယ်!" စုချင်းရှီက အောက်နှုတ်ခမ်းကို ဖိကိုက်ကာ ပြောလိုက်ပါသည်။

အန်ပိုင်ယွဲ့က အနည်းငယ်ပြုံးကာ "သတိထားပါ၊ နင့်ရဲ့စိတ်သဘောထားကို အတတ်နိုင်ဆုံး ထိန်းချုပ်ဖို့ မမေ့ပါနဲ့!"

ရှောင်ယုရှီကလည်း ယန်ယွဲ့ကို စိုက်ကြည့်ရင်း "နင်ပြန်မလာနိုင်ရင် နင့်ကိုယ်စား လက်စားချေဖို့ ငါ မြင့်မြတ်နယ်မြေကို

သွားမယ်။ နင်သေရင် ငါလည်း

နင်နဲ့အတူလိုက်သေမယ်!”....(ကတောက်ကွာ

😫)

၇၇၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၇၉ - ထွက်ခွာပြီ

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး အန်နန်ကျင်းကို စိုက်ကြည့်လိုက်သည်။ သူမက "နင်ပြန်မလာရင် ငါလက်စားချေမယ်" ဟု ပြောပြီး ဘာစကားမှ ထပ်မပြောတော့ပေ။

ယန်ယဲ့လည်း ရယ်ရမလား ငိုရမလားပင်မသိတော့ပါ။ သူက အန်နန်ကျင်း ဆီသို့ လျှောက်သွားပြီး သူမကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

အန်နန်ကျင်း၏

နူးညံ့သိမ်မွေ့သောခန္ဓာကိုယ်လေးက

အနည်းငယ် တောင့်တင်းသွားပြီး
အဆိပ်တက်နေသကဲ့သို့ပင်။

ယန်ယဲ့က မြင်းမြီးဖြင့် စီးနှောင်ထားသည့်
သူမ၏ဆံပင်ရှည်ကို ညင်သာစွာ
ပွတ်သပ်ပေးလိုက်ပြီး "ငါပြန်လာရင်
သိုင်းကေရာဇ်အဆင့်မှာ သေချာပေါက်
ရှိနေမှာပါ။ မင်းလည်း သိုင်းကေရာဇ်အဆင့် မှာ
ရှိနေလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်!"

ထိုစကားပြောပြီးသည်နှင့် သူမကို
သူ့ရင်ခွင်ထဲမှ လွှတ်လိုက်ပြီး နောက်လှည့်ကာ
အနက်ရောင်အလင်းတန်းတစ်ခုအသွင်ပြောင်း
၍ ရှေးဟောင်းဒိုမိန်းမြို့ရှေ့ကနေ
ပျောက်ကွယ်သွားပါတော့သည်။

ယန်ယွဲ့သည် ဓားပျံကို စီးနင်းနေရင်း
တောင်ပိုင်းသမုဒ္ဒရာ ဆီသို့
အရှိန်ပြင်းပြင်းခရီးနှင်နေသည်။

ဤအခိုက်တွင် ခရမ်းရောင်မင့်ခ်ကလေးက
သူ့ပုခုံးပေါ်မှာ အကျအနထိုင်နေပြီး
နတ်ဝိညာဉ်သစ်သီးနှစ်လုံးကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်ထားသည့် လဲ့လင်က သူ့ရှေ့မှာ
ရပ်နေသည်။

ယန်ယဲ့က ထိုအငယ်လေးနှစ်ဦးကို
သူနဲ့အတူခေါ်မလာချင်ပေ။
သို့ရာတွင် ထိုကလေးနှစ်ဦးက
သူ့အနားကနေမခွာဘဲ
အတင်းတွယ်ကပ်နေသဖြင့် ရွေးချယ်စရာမရှိပဲ
ခေါ်လာလိုက်ရသည်။

အထူးသဖြင့် ခရမ်းရောင်မင့်ခ်ကလေးပါ။

သူမလေးက သူနဲ့အတူ

လိုက်ပါရန်အတင်းအကြပ်ပြောနေသောကြော

င့် ယန်ယဲ့လည်း

အတော်လေးအကူအညီမဲ့နေသည်။

သူ ငြင်းပယ်ရန် ကြိုးစားသည့်အခါတိုင်း

သူမလေး၏ မျက်လုံးသေးသေးလေးများကနေ

မျက်ရည်များ စီးကျလာသဖြင့်

သူမကိုခေါ်လာရန်သာ ဆုံးဖြတ်လိုက်ရပါသည်။

လဲ့လင် ။ သူမလေးကတော့ ယန်ယဲ့၊

ခရမ်းရောင်မင့်ခ်ကလေးတို့နှင့်သာ

ရင်းနှီးသဖြင့် အစကတည်းက ခေါ်ဆောင်လာခြင်းပင်။

ယန်ယွဲ့က သူ့ရှေ့ရှိ လဲ့လင် ၏ ခေါင်းကို ပွတ်သပ်ရင်း ရုတ်တရက် "မင်းဒီမှာရှိနေရင် ဘာလို့ ပုန်းနေသေးတာလဲ!"

စကားဆုံးသည်နှင့် ညာဖက် မီတာ ၃၀ ကျော်အကွာမှ အလင်းတန်းတစ်ခု ပေါ်လာပြီး သူ့ဘေးနားသို့ ပျံသန်းလာသည်။

"မင်း တကယ်ပဲ မြင့်မြတ်နယ်မြေကို သွားဖို့ ရည်ရွယ်ထားတာလား။"
အလင်းစက်ဝိုင်းထဲကနေ ချီဘူဖန်း၏ အသံ ထွက်ပေါ်လာသည်။

"မင်းဘယ်လိုထင်လဲ?" ယန်ယွဲ့က မေးခွန်းတစ်ခုနဲ့ ပြန်ဖြေလိုက်၏။

ချီဘူဖန်း က "မင်း မြင့်မြတ်နယ်မြေကို ဝင်တာနဲ့ မြင့်မြတ်နယ်မြေ ရဲ့ သူတော်စင်တစ်ပိုင်းအဆင့်တွေကချက်ချင်းသ

တိပြုမိမှာပဲ။ ဟမ်? ခဏနေဦး။ မင်းရဲ့
အရှိန်အဝါကို ငါတောင် သတိမပြုမိလိုက်ဘူး။
အဲဒီသူတော်စင်တစ်ပိုင်းအဆင့်က
မင်းရဲ့အရှိန်အဝါကို ဖုံးကွယ်ဖို့
ကူညီပေးခဲ့တာထင်တယ်!”

ယန်ယွဲ့သည် မြင့်မြတ်နယ်မြေကို မှန်းတီးနေပြီး
ဖျက်ဆီးပစ်ချင်သော်လည်း လူမိုက်မဟုတ်ပေ။
သူက မြင့်မြတ်နယ်မြေကို မသွားခင်
အဘိုးအိုလုယန် ဆီကနေ အကူအညီတချို့
တောင်းခံခဲ့သည်။ ထို့နောက်
အဘိုးအိုလုယန်က သူ့အရှိန်အဝါကို

ဖုံးကွယ်ပေးခဲ့သဖြင့် မြင့်မြတ်နယ်မြေသို့
ဝင်ရောက်ပြီးနောက် အတော်လေး
အဆင်ပြေသွားစေမည်။

"မင်းရဲ့အရှိန်အဝါကို ဖုံးကွယ်ထားပေမဲ့ မင်း
မြင့်မြတ်နယ်မြေကို ဝင်ပြီးတာနဲ့
သတိထားသင့်တယ်။ အဲဒီအချိန်မှာ မင်းက
အလေးအနက်မထားဘဲ
သတိလက်လွတ်ဖြစ်သွားရင် သေလိမ့်မယ်။”
ချီဘူဖန်းက တိုးညှင်းသော အသံဖြင့်
ပြောသည်။

ယန်ယဲ့က ချီဘူဖန်းကို တစ်ချက်ကြည့်လိုက်ပြီး "ငါက မင်းလိုလူပဲလေ။ ငါ သတ်နိုင်တယ်ဆိုရင် အရင်ကတည်းက မြင့်မြတ်နယ်မြေကို တိုက်ခိုက်ခဲ့တာကြာပြီ။ တကယ်တော့ ငါ တော်တော် အံ့သြသွားမိတယ်။ လွန်ခဲ့တဲ့နှစ်တွေ က မင်းတို့ ပိုင်ဆိုင်ထားတဲ့ အရင်းအမြစ်တွေ၊ ခွန်အားတွေက အရမ်းကြောက်စရာကောင်းသလို သေလည်းမသေနိုင်ဘူး။ ဒါပေမဲ့ မင်းတို့အားလုံး ဘာလို့ ဒီလောက်တောင် ဆိုးဆိုးရွားရွား ဖြစ်သွားတာလဲ"

"ငါတို့ရဲ့မာနက ငါတို့ရှုံးနိမ့်ရခြင်းရဲ့ အကြောင်းရင်းပဲ!" ချီဘူဖန်းက လေးနက်သောလေသံဖြင့်ပြောခဲ့သည် "လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀,၀၀၀ တုန်းက ငါတို့အားလုံး အာကာသနယ်မြေတွေကို ဖြတ်သွားရင်း  စည်းလုံးနေတုန်းပဲ။ ဒါပေမဲ့ ဒီဒေသကို ရောက်တာနဲ့ အချင်းချင်း ရန်ဖက်တွေဖြစ်ပြီး အကျိုးအမြတ်အတွက်နဲ့ အချင်းချင်း သတ်ဖြတ်ခဲ့ကြတယ်။

ဟုတ်တယ်။ တစ်ခုရှိတာက ငါတို့တွေ ဒီဒေသက ပညာရှင်တွေကို လျှော့တွက်ခဲ့တာပဲ။

ဒီနေရာမှာရှိတဲ့ ပညာရှင်တွေက ငါတို့ကမ္ဘာရဲ့ပညာရှင်တွေထက် အဆင့်နိမ့်ပေမဲ့ အားနည်းတယ်လို့ မယူဆနိုင်ဘူး။

ငါတို့က သူတို့ရဲ့လှည့်ကွက်တွေထဲမှာ မျောပါပြီး အချင်းချင်းသတ်ဖြတ်ကြတယ်။ နောက်ဆုံးတော့ အကုန်လုံး ဒီနေရာမှာ ချုပ်နှောင်ခံလိုက်ရတာပဲ။"

ယန်ယဲ့ က မေးလိုက်သည် "တကယ်လို့
နယ်ခြားမိစ္ဆာတွေအကုန်လုံး
နတ်ဆိုးအကျဉ်းထောင်ကနေ
လွတ်မြောက်သွားပြီဆိုရင် သူတို့ရဲ့
စွမ်းအားတွေက တိုက်ကြီးတစ်ခုလုံးကို
ဖျက်ဆီးဖို့ လုံလောက်မှာလား။"

“မဟုတ်ဘူး!” ချီဘူဖန်းက ခေါင်းခါသည်။ "
ငါတို့က နှစ်ပေါင်း ၁၀၀,၀၀၀ တိတိ
ချုပ်နှောင်ခံထားရတဲ့အပြင်ကိုမှ
မူလခရမ်းရောင်စွမ်းအင်လည်း မရှိဘူးဆိုတော့

ငါတို့ရဲ့ခွန်အားက အတော်လေး
ကျဆင်းသွားပြီ။
ဒါ့အပြင် မြင့်မြတ်နယ်မြေက လွန်ခဲ့တဲ့နှစ်
၁၀၀,၀၀၀ တစ်လျှောက်လုံး သေချာပေါက်
ပြင်ဆင်နေခဲ့မှာလေ။
နတ်ဆိုးအကျဉ်းထောင်ကနေ ငါတို့အကုန်လုံး
လွတ်မြောက်လာတော့မှာကို သိနေတာတောင်
စိုးရိမ်နေတဲ့ပုံမပေါ်ဘူး။
အခုထိ တည်တည်ငြိမ်ငြိမ်ပဲရှိနေတယ်။
ငါ့အထင် ဒီကိစ္စမှာ ကောင်းကင်ပြင်ပက
အင်အားစုတွေကို အစိုးရိမ်ဆုံးပဲ။
မြင့်မြတ်နယ်မြေက ဒါလောက်ငြိမ်သက်ပြီး

တည်ငြိမ်နေပုံထောက်ရင်
ကောင်းကင်ပြင်ပကနေ အကူအညီရထားတာပဲ
ဖြစ်ရမယ်။"

“ကောင်းကင်ပြင်ပက ပညာရှင်တွေ ဒီကမ္ဘာကို
ဆင်းလာနိုင်တာလား” ယန်ယဲ့က
မျက်မှောင်ကြုတ်လိုက်သည်။
အကယ်၍ ကောင်းကင်ပြင်ပ၏ ပညာရှင်များ
တိုက်ကြီးသို့ ဆင်းသက်လာပါက
တိုက်ကြီးတစ်ခုလုံးရှိ အင်အားစုများနှင့်

နယ်ခြားမိစ္ဆာများ ပူးပေါင်းထားလျှင်ပင် ၎င်းတို့ကို ရင်ဆိုင်ရန် မလုံလောက်ပါ။ နောက်ဆုံးတော့ သူတော်စင်တစ်ပိုင်းအဆင့်နှင့် သိုင်းသူတော်စင် ကြားမှ ကွာဟချက်ကမည်မျှကြီးမားသည်ကို လူတိုင်း သိထားကြသည်မဟုတ်ပါလား။

"မဟုတ်ဘူး၊ သူတို့လည်း အောက်ဘုံကိုဆင်းမလာရဲဘူး။" ချီဘူဖန်းက "တကယ်လို့ သိုင်းသူတော်စင် တစ်ယောက်ယောက်သာ ဒီကမ္ဘာကိုဆင်းလာရင် ငါက

သိုင်းသူတော်စင်အဆင့်ကို ချက်ချင်း

တက်သွားနိုင်ပြီ။

ဒါ့အပြင် နတ်ဆိုးအကျဉ်းထောင်မှာ

ချိတ်ပိတ်ခံထားရတဲ့ နယ်ခြားမိစ္ဆာတွေထဲမှာ

အနည်းဆုံး အယောက် ၂၀ လောက်

သိုင်းသူတော်စင်အဆင့်ကို ချက်ချင်း

ရောက်နိုင်တယ်။

ငါတို့တွေသာ သိုင်းသူတော်စင်

ဖြစ်သွားပြီဆိုရင် ငါတို့က ဒီကမ္ဘာရဲ့

ကောင်းကင်ဘုံကို ဖျက်ဆီးဖို့အသာလေးပဲ။

အဲဒီအချိန်မှာ....။ ဟီးဟီး…."

"သူတို့က အောက်ဘုံကို သိုင်းသူတော်စင်တွေ မလွှတ်နိုင်ရင် မြင့်မြတ်နယ်မြေ ကို ဘယ်လိုကူညီမှာလဲ။" ယန်ယဲ့က ပြောနေရင်းဖြင့် မျက်မှောင်ကြုတ်လိုက်သည်။

"အဲဒါတော့ ငါလည်းမသိဘူး။"ချီဘူဖန်းက ခေါင်းခါပြီး ပြောလိုက်သည်။ "ဒါပေမဲ့ သူတို့ ကောင်းကင်ပြင်ပရဲ့အကူအညီကို မရခဲ့ဘူးဆိုရင် မြင့်မြတ်နယ်မြေရဲ့အင်အားလောက်နဲ့ ငါတို့ကို တားဖို့ မလုံလောက်ပါဘူး။ အတိုချုပ်ပြောရရင်

အနာဂတ်မှာ မြင့်မြတ်နယ်မြေ နဲ့ ငါတို့ကြားက
သေခြင်း၊ ရှင်ခြင်း စစ်ပွဲတစ်ခုဖြစ်လာမှာ
သေချာတယ်။

ဟေး ... အဲဒီအချိန်ရောက်ရင် မင်းဘယ်ဖက်က
ကူမှာလဲ" လက်ရှိတွင် ဆန်းကြယ်တိုက်ကြီး၏
အင်အားစုများကို လျှော့တွက်၍မရပါ။

အဘယ်ကြောင့်ဆိုသော်
သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးရှိပြီး
သူတော်စင်တစ်ပိုင်းအဆင့် ဒါဇင်ကျော်ကို
တစ်ယောက်တည်း ရင်ဆိုင်နိုင်သည့်
သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး
ရှိနေသောကြောင့်ပါ။

အခြေအနေအရ ပြောရလျှင် တိုက်ကြီး၏
ရပ်တည်မှုက နှစ်ဖက်လုံးအတွက်
အလွန်အရေးပါလှသည်။

ယန်ယဲ့က လဲ့လင်၏ ခေါင်းကို ပွတ်သပ်ကာ
ပြောလိုက်သည်။ " ပထမတော့၊ ငါနဲ့
မြင့်မြတ်နယ်မြေကြားက ရန်ငြိုးတွေက
သေချာပေါက် ညှိနှိုင်းလို့ မရဘူး။ ဒီတော့
ငါတို့ကြားမှာလည်း တိုက်ပွဲဖြစ်မှာ
သေချာတယ်။

နယ်ခြားမိစ္ဆာတွေလား? မင်းတို့နဲ့
ပတ်သက်ရင်တော့ ငါက မင်းတို့တွေနဲ့

ရန်သူဖြစ်ဖို့ ရည်ရွယ်ချက်မရှိဘူး။ ဒါပေမဲ့ မင်းတို့အားလုံး ဘယ်လောက် မာနကြီးပြီး ဘဝင်မြင့်တယ်ဆိုတာ ငါမြင်ဖူးပြီးသွားပြီ။ ဒါကြောင့် ငါက မင်းတို့အားလုံးနဲ့ ပြဿနာမဖြစ်အောင် ရှောင်နေရင်တောင်မှ ငါ့ကို ပြဿနာအရှာမခံရတော့ဘူးလို့ မဆိုလိုဘူးလေ။ ဒါကြောင့် ငါနဲ့ နယ်ခြားမိစ္ဆာတွေကြားမှာလည်း စစ်ပွဲဖြစ်နိုင်တယ်!"

ချီဘူဖန်းက ခဏတာ ငြိမ်သက်သွားပြီး "အဲဒါက ပြောစရာတောင် မလိုပါဘူး။

ဖြစ်နိုင်ချေက အရမ်းများတယ်။
နတ်ဆိုးအကျဉ်းထောင်ထဲမှာ
ချုပ်နှောင်ခံထားရတဲ့ တချို့တွေက
တကယ့်ကိုမောက်မာတဲ့အရှုးတွေချည်းပဲများ
တယ်။

သူတို့မျိုးသိပ်ထားတဲ့ နှစ်ပေါင်း
(၁၀၀,၀၀၀)တိတိ နာကြည်းမှုတွေကို
ဖြေဖျောက်ဖို့ ဆန်းကြယ်တိုက်ကြီးကို
ဦးလှည့်လာမှာတော့ သေချာတယ်။ မဟုတ်ဘူး၊
တစ်နည်းပြောရရင် သူတို့က
မြင်သမျှသူတိုင်းကို သတ်မှာ။"

ယန်ယွဲ့က ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်၏။

"ငါ့အတွက် အရေးမကြီးပါဘူး။ ဘာပဲဖြစ်ဖြစ် ငါလည်း သူတို့ကို သတ်နိုင်တယ်!”

ချီဘူဖန်းက ယန်ယွဲ့၏ အပြောကြောင့် စကားမပြောနိုင်လောက်အောင် ခံစားလိုက်ရသည်။

သူက ခဏတာ ငြိမ်သွားရင်းက ရုတ်တရက် မေးလိုက်သည်။

"ငါတကယ် သိချင်နေတယ်။ အဲအချိန်တုန်းက အနက်ရောင်ဝတ်လူကို မင်းဘယ်လိုလုပ်ခဲ့တာလဲ။” ယန်ယဲ့က အဆိုပါ နယ်ခြားမိစ္ဆာအား သတ်ပစ်ခဲ့သည်မှာ သံသယဖြစ်စရာပင်။ တကယ်မဖြစ်နိုင်လို့ပါ!

"ငါက မင်းကို ဘာလို့လိမ်ရမှာလဲ" ယန်ယဲ့က အေးစက်စက် လေသံဖြင့် "လက်ရှိအကြောင်းအရာကို ပြန်စရအောင်။ ငါတို့ မြင့်မြတ်နယ်မြေကို ရောက်တာနဲ့ စပြီးသတ်သင့်လား ဒါမှမဟုတ်

တစ်နေရာရာမှာ ပုန်းအောင်းပြီး
အခွင့်အရေးကိုစောင့်နေမှာလား။"

၇၈၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၀ - သူတော်စင်ရှင်းယွန် လား.....

"ဟုတ်တယ်၊ ပုန်းနေရမှာ!" ချီဘူဖန်းက
ခေါင်းညိတ်ကာ ဆက်ပြောသည်။

"ငါ့ရဲ့လက်ရှိအစွမ်းက မြင့်မြတ်နယ်မြေရဲ့
ပညာရှင်အတော်များများကို သတ်နိုင်တယ်။
ဒါပေမဲ့ လောလောဆယ် ငါ့ကိုယ်ငါ
ဖုံးကွယ်ထားပြီး သိပ်မကြာခင်အချိန်မှ စမှာ။
ပြောရမယ်ဆိုရင် ငါတို့က
လုံခြုံတဲ့နေရာတစ်ခုမှာ ပုန်းအောင်းပြီး အ
ခြေအနေကို အရင်ဆုံး စောင့်ကြည့်သင့်တယ်။

မင်းကရော? အဲဒီကိုရောက်တာနဲ့
တန်းပြီးသတ်ပစ်ဖို့ ရည်ရွယ်ထားတယ်လို့
မပြောနဲ့။ ဒီလိုမျိုးဆိုရင် မင်းအလောင်းကို
သင်္ဂြိုဟ်ဖို့ အုတ်ဂူနဲ့

နာမည်လှလှလေးရေးပေးနိုင်အောင်
အရင်စီစဉ်ထားလိုက်မယ်။”

"ချီး....။ အရူးတစ်ယောက်ကပဲ
ဒီလိုလုပ်လိမ့်မယ်!" ယန်ယဲ့က ချီဘူဖန်း ကို
ကျိန်ဆဲလိုက်သည်။

"ဟားဟား!!" ချီဘူဖန်းက ရယ်မောကာ
ရုတ်တရက် "ငါတို့ မကြာခင်ရောက်တော့မယ်။
ဟဲဟဲ ၊ ဘာပဲဖြစ်ဖြစ် ဂရုစိုက်ပါ !”

“ဝင်ပေါက်ကို စောင့်ကြပ်နေတဲ့ မြင့်မြတ်နယ်မြေရဲ့ အဆင့်မြင့်ပညာရှင်တွေရှိသလား။" ယန်ယဲ့က မေးလိုက်၏။

"မဟုတ်ဘူး၊ ဒါပေမဲ့ မြင့်မြတ်နယ်မြေ ဖက်မှာတော့ အစောင့်တွေရှိတယ်။"

"ဘယ်လောက် သန်မာလဲ"

"အများကြီးတော့မဟုတ်ပါဘူး။
သူတော်စင်တစ်ပိုင်းအဆင့်တွေပါပဲ…”

သူတော်စင်တစ်ပိုင်းအဆင့်…. ။ ယန်ယဲ့သည်
အလင်းစက်ဝိုင်းထဲရှိ ချီဘူဖန်းကို
အချိန်တော်တော်ကြာသည်ထိ
စိုက်ကြည့်လိုက်သည်။

ချီဘူဖန်းက တည်ငြိမ်နေသောကြောင့်
သူတော်စင်တစ်ပိုင်းအဆင့်များကို
မကြောက်ကြောင်းသိသာနေပါသည်။

မှန်ပါသည်။ သို့သော် ၎င်းက သူတော်စင်တစ်ပိုင်းအဆင့်များကို သတ်နိုင်သည်ဟုတော့ မဆိုလိုပေ။ သူတော်စင်တစ်ပိုင်းအဆင့် နှင့် ထိပ်တိုက်ရင်ဆိုင်နိုင်သည်ဟု ဆိုလိုခြင်းသာ။

"ဘာလဲ? မင်းကြောက်နေတာလား။" ယန်ယဲ့ နှုတ်ဆိတ်နေချိန်တွင် ချီဘူဖန်း၏ အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယဲ့သည် ခရမ်းရောင်မင့်ခ်ကလေးနှင့်
လဲ့လင် တို့နှစ်ဦးလုံးကို အသာ ပုတ်လိုက်သည်။
နှစ်ယောက်စလုံးက သူ့ရည်ရွယ်ချက်ကို
နားလည်ကြဟန်ဖြင့် မူလစေတီ ထဲသို့
ဝင်ရောက်သွားကြသည်။

ထို့နောက်တွင် သူက ချီဘူဖန်း
ဖက်ကိုလှည့်ကြည့်ကာ ပြောလိုက်၏။ "ငါသာ
ကြောက်နေရင် ဒီခရီးကို
အစကတည်းကမလာဘူး။"

ချီဘူဖန်းက ပြုံးပြီး "မင်းဟာ ဒီကမ္ဘာပေါ်မှာ
ငါနှစ်သက်တဲ့ ပထမဆုံးလူလို့ ငါခံစားရတယ်။

အနာဂတ်မှာ ရန်သူတွေမဖြစ်ဖို့
မျှော်လင့်ပါတယ်။ ဘာလို့လဲဆိုတော့
မင်းကိုသတ်မိရင်
ငါအတော်လေးနှောင်တရလိမ့်မယ်!"

ယန်ယဲ့က ၎င်းကို စူးစိုက်ကြည့်ကာ "မင်းလည်း ဒီလိုယုံကြည်မှုအပြည့်နဲ့ပြောတာက ငါနဲ့ ခပ်ဆင်ဆင်တူတယ်"

"ဟားဟား! ငါ မင်းကို သတ်ပစ်ဖို့
စိတ်နည်းနည်းလေးပဲ ရှိတာပါ!" ချီဘူဖန်း၏

ရယ်မောသံက အလင်းစက်ဝိုင်းထဲကနေ
ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ယန်ယဲ့က ချီဘူဖန်းကို အာရုံမစိုက်ဘဲ
သူ့အရှိန်ကိုသာမြှင့်လိုက်သည်။
အလားတူပင် ချီဘူဖန်း သည်လည်း
စကားမပြောတော့ပေ။ အလင်းစက်ဝိုင်းက
အရှိန်ပြင်းပြင်းဖြင့် ရှေ့ကို ပြေးထွက်သွား၏။

တစ်ရက်တာနီးပါး ပျံသန်းပြီးနောက်
နောက်ဆုံးတွင် သူတို့နှစ်ဦးက
ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်ရှိလာခဲ့သည်။

အုန်း!

သူတို့နှစ်ဦး ကျွန်းပေါ် ဆင်းလိုက်သည်နှင့်
သမုဒ္ဒရာထဲကနေ ရောမရေတိုင်လုံးကြီးတစ်ခု
ရုတ်တရက် ကောင်းကင်ထက်ကို
ထိုးတက်လာပါသည်။

"မင်းတို့ဘယ်သူလဲ? ငါ့နယ်မြေထဲကို ဘယ်လိုကျူးကျော်ရဲတာလဲ။ အသက်ရှင်ရတာ ပင်ပန်းနေပြီလား" လူမရောက်ခင်မှာပဲ အေးစက်စက်မောက်မာသံတစ်ခု ထွက်ပေါ်လာသည်။

ထို့နောက်တွင်တော့ နက်ပြာရောင်ဝတ်ရုံရှည်နှင့် အဘိုးအို ၃ ဦးက ယန်ယွဲ့နှင့် ချီဘူဖန်း တို့ရှေ့မှာပေါ်လာကြသည်။

"သိုင်းကေရာဇ် ။ " ယန်ယွဲ့က မုတ်ဆိတ်မွေးရှည်နှင့်အဘိုးအိုထံမှ သိုင်းကေရာဇ် အော်ရာကို ခံစားမိလိုက်သည်။

ထို့အပြင် ထိုအဘိုးအိုက အနည်းဆုံး အဆင့် ၅ သိုင်းကျောဇ် ဖြစ်၏။

ယန်ယဲ့က သူ့အကြည့်ကို ပြန်ရုတ်ကာ သူ့အား စိုက်ကြည့်နေသည့် ချီဘူဖန်းကို ပြန်ကြည့်ရင်း "ငါ့ကို မကြည့်နဲ့၊ ငါလည်း မသိဘူး။ အဲ့ဒီနေ့က ငါဒီကိုရောက်တုန်းက ဒီလူတွေကို တစ်ခါမှမတွေ့ဖူးဘူး။"

"ဘယ်လောက်တောင် မောက်မာနေတာလဲ။"

မုတ်ဆိတ်မွေးရှည်အဘိုးအိုက နှစ်ယောက်လုံးကို

ဒေါသတကြီးအော်ငေါက်ရင်း ချီဘူဖန်းကို လက်ညှိုးထိုးကာ “မင်းတို့၂ယောက်က ဘယ်ကလာတာလဲ။ ဒါက ငါဟောင်မန်ရဲ့ နယ်မြေဆိုတာ မင်းတို့ မသိဘူးလား။"

"ဒီနေရာကို ဘယ်တုန်းက တစ်စုံတစ်ယောက် ပိုင်ဆိုင်သွားတာလဲ" ချီဘူဖန်းက အူကြောင်ကြောင်နိုင်သောလေသံဖြင့် မေးလိုက်လေသည်။

ဟောင်မန် ဟုခေါ်သည့် အဘိုးအိုက
အေးစက်စွာရယ်မောပြီး "မင်းတို့နှစ်ယောက်
ဒီကို တခြားတစ်နေရာကနေ
လာခဲ့တာထင်တယ်။ ဒီနေရာကနေ ကီလိုမီတာ
သောင်းနဲ့ချီတဲ့ ဧရိယာထဲမှာရှိတဲ့
ပင်လယ်ပြင်က သူတော်စင် ရှင်းယွန် ပိုင်တယ်။
ငါက သူတော်စင်
ရှင်းယွန်ရဲ့လက်အောက်မှာရှိတဲ့ အုပ်ချုပ်သူ ၁၀
ဦးထဲက ၁၀ ယောက်မြောက်အုပ်ချုပ်သူပဲ။

ဒါက မင်းတို့ရဲ့ ပထမဆုံးအမှားဆိုတော့
မင်းတို့နှစ်ယောက်ကို ငါလွှတ်လိုက်မယ်။

ဒါပေမဲ့ မင်းတို့ ငါ့နယ်မြေထဲကို နောက်တစ်ခါ ခြေချဝံ့ရင် ငါ့ကို သနားညှာတာမှုကင်းမဲ့လို့ အပြစ်မတင်နဲ့!"

ချီဘူဖန်းက သိုင်းဂေရာဇ် တစ်ဦးဖြစ်ကြောင်း သတိပြုမိသောကြောင့် အဘိုးအို ဟောင်မန်က စကားပြောနေရင်း တစ်ချက်စိုက်ကြည့်လိုက်သည်။

ထို့အပြင် သူက ချီဘူဖန်း ထံကနေ ထွက်ပေါ်လာသော အန္တရာယ် အရိပ်အယောင်ကိုပင် ဖျတ်ခနဲ ခံစားလိုက်ရသည်။

သူတော်စင် ရှင်းယွန်....?

ယန်ယဲ့ နှင့် ချီဘူဖန်း တို့ နှစ်ယောက်စလုံး အံ့သြသွားကြသည်။

"သူတော်စင်ရှင်းယွန် ? သိုင်းသူတော်စင် လား။ ဟာသပဲ!" နှစ်ဦးလုံး စိတ်ထဲတွင် လှောင်ပြောင်လိုက်ကြသည်။

သိုင်းသူတော်စင် အသာထား၊ တောင်ပိုင်းနယ်မြေ၏ သူတော်စင်တစ်ပိုင်းအဆင့် ၄ ပါးကလွဲ၍

ဆန်းကြယ်တိုက်ကြီးတွင် မည်သည့်
သူတော်စင်တစ်ပိုင်းအဆင့် မျှမရှိတော့ပေ။

ယန်ယဲ့က ရုတ်တရက် မေးလိုက်၏။
"သူတော်စင်ရှင်းယွန်က ဘယ်သူလဲ?"

အဘိုးအိုဟောင်မန်က ချီဘူဖန်း ထံကနေ
အကြည့်လွှဲလိုက်ပြီး ယန်ယဲ့ ကို ကြည့်ရင်း
"ကောင်လေး! သိုင်းကေရာဇ် ၂
ယောက်ကြားက စကားဝိုင်းမှာ ပုရွက်ဆိတ်က

ဘာလို့ ဝင်စွက်ဖက်နေရတာလဲ"ဟု
အေးစက်စက် ပြောလိုက်သည်။

ယန်ယဲ့က စကားမပြောနိုင်လောက်အောင်
ခံစားလိုက်ရလေသည်။

“ဟားဟား!” ဤအချိန်တွင်
ဘေးမှာကပ်နေသည့် ချီဘူဖန်းက ယန်ယဲ့ကို
ကြည့်၍ ရယ်မောလိုက်လေသည်။

Book.43